# ကြေးမုံ
The Mirror Daily
Established in 1957

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 17 September 2020 ၁၀၁၃၈


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


ကြေးမုံ ယနေ့ ဖတ်စရာ

**ပြောင်းလဲလာသော အလုပ်အကိုင်လောကအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် ညီလာခံကျင်းပ**
စာမျက်နှာ » ၄

**အွန်လိုင်းမှတစ်ဆင့် MRTV ကို ကြည့်ရှုခံစားပါ**
ဆောင်းပါး စာမျက်နှာ » ၆

**ကိုဗစ် - ၁၉ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ပြည်သူများအတွက် အသိပညာပေးအစီအစဉ်**
စာမျက်နှာ » ၁၀

**ဂျပန် အာဏာရလစ်ဘရယ် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်သစ် ဆူဂါ ဝန်ကြီးချုပ်ဖြစ်လာ**
စာမျက်နှာ » ၁၁


# မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၈ ဦးအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၁၆**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၈ ဦးအား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

**တာဝန်ယူဆောင်ရွက်**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက်နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ မလေးရှားနိုင်ငံရောက် အထောက်ထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှုမှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ကွာလာလမ်ပူမြို့ မြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး မလေးရှားနိုင်ငံမှ ယနေ့အထိ ကယ်ဆယ်ရေးလေယာဉ် (၁၄)ကြိမ် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

# YBS ယာဉ်များစီးနင်းရာတွင် နှာခေါင်းစည်းမဖြစ်မနေဝတ်ဆင်ကြရန် အလေးထားဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုသည် နေ့စဉ်များပြားလျက်ရှိရာ YBS ယာဉ်များတွင် နှာခေါင်းစည်းများမဖြစ်မနေဝတ်ဆင်ကြရန် မြို့နယ်အလိုက် အသိပညာပေးမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုလျော့နည်းစေရေးအတွက် မြို့နယ်ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီကဦးဆောင်၍ YBS ယာဉ်စီးနင်းလိုက်ပါကြသူများ၊ မဖြစ်မနေလမ်းထွက်သွားလာနေကြသူများကို နှာခေါင်းစည်းဝတ်ဆင်ရေး၊ မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများ၊ ဈေးများနှင့် ဘတ်စ်ကားမှတ်တိုင်များတွင် လူစုလူဝေးများမဖြစ်စေရေး လိုက်လံနှိုးဆော်ခြင်း၊ နှာခေါင်းစည်းများအခမဲ့လိုက်လံဝေငှပေးခြင်း၊ YBS ယာဉ်များပေါ်တွင်လည်း ခရီးသည်များအား နှာခေါင်းစည်းများ အခမဲ့လိုက်လံဖြန့်ဝေခြင်း၊ ခရီးသည်များ လက်ဆေးနိုင်ရန်အတွက် လက်သန့်ဆေးရည်ဘူးများ ထားရှိပေးခြင်း၊ မြို့နယ်အတွင်းရှိ ကားမှတ်တိုင်များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသောစည်းကမ်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာစေရေးအတွက် အသံချဲ့စက်များဖြင့် လိုက်လံကြေညာခြင်း၊ ဒေသန္တရအမိန့်ထုတ်ပြန်ချက်များ ကြေညာပေးခြင်း စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# ခိုင်မာသောစိတ်ဓာတ်ဖြင့် ရင်ဆိုင်ကျော်လွှား

ကိုရိုနာဗိုင်းရပ်စ်ပိုး အတည်ပြုလူနာများကို ရန်ကုန်မြို့တွင် နေ့စဉ် ရာဂဏန်း ချီ၍ တွေ့ရှိနေသည်။ ပိုးတွေ့လူနာများ နေ့စဉ်နှင့်အမျှ တိုးလာသည်နှင့် လူနာများအား ပြုစုကုသရန် ဆေးရုံများလိုအပ်လာသည်။ ဆေးရုံသာမက ကျန်းမာရေးဆိုင်ရာ ပညာရှင်များ၊ ဆေးဝါးအထောက်အကူပြုပစ္စည်းများပါ လိုအပ်လာသည်။ ထိုစိန်ခေါ်မှုမှာ ကြီးမားပြီး ယင်းကို ကျော်လွှားနိုင်အောင် ခိုင်မာသောစိတ်ဓာတ်ဖြင့် ကြိုးပမ်းနေကြသည်ကိုတွေ့ရသည်။

တစ်နေ့လျှင် ဓာတ်ခွဲအတည်ပြုလူနာ ၂၀၀ ကျော်၊ ၃၀၀ စံချိန်တင် မြင့်မားလျက်ရှိရာ ထိုအခြေအနေကို ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန် အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အတည်ပြုလူနာများနှင့် ကူးစက်မှုနှင့် ဆက်နွှယ်သောသူများအား Quarantine စင်တာများတွင် ထားရှိရေးတို့အား စီစဉ် ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရသည်။

နေ့စဉ်ပိုးတွေ့လူနာများ အမြောက်အမြားတိုးနေခြင်း၊ ကိုဗစ်ကြောင့် သေဆုံးသူအရေအတွက် တိုးလာခြင်းတို့ကြောင့် ပြည်သူလူထုကျန်းမာရေး ဘက်တွင် ကြီးမားသောစိန်ခေါ်မှုကြီးကဲ့သို့ ဖြစ်နေသော်လည်း ခိုင်မာသော စိတ်ဓာတ်ဖြင့် ကျော်လွှားနိုင်ရမည်ဟု ယုံကြည်ထားသော ကျန်းမာရေး ရှေ့တန်းမျက်နှာစာမှ အရန်သင့်သူရဲကောင်းများနှင့် လူနာများအတွက် ကြိုတင်စီမံဆောင်ရွက်ထားမှုများကြောင့် မကြာမီကာလတွင် အခက်အခဲ များကို ကျော်လွှားနိုင်မည်ဖြစ်သည်။

ရောဂါပိုးတွေ့လူနာများအား ပြုစုကုသမှုပေးနေသည့် ကုသရေး စင်တာများ မလောက်ငပါက ရန်ကုန်မြို့တွင် ယာယီကုသရေးစင်တာများ အသင့်ပြုလုပ်ထားပြီးဖြစ်သည်။ ထောင်နှင့်ချီသော လူနာများအား နိုင်နင်း အောင် ကုသမှုပေးနိုင်ပြီး ရန်ကုန်မြို့နေ ပြည်သူများအနေဖြင့် ရောဂါ ကာကွယ်ရေး လိုက်နာရမည့်အချက်များကို မပျက်မကွက် လိုက်နာကြပါက မကြာမီကာလတွင် ရောဂါဘေးမှ ကျော်လွှားသွားနိုင်မည်ဟု ယုံကြည်ပါ သည်။ ယခုအချိန်သည် အရေးအကြီးဆုံးအချိန် ဖြစ်ပါသည်။ ရောဂါဖြစ်ပွားမှု အမြင့်မားဆုံးကာလဖြစ်၍ စိတ်ဓာတ်အင်အားကို မြှင့်တင်ပေးရမည့်ကာလ ဖြစ်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှု အခြေအနေနှင့်စပ်လျဉ်း၍ စက်တင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူ များသို့ အစီရင်ခံတင်ပြရာ၌ "ပြည်သူပြည်သားအပေါင်း ပူးပေါင်းပြီးတော့ အဓိကအားဖြင့် ရန်ကုန်မှာဖြစ်ပွားနေတဲ့ ကိုဗစ်ရောဂါထိန်းချုပ်ရေးအတွက် ဆောင်ရွက်ပေးကြပါ။ အားလုံးဟာ စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ဒီပြဿနာကို ဖြေရှင်းနိုင်မယ်၊ ဒီစိန်ခေါ်မှုကို ကျော်လွှားနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ လုပ်ပေးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်"ဟု ပြောကြားခဲ့ သည်။

ရှေ့တန်းမှဆင်နွှဲနေသော ကျန်းမာရေးဝန်ထမ်းများအားလုံးသည် ကိုဗစ်-၁၉ ကို အောင်နိုင်ရေးအတွက် စိတ်ဓာတ် ခိုင်ခိုင်မာမာ စိုက်ထူထားပြီး ဖြစ်သည်။ ပြည်သူများအားလုံး ပူးပေါင်းပါဝင်လက်တွဲပြီး ဆောင်ရွက်ပေး ဖို့သာလိုပေသည်။ ရန်ကုန်မြို့သည် ပြည်တွင်း၊ ပြည်ပ အဝင်အထွက်များရာ ဒေသဖြစ်၍ ရောဂါကာကွယ်ရေးအချက်များ လိုက်နာရန် အားနည်းသည်နှင့် ရောဂါကူးစက်မှုများ အလျင်အမြန်တိုးတက်လာခဲ့သည်။ တစ်ယောက်ချင်း တစ်ယောက်ချင်း အနည်းငယ်မျှ စည်းကမ်းလိုက်နာမှု အားနည်းသည်နှင့် ပတ်ဝန်းကျင်သို့ အများအပြား ကူးစက်သွားသည်ကို တွေ့ရမည်ဖြစ် သည်။

ထို့ကြောင့် ပြည်သူလူထုအနေဖြင့် ယခုရက်ပိုင်းအတွင်း သည်းခံ၍ စနစ်တကျ နေထိုင်ပေးကြပါရန်၊ အာရုံစူးစိုက်ပြီး ကိုယ့်ကို ရောဂါမကူး အောင်၊ ကိုယ်ကရောဂါမကူးစက်အောင် နေထိုင်ပေးရန်လိုအပ်ပါသည်။ သွားသတိ၊ လာသတိဖြင့် အန္တရာယ်သည် အမြဲရှိနေသည်ဟု သိထားရမည် ဖြစ်သည်။ နှာခေါင်းစည်းကို အမြဲတပ်ထားဖို့ လိုအပ်ပါသည်။ မိသားစု အတွင်း၌ပင် နှာခေါင်းစည်းအမြဲတပ်ထားဖို့ လိုအပ်ပါသည်။

ယခုအခါ ရန်ကုန်မြို့တွင် လူစုလူဝေးဖြစ်စေသော မြို့တွင်းခရီးသွား များ၊ မော်တော်ယာဉ်ဂိတ်များ၊ စက်ရုံအလုပ်ရုံများမှာ အရေးကြီးလာပြီ ဖြစ်သည်။ ပြည်သူများအနေဖြင့် မဖြစ်မနေ နှာခေါင်းစည်းတပ်ရန်၊ မေးစေ့ တွင် မချိတ်ထားရန်၊ လက်ကို လက်ဆေးဆပ်ပြာနှင့် ရေဖြင့်ဆေးကြောရန်၊ လက်သန့်ဆေးရည်ဆောင်ထားပြီး လက်ကိုမကြာခဏ ဆေးကြောရန်၊ လူစုလူဝေးအတတ်နိုင်ဆုံးရှောင်ရှားရန် ဟူသည့်အချက်များကို လိုက်နာလျှင် မကြာမီကာလတွင် ကိုဗစ်-၁၉ ကို ကျော်လွှားသွားနိုင်မည်ဟု ယုံကြည်ပါ ကြောင်း။ ။

# နေပြည်တော်မှ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ နေပြည်တော်အတွင်းသို့ တရားမဝင်သည့် နည်းလမ်းဖြင့် မဝင်ရောက်ကြရန် လိုအပ်ပါသည်။ တခြားဒေသများမှ ပြန်လာလျှင်လည်း အသိပေးပြီး စစ်ဆေးခံကြရန် လိုအပ်ပါသည်။ ကိုဗစ်ရောဂါ စမ်းသပ်စစ်ဆေးခကို များစွာလျှော့ချထားပါသည်။

၂။ ရန်ကုန် - မန္တလေး အမြန်လမ်းနှင့်လမ်းဟောင်းတချို့နေရာများတွင် ကားပေါ်မှဆင်းပြီး ဆိုင်ကယ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် နေပြည်တော်သို့ ဝင်ရောက်ခြင်းများရှိသည်ကို ကြားသိနေရသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှင့် ညှိနှိုင်းပြီး ကြပ်ကြပ်မတ်မတ် ထိန်းချုပ်နေသည်။

၃။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကို မိမိရပ်ကွက် / ကျေးရွာသို့ ဝင်ရောက်လာသူများ၊ ပြန်လာသူများရှိပါက ချက်ချင်းသတင်းပို့ရန်၊ ကြပ်မတ်ရန်နှင့် Quarantine စင်တာများသို့ ပို့ဆောင်ရန် ညွှန်ကြားထားသည်။

၄။ ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန် ဖြတ်သန်းမှုများနှင့်ပတ်သက်၍ အဝင်ဂိတ်များတွင် စလစ်များပေးပြီး အထွက်ဂိတ်ကို တောက်လျှောက်မောင်းနှင်ရန်၊ လမ်းတွင် တခြားနေရာများသို့ မဝင်ရောက်ရန်၊ အထွက်ဂိတ်တွင် စလစ် ပြန်အပ်ရန် ညွှန်ကြားထားပါသည်။

၅။ နေပြည်တော်ရှိ မြို့နယ်များ၌ Mask တပ်ဆင်ရေး၊ ကိုဗစ်ပညာပေးလုပ်ငန်းများကို အသံချဲ့စက်ဖြင့် လိုက်လံဆော်သြခြင်းနှင့် ညမထွက်ရအမိန့် လိုက်နာမှုရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စားသောက်ဆိုင်များတွင်လည်း ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

MYANMAR Digital News
Presented by MPI
www.mdn.gov.mm

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆-၉-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၈၀၀ | ၆၇၃ | ၆,၆၀၂,၇၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၄၇၉ | ၁,၇၇၂,၃၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁ | ၈,၀၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၀၀ | ၃၆ | ၉၈,၂၀၀ |
| EFR | ၃,၁၀၀ | ၃,၀၅၀ | ၆၈ | ၂၀၇,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၆

**ရန်ကုန်(ရွှေဈေး) ၁၃၁၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၃၀၀၀**

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၂၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၀၀/၆၂၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၇၅/၅၀၅ ကျပ် | ၅၃၅/၅၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၂၅/၄၄၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၃၅/၄၅၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၁၅/၄၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၁.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၆၈.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅.၄၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၄၅၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၉.၈၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၉၆၆ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၈.၃၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၃.၂၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၅၆.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၅၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် အဆင့်မြင့်ညီလာခံတက်ရောက်




**နေပြည်တော် စက်တင်ဘာ ၁၆**
ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့တွင် စက်တင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ အွန်လိုင်းဖြင့် ကျင်းပလျက်ရှိသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် အဆင့်မြင့်ညီလာခံ (ASEAN High–Level Ministerial Conference on Human Resource Development) သို့ တက်ရောက်၍ Panel Discussion တွင် ပါဝင်ဆွေးနွေးသည်။

**ဖြည့်ဆည်းပေးနိုင်မည်ဖြစ်**

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် ယနေ့မျက်မှောက်ခေတ်ကာလ၌ မျိုးဆက်သစ်လူငယ်များမှာ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ဂလိုဘယ်လိုက်ဇေးရှင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် ပြောင်းလဲနေသော လုပ်သားဈေးကွက်တို့၏ ကြီးမားသော စိန်ခေါ်မှုများကို ရင်ဆိုင်နေကြရပါကြောင်း၊ သို့ဖြစ်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၏ အရေးပါပုံ၊ အလုပ်အကိုင်ကောင်းများ ရရှိရေးအတွက် ပြည်တွင်းပြည်ပ ယှဉ်ပြိုင်နိုင်စွမ်းရှိသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်ထွန်းရေး၊ လူသားကောင်းတစ်ဦး ဖြစ်ရေး၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ တာဝန်ယူမှု တာဝန်ခံမှု၊ ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုတို့နှင့်စပ်လျဉ်း၍ လူငယ်များကို သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ပါကြောင်း၊ အဆိုပါအရည်အသွေးများမှာ ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည်နှင့် ဘဝတစ်သက်တာသင်ယူမှုအတွက် အရေးပါလှပါကြောင်း၊ သာယာဝပြောသော အနာဂတ်ဘဝ တည်ထောင်ရန် အလုပ်အကိုင်ကောင်းများရရှိရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်လာပါကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် ပြဿနာဖြေရှင်းမှုစွမ်းရည်၊ သင်ယူမှုစွမ်းရည်၊ ဆက်သွယ်မှုစွမ်းရည်၊ ကိုယ်ရည်ကိုယ်သွေးနှင့် လူမှုရေးဆိုင်ရာစွမ်းရည်များသည်လည်း အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအပါအဝင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်လာနေပြီဖြစ်ပါကြောင်း၊ အရည်အသွေးရှိသော ပညာရေးနှင့် နည်းပညာနှင့် သက်မွေးပညာရေးတို့သည် လုပ်သားဈေးကွက်လိုအပ်ချက် စွမ်းရည်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း။

**လုပ်ငန်းခွင်နှင့်ချိတ်ဆက်နိုင်ခွင့်**

အရည်အသွေးရှိသောပညာရေးအတွက် အခြေခံပညာသည် အခမဲ့ဖြစ်သင့်ပါကြောင်း၊ မူလတန်းပြီးမြောက်သောကလေးတိုင်း ရေးတတ်၊ ဖတ်တတ်၊ တွက်တတ်ရမည်ဖြစ်ပြီး အလယ်တန်း၊ အထက်တန်းပညာရေးအဆင့်သို့ဖြစ်စေ၊ အဆင့်တူနည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းများသို့ဖြစ်စေ ကူးပြောင်းတက်ရောက်နိုင်စေရမည်ဖြစ်ပါကြောင်း၊ လူတိုင်းသည် လုပ်ငန်းခွင်မဝင်မီ သက်ဆိုင်ရာနည်းပညာနှင့် သက်မွေးစွမ်းရည်များရရှိအောင် သင်ယူလေ့ကျင့်ပြီးဖြစ်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ လုပ်ငန်းခွင်အရည်အသွေးများ ပိုမိုတိုးတက်စေရန် ဘဝတစ်သက်တာသင်ယူမှု အခွင့်အလမ်းများကို အသုံးချရင်း တက္ကသိုလ်ပညာရေးကိုလည်း ဆက်လက်သင်ယူနိုင်ခွင့်ရှိရမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍသည်လည်း မိမိတို့၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးကဏ္ဍများနှင့် ချိတ်ဆက်လျက် ပြည်သူပိုင်နှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု၊ ကျောင်းနှင့် စက်ရုံပူးပေါင်းဆောင်ရွက်မှုများကို အားပေးသွားသင့်ပါကြောင်းနှင့် သိပ္ပံပွဲခင်းများ၊ နည်းပညာပြပွဲများနှင့် အလုပ်အကိုင်ပြပွဲများကျင်းပပေးခြင်းဖြင့် လူငယ်များအတွက် မိမိတို့၏ အသိအမြင်ဗဟုသုတများကိုဖလှယ်ခွင့်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေခွင့်ရရှိစေပြီး မိမိတတ်ကျွမ်းသော ပညာရပ်၊ အရည်အသွေးနှင့် စွမ်းရည်တို့ကို လုပ်ငန်းခွင်နှင့် ချိတ်ဆက်နိုင်ခွင့်များကို ဖန်တီးပေးကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ပါဝင်ဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Panel Discussion အမေးအဖြေကဏ္ဍတွင် ပါဝင်ဆွေးနွေးသည်။

အဆိုပါ အာဆီယံဝန်ကြီးများအဆင့် အဆင့်မြင့်ညီလာခံတွင် အလုပ်အကိုင်ဆိုင်ရာ ပြောင်းလဲနေသောကမ္ဘာကြီးအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အာဆီယံ ကြေညာစာတမ်း (ASEAN Declaration on Human Resources Development for the Changing World of Work) ကိုလည်း စတင်ကြောင်း ကြေညာခဲ့သည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်းကုစားမှုအစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၆**
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ကာလအတွင်းနှင့် ကိုဗစ်–၁၉ အလွန်ကာလများတွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာစေရေးနှင့် ဦးမော့လာစေရေးအတွက် ကိုဗစ်–၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်းကုစားမှုအစီအစဉ်ကို နိုင်ငံတော်မှ ထုတ်ပြန်ထားရှိသည့် COVID–19 Economic Relief Plan (CERP) အပေါ် အခြေခံ၍ ရေးဆွဲခဲ့ပြီးဖြစ်ရာ အဆိုပါ အစီအစဉ်အပေါ် ဝန်ကြီးဌာနမှ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

**ပါဝင်တက်ရောက်**

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးတင်လတ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း ၁၁ သင်းတို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များက ဗီဒီယိုကွန်ဖရင့်ဖြင့် အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ယခုအချိန်တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုသည် ဒုတိယလှိုင်းအဖြစ် ထပ်မံရိုက်ခတ်ခြင်းဖြစ်ပြီး ရောဂါပိုးကူးစက်ဖြစ်ပွားမှုနှုန်းသည်လည်း သိသိသာသာ မြင့်တက်လာသည့်အတွက် ပြည်တွင်းပြည်ပခရီးသွားလာမှုများ ရပ်တန့်သွားပြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဆက်စပ်လုပ်ငန်းများအပေါ်တွင် ယခုအချိန်ထိ ဆုံးရှုံးမှုများ၊ ကြီးမားသော ရိုက်ခတ်မှုများ ကြုံတွေ့နေရပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အဆင့် ရေးဆွဲထုတ်ပြန်ထားသည့် COVID–19 Economic Relief Plan (CERP)၏ နောက်ဆက်တွဲအဖြစ် ကိုဗစ်–၁၉ ကာလအတွင်းနှင့် အလွန်ကာလတွင် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့ဖွံ့ဖြိုးလာစေရန် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဓိကဗျူဟာ (၃)ရပ် ပါဝင်သည့် COVID–19 Economic Relief Plan ကို ရေးဆွဲပြီး ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန် လမ်းပြမြေပုံအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းအပြင် ကိုဗစ်–၁၉ အလွန်ကာလ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးကောင်းမွန်ရန်အတွက် COVID–19 Impact Assessment Survey ကောက်ယူပြီး Myanmar Tourism Strategic Recovery Roadmap (2015–2025) ကို နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်း LuxDev ၏ အကူအညီဖြင့် ပြည်တွင်းပြည်ပ ပညာရှင်များ ပါဝင်သောအဖွဲ့ဖြင့် ရေးဆွဲလျက်ရှိပါကြောင်း။

**ထည့်သွင်းရေးဆွဲ**

ယခုဖြစ်ပွားနေသည့် ကိုဗစ်–၁၉ ရိုက်ခတ်မှုများ၊ လုပ်ငန်းများ ပြန်လည်စတင်သည့်အခါ ကြုံတွေ့ရမည့် New Normal Situation အတွက် အခြေအနေများကိုပါ ဘက်စုံထောင့်စုံစဉ်းစားပြီး အနာဂတ် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကောင်းဆုံးဖြစ်အောင် ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ ရှေ့ဆက်ပြီး ဈေးကွက်အသစ်များနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး မဟာဗျူဟာအသစ်များ ဖော်ထုတ်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲမှုအဆင့် ဝန်ထမ်းများအတွက် သင်တန်းများနှင့် ပညာသင်ဆုများ ဆောင်ရွက်ပေးခြင်း၊ New normal အတွက် SOP များနှင့်အညီ ကျန်းမာရေးဆိုင်ရာ ဘေးကင်းလုံခြုံမှုသင်တန်းများ ဖွင့်လှစ်ခြင်း၊ ဟိုတယ်နှင့် ခရီးသွားဘာသာရပ်ကို သင်ကြားပို့ချနေသည့် သင်တန်းကျောင်းများကို ထောက်ပံ့ကူညီခြင်း စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တက်ရောက်နေကြသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း ၁၁ သင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့ဆောင်ရွက်ခဲ့သော၊ ဆောင်ရွက်ဆဲလုပ်ငန်းအတွေ့အကြုံများကို အခြေခံပြီး ယခုဖြစ်ပွားနေသည့် ကိုဗစ်–၁၉ ရောဂါ ဒုတိယလှိုင်းကာလကို ကြံ့ကြံ့ခံနိုင်စေဖို့ ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယဝန်ကြီး ဦးတင်လတ်နှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်တို့က ကိုဗစ်–၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်းကုစားမှုအစီအစဉ်ပါ အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်က ၎င်းကုစားမှု အစီအစဉ်အပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း ၁၁ သင်းတို့မှ တာဝန်ရှိသူများက ကိုဗစ်–၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်းကုစားမှု အစီအစဉ်အပေါ် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို အခြေခံ၍ အသီးသီးအကြံပြု ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြောင်းလဲလာသော အလုပ်အကိုင်လောကအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် ညီလာခံကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၆**

ပြောင်းလဲလာသော အလုပ်အကိုင်လောကအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် ညီလာခံကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ အလုပ်သမား၊ မသန်စွမ်းနှင့် လူမှုရေးဝန်ကြီးဌာနက ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံကိုယ်စားပြု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် အပါအဝင်အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ Senior Labour Officials Meeting (SLOM) Leader များ၊ ASEAN Senior Officials Meeting on Education (SOM–ED) Leader များ၊ ASEAN TVET Council ဥက္ကဋ္ဌ၊ တရုတ်၊ ကိုရီးယား၊ ဂျပန်စသည့် အာဆီယံ မိတ်ဖက်နိုင်ငံများ၊ ILO၊ UNESCO၊ UNICEF၊ World Bank စသည့် ဖွံ့ဖြိုးရေးမိတ်ဖက်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ ဗီယက်နမ် အလုပ်သမား၊ မသန်စွမ်းနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီး Dao Ngoc Dung က နှုတ်ခွန်းဆက်အဖွင့်အမှာစကား ပြောကြားပြီး အာဆီယံ TVET ကောင်စီဥက္ကဋ္ဌ Dr. Isidro Lapena က အာဆီယံ TVET ကောင်စီဖွဲ့စည်းမှုကို တင်ပြ၍ အစည်းအဝေးကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များ၏ အခန်းကဏ္ဍ၊ ကိုဗစ် ၁၉ အလွန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကခေါင်းဆောင်များ၏ အခန်းကဏ္ဍ ၊ ၂၁ ရာစု ကျွမ်းကျင်မှု အခြေခံသည့် အနာဂတ် လေ့ကျင့်သင်ကြားရေးစနစ် အဆင်သင့်ဖြစ်စေရန် ဆောင်ရွက်ခြင်း ကဏ္ဍခေါင်းစဉ်များဖြင့် ကျင်းပရာ သက်ဆိုင်ရာကဏ္ဍအလိုက် တက်ရောက်လာကြသည့် အာဆီယံဝန်ကြီးများက ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၁ ရာစုကျွမ်းကျင်မှုများအတွက် သင်ကြားခြင်းနှင့် လေ့လာသင်ယူခြင်း ပြောင်းလဲလာသဖြင့် ချဉ်းကပ်မှုပုံစံသစ်များ လိုအပ်လာခြင်းကြောင့် မိမိတို့နိုင်ငံ၏ အခြေအနေပေါ်မူတည်၍ ပညာရေးနှင့် လေ့ကျင့်ရေးစနစ်များတွင် ၂၁ ရာစု ကျွမ်းကျင်မှုများ ရှိစေရေး မည်ကဲ့သို့မြှင့်တင်ဆောင်ရွက်မည်ကို ဆွေးနွေးရာတွင် မိမိတို့၏ ပညာရေးနှင့် လေ့ကျင့်ရေးစနစ်သည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအရ အရည်အသွေးမြင့်ရာသက်ပန်ပညာရေးဆိုင်ရာ အခွင့်အလမ်း တန်းတူရရှိရေးမြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ၂၁ ရာစုကျွမ်းကျင်မှုများ မြင့်မားလာမည်ဖြစ်ကြောင်း၊ အခြေခံပညာရေးသင်ရိုးညွှန်းတမ်း အသစ်ရေးဆွဲခြင်းတွင် ၂၁ ရာစု ကျွမ်းကျင်မှုများ၊ soft skills နှင့် တွေးခေါ်ကြံဆမှု အဆင့်မြင့်မားသော ကျွမ်းကျင်မှုများဖြင့် စုပေါင်းထားသော အသိပညာ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများပါဝင်သော လုပ်ရည်ကိုင်ရည်များရရှိရေး လေ့ကျင့်သင်ကြားပေးမည် ဖြစ်ပါကြောင်း။

ထို့အပြင် ကလေးများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုအဖွဲ့အစည်း အပါအဝင် လုပ်ငန်းခွင်မှ သင်ယူသူများအားလုံးအတွက် ၂၁ ရာစု TVET ဆိုင်ရာ ဘက်စုံသင်ရိုးညွှန်းတမ်းနှင့် အရည်အသွေးအာမခံမှုရှိပြီး လုပ်သားဈေးကွက် လိုအပ်ချက်နှင့် လိုက်လျောညီထွေရှိသော TVET အစီအစဉ်များမှ တစ်ဆင့် ၂၁ ရာစု ကျွမ်းကျင်မှုရရှိရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အလုပ်သမားရေးရာ ရှုထောင့်အနေဖြင့် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု “စံ” ရေးဆွဲခြင်းကို စတင်အခြေပြု၍ informal၊ ကာလတိုနှင့် လုပ်ငန်းအခြေပြုသင်တန်းများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းနှင့် ကျွမ်းကျင်မှုလက်မှတ် ထုတ်ပေးခြင်းတို့ကို အသိအမှတ်ပြုပေးလျက်ရှိပါကြောင်း။

အဆိုပါ ဆောင်ရွက်ချက်များသည် လုပ်သားဈေးကွက် လိုအပ်ချက်ပြည့်မီစေရန် အလုပ်ရှင်များ တိုက်ရိုက်ပါဝင်ဆောင်ရွက်မှုနှင့်အတူ ၂၁ ရာစု TVET ဆိုင်ရာ ဘက်စုံသင်ရိုးညွှန်းတမ်းနှင့် အရည်အသွေးအာမခံမှုရှိပြီး လုပ်သားဈေးကွက် လိုအပ်ချက်နှင့် လိုက်လျောညီထွေရှိသော TVET အစီအစဉ်များ ရရှိရေးအတွက် မရှိမဖြစ်လိုအပ်သော လုပ်ဆောင်ချက်များ ဖြစ်ပါကြောင်း။

TVET စနစ်ပိုမိုအားကောင်းလာစေရန် အလုပ်အကိုင်ရှာဖွေသူများနှင့် အလုပ်ရှင်များအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးပုံစံအမျိုးမျိုးကို မြန်မာနိုင်ငံ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။


ယခုအစည်းအဝေးတွင် HRD Stakeholder များအားလုံး၊ အာဆီယံနိုင်ငံများ၏ လက်ရှိလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ပါဝင်ဆွေးနွေးခဲ့ပြီး အာဆီယံဒေသတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို သတ်မှတ်ချက်များနှင့်အညီ အရည်အသွေး မြင့်မားစွာဖြင့် အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းအဖြေရှာနိုင်ခဲ့ကာ မြန်မာနိုင်ငံအတွက် HRD အကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံဉာဏ်ကောင်းများ ရရှိခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ဗီယက်နမ်နိုင်ငံ အလုပ်သမား၊ မသန်စွမ်းနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီး Dao Ngoc Dung က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် HRD Stakeholder များအားလုံးက အာဆီယံနိုင်ငံများ၏ လတ်တလော ဆောင်ရွက်နေသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ပါဝင်ဆွေးနွေးခဲ့ပြီး အာဆီယံဒေသတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အာဆီယံ လမ်းညွှန်ချက်များနှင့်အညီ အရည်အသွေးပြည့်ဝစွာဖြင့် အကောင်အထည်ဖော်နိုင်ရန် ဝိုင်းဝန်းအဖြေရှာနိုင်ခဲ့ကာ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံဉာဏ်ကောင်းများ၊ အတွေ့ကြုံကောင်းများ ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပထမအကြိမ် မြန်မာ-ကိုရီးယား ကုန်သွယ်ရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၆**

ပထမအကြိမ် မြန်မာ–ကိုရီးယား ကုန်သွယ်ရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေး (1st Meeting of Joint Commission for Trade and Industrial Cooperation) ကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး Mr. Sung Yunmo တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ယခုကဲ့သို့ နှစ်နိုင်ငံအစည်းအဝေးများ ကျင်းပခြင်းဖြင့် မြန်မာနှင့် ကိုရီးယားနိုင်ငံတို့အကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါကြောင်း၊ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းလုံး၌ စီးပွားရေးကျဆင်းလျက်ရှိရာ မိမိတို့နှစ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် စီးပွားရေး အကျပ်အတည်းများကို ကျော်လွှားသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍများတွင် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ ယနေ့ကျင်းပသော မြန်မာ–ကိုရီးယား ကုန်သွယ်ရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် အစည်းအဝေးမှတစ်ဆင့် နှစ်နိုင်ငံအစိုးရအချင်းချင်းနှင့် ပုဂ္ဂလိကကဏ္ဍများအကြား ခိုင်မာသည့် ကွန်ရက်ကို တည်ထောင်ကာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး Mr.Sung Yunmo က ကိုရီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများစွာတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကြောင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာခြင်းဖြစ်ကြောင်း၊ Korea Desk ထူထောင်ပြီးနောက် မြန်မာနိုင်ငံရှိ ကိုရီးယားစီးပွားရေးလုပ်ငန်းများကို ပိုမိုပံ့ပိုးကူညီပေးနိုင်မည့်အပြင် မြန်မာ့ထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအတွက်လည်း အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍများတွင်သာမက အခြားကဏ္ဍများ၌ပါ ပိုမိုပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Joint General Trade Working Group Committee ပူးတွဲအဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက Joint General Trade Working Group Committee အစည်းအဝေးတွင် နှစ်ဖက်ဆွေးနွေးခဲ့သည့် ကိစ္စရပ်များဖြစ်သည့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုရည်မှန်းချက်ပန်းတိုင် ချမှတ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာရှိသောကုန်စည်များ ပိုမိုတင်ပို့နိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာဖြေလျှော့မှု အစီအမံများနှင့် Korea Desk တည်ထောင်ခြင်းဆိုင်ရာကိစ္စရပ်များ၏ ဆွေးနွေးညှိနှိုင်းရရှိမှုများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် Joint Industry Working Group Committee ပူးတွဲအဖွဲ့ခေါင်းဆောင် ကိုရီးယားသမ္မတနိုင်ငံဘက်မှ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန Department of Industry Policy ညွှန်ကြားရေးမှူးချုပ် Mr.Hwang Soo–sung က Joint Industry Working Group Committee အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာအလိုက် (Myanmar–Korea Apparel Testing Research Institute– MKATRI)၊ (Technology Advice and Solutions from Korea– TASK) စီမံကိန်းများ၊ မြန်မာ့အထည်အလိပ်ကဏ္ဍတွင် ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံနိုင်ရေး၊ စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးမှုဆိုင်ရာကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မော်တော်ယာဉ်နှင့်သက်ဆိုင်သည့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် MSMEs အစရှိသည့် ကိစ္စရပ်များမှ ဆွေးနွေးညှိနှိုင်းရရှိမှုများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် Joint Energy Working Group Committee ပူးတွဲအဖွဲ့ခေါင်းဆောင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်စွမ်းအား စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မိမိခိုင်က Joint Energy Working Group Committee အစည်းအဝေးတွင် နှစ်ဖက်ဆွေးနွေးခဲ့ကြသည့် ဒလသဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စီမံကိန်း၊ ကျောက်ဖြူ LNG လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း၊ ရွှေတောင်ဓာတ်အားပေးစက်ရုံစီမံကိန်း၊ သဘာဝဓာတ်ငွေ့လုပ်ကွက်များ ရှာဖွေတူးဖော်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် Economic Innovation Partnership Program (EIPP)၊ KOICA နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ အစရှိသည့်ကိစ္စရပ်များမှ ဆွေးနွေးညှိနှိုင်းရရှိမှုများအား ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် နှစ်နိုင်ငံပြည်ထောင်စုဝန်ကြီးများက နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ကုန်သွယ်ရေး၊ စက်မှု၊ စွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန်၊ စီးပွားရေး၊ လူမှုရေးတို့အား ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန် ပြောကြားပြီး ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

ယခုအစည်းအဝေးသည် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မွန်ဂျေအင်း၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်စေရန်အတွက် လက်မှတ်ရေးထိုးခဲ့သည့် ကုန်သွယ်ရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး နှစ်နိုင်ငံအကြား ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုအရ နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုချောမွေ့စေရေး၊ ကုန်သွယ်ရေး၊ စက်မှု၊ စွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍများတွင် ယခင်ထက်ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးနိုင်ခဲ့ကြ၍ မြန်မာ– ကိုရီးယား နှစ်နိုင်ငံစလုံးအတွက် အလွန်အကျိုးဖြစ်ထွန်းစေပြီး အောင်မြင်သည့် အစည်းအဝေးတစ်ခုဖြစ်သည်။ ယနေ့ ကျင်းပသည့် ပူးတွဲကော်မရှင်အစည်းအဝေးမတိုင်မီ သက်ဆိုင်ရာကဏ္ဍအလိုက် Joint Working Group Committee အစည်းအဝေးများကိုလည်း စက်တင်ဘာ ၁၁ ရက်တွင် ကျင်းပခဲ့သည်။

ဒုတိယအကြိမ် မြန်မာ–ကိုရီးယား ကုန်သွယ်ရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် အစည်းအဝေးအား ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပသွားရန် ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ ဝန်ဆောင်မှုလုပ်ငန်းများ(လုပ်ငန်းလိုင်စင်ကိုစ္စရပ်များ) ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရုံးများ အားလုံး၏ ဝန်ဆောင်မှုလုပ်ငန်းများ(လုပ်ငန်းလိုင်စင်ကိစ္စရပ်များ)ကို ၁၆-၉-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ခေတ္တရပ်ဆိုင်းထားမည် ဖြစ်ပါကြောင်းနှင့် အခြေအနေတည်ငြိမ်မှသာ ပုံမှန်ဝန်ဆောင်မှုလုပ်ငန်းများ(လုပ်ငန်းလိုင်စင်ကိစ္စရပ်များ) ပြန်လည်လက်ခံ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဖွင့်လှစ်နိုင်မည့်ရက်အား ကြိုတင်အသိပေး ကြေညာသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

## မိဘပင်စင်စားများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာထုတ်ယူခြင်းများကို လစဉ်ရုံးဖွင့်ရက် (၂၁)ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့် ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် ပင်စင်လစာငွေများကို ဘဏ်တွင်ငွေစာရင်းဖွင့်လှစ်ထည့်သွင်း၍ လိုအပ်ချိန်တွင် အဆိုပါငွေစာရင်းမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ ATM စာရင်းဖွင့်လှစ်၍ ATM စက်များမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ Myanmar Mobile Money (MMM) စနစ်နှင့် Wave Money စနစ်တို့ကို အသုံးပြု၍လည်းကောင်း နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ မိဘပင်စင်စားများအနေဖြင့် Coronavirus Disease 2019(COVID-19) ကူးစက်ရောဂါအား ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်များတွင် မိမိတို့၏ ပင်စင်လစာငွေများကို လစဉ် (၂၁)ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ်(၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင်လည်း ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ဖြင့် လွယ်ကူအဆင်ပြေစွာထုတ်ယူကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာ ပထမအဆင့် တိုက် ၃၉ လုံးမှ မြေညီထပ်အခန်းများ အွန်လိုင်းမှ မဲနှိုက်နေရာချထား

**နေပြည်တော် စက်တင်ဘာ ၁၆**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေး မြို့မဈေးအနီး၌ တည်ဆောက်လျက်ရှိသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာ စီမံကိန်း ပထမအဆင့် တိုက် ၃၉ လုံး၏ မြေညီထပ်အခန်းများ မဲနှိုက်နေရာချထားမှုကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပပြီး အခန်းဝယ်ယူခွင့်ရရှိသူများ သိရှိစေရန် Facebook Page မှ တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။

**မြေညီ၊ ပထမထပ် ရောင်းကုန်**

ဝယ်ယူခွင့်ရရှိသူများကိုယ်စား မဲနှိုက်နေရာချထားမှုနှင့်ပတ်သက်ပြီး အခန်းနေရာချထားရေးကော်မတီ အတွင်းရေးမှူး(ဌာနကြီးမှူး)ဦးစိုးဝင်းက "ဒီနေ့ မြေညီထပ် အခန်း ၁၅၆ ခန်း အားလုံးကို မဲနှိုက်ပြီးဖြစ်ပါတယ်။ မူအရကတော့ အခန်းလျှောက်ထားတဲ့ ဝန်ထမ်းကိုယ်တိုင် မဲနှိုက်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အခုကာလမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများနေတော့ နေရာချထားရေးကော်မတီကကြီးကြပ်ပြီး မဲနှိုက်ပေးလိုက်တာဖြစ်ပါတယ်။ လက်ရှိအနေအထားမှာ မြေညီထပ်နဲ့ ပထမထပ်က ရောင်းလို့ကုန်ပြီ ဖြစ်ပါတယ်။ ဒုတိယထပ်နဲ့ တတိယထပ်ကတော့ ရောင်းဖို့ကျန်ပါသေးတယ်။ အခုမဲနှိုက်ပြီးသားအခန်းတွေကို အောက်တိုဘာလလောက်မှာ အပ်နိုင်ဖို့ ကြိုးစားနေပါတယ်။ ကိုဗစ်-၁၉ ရောဂါအခြေအနေနဲ့ ရာသီဥတုအခြေအနေတွေကြောင့် နောက်ကျကောင်း နောက်ကျနိုင်ပါတယ်။ မဲပေါက်သူတွေရဲ့ တိုက်နံပါတ်နဲ့ အခန်းတွေကိုလည်း ဖုန်းနဲ့ဆက်သွယ် အကြောင်းကြားပါမယ်"ဟု ပြောကြားသည်။



ယနေ့ မဲနှိုက်သည့် တိုက် ၃၉ လုံး၏ မြေညီထပ် အခန်း ၁၅၆ ခန်းကို အခန်းဝယ်ယူခွင့်ရရှိသူများကိုယ်စား အငြိမ်းစားဝန်ထမ်းအိမ်ရာများ တည်ဆောက်ရေးဦးစီးကော်မတီက မဲနှိုက်၍ နေရာချထားမှုများ ဆောင်ရွက်ခဲ့ပြီး မဲပေါက်သူများ၏ တိုက်နံပါတ်နှင့် အခန်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ Facebook Page တွင်ကြေညာပေးထားသည်။

**တိုက်ခန်း ၃၀၀၀ ကျော်**

ယခု တည်ဆောက်လျက်ရှိသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာ စီမံကိန်းသည် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေး မြို့မဈေးအနီးရှိ နေပြည်တော် စည်ပင်သာယာရေးကော်မတီပိုင် မြေဧက ၂၀၀ အနက်မှ မြေဧက ၇၀ ပေါ်တွင် တည်ဆောက်လျက်ရှိပြီး ပထမအဆင့်အနေဖြင့် တိုက်ခန်းပေါင်း ၃၀၀၀ ကျော်ကို စတင်တည်ဆောက်နေကြောင်း သိရသည်။

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာ အခန်းများမှာ လေးခန်းတွဲ၊ လေးထပ် ပုံစံဖြစ်ပြီး အကျယ် စတုရန်းပေ ၆၅၀ ဖြစ်ကာ အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ မီးဖိုဆောင်၊ ရေချိုးခန်း၊ အိမ်သာ၊ ဝရန်တာနှင့် အရေးပေါ်လှေကားတို့ကို ထည့်သွင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုမဲဖောက်တဲ့ တိုက် ၃၉ လုံးရဲ့ တည်ဆောက်မှုအပိုင်းကတော့ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါတယ်။ ဒုတိယအကြိမ်အနေနဲ့ တိုက် ၆၉ လုံးကို ဆက်လက်တည်ဆောက်နေပြီ ဖြစ်ပါတယ်။ အငြိမ်းစားဝန်ထမ်းအိမ်ရာနဲ့ ပတ်သက်ပြီး မြေညှိခြင်းလုပ်ငန်းတွေကတော့ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ရေသွယ်တန်းတဲ့လုပ်ငန်း၊ လျှပ်စစ်မီးနဲ့ ရေမြောင်းတူးတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီဇင်ဘာလမတိုင်ခင် ပြီးစီးအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အိမ်ရာတည်ဆောက်ပြီးတဲ့ အချိန်မှာလည်း ရေရှည်တည်တံ့ခိုင်မြဲရေးကို နေပြည်တော်စည်ပင်သာယာရေးကော်မတီနဲ့ အိမ်ရာထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းပူးပေါင်းပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဌာနကြီးမှူး(အင်ဂျင်နီယာ) ဦးတင်အောင်ငွေက ပြောသည်။

ယခု တည်ဆောက်လျက်ရှိသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်း ပထမအပိုင်းကို အောက်တိုဘာလတွင်လည်းကောင်း၊ စီမံကိန်းဒုတိယအပိုင်းကို ဒီဇင်ဘာလတွင်လည်းကောင်း၊ စီမံကိန်းတတိယအပိုင်းကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် လည်းကောင်း အချိန်မီပြီးစီးရန် ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါနှင့် ရာသီဥတုကြောင့် မျှော်မှန်းထားသည့်ကာလ ကျော်လွန်နိုင်ကြောင်း၊ သို့သော်လည်း သတ်မှတ်သည့်ကာလတွင် အချိန်မီပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအိမ်ရာစီမံကိန်းဧရိယာအတွင်း၌ ကုန်တိုက်ထည့်သွင်းတည်ဆောက်ရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း၊ အနာဂတ်တွင် ဆောင်ရွက်မည့် နေပြည်တော် အဝေးပြေးကားဝင်း စီမံကိန်းသည် ယခုအိမ်ရာ စီမံကိန်းအနီးတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လက်ဆောင်ရွက်မည်**

အဆိုပါ တိုက် ၃၉ လုံးမှ ဝယ်ယူပြီး ပထမထပ်အခန်း ၁၄၈ ခန်းကို စက်တင်ဘာ ၁၇ ရက်တွင်လည်းကောင်း၊ ဒုတိယထပ် အခန်း ၁၂၄ ခန်းနှင့် တတိယထပ်အခန်း ၁၁ ခန်းတို့ကို စက်တင်ဘာ ၁၈ ရက်တွင်လည်းကောင်း မဲနှိုက်နေရာချထားမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီ Facebook Page မှ ထုတ်လွှင့်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း - မျိုးမင်းနိုင်
ဓာတ်ပုံ - မျိုးသူဟိန်း



# အွန်လိုင်းမှတစ်ဆင့် MRTV ကို ကြည့်ရှုခံစားပါ

## ခင်ရတနာ

ပြောင်းလဲလာသည့်နည်းပညာခေတ်တွင် လုပ်ငန်းဆောင်တာများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် လိုက်ပါပြောင်းလဲခြင်းက လုပ်ငန်းများအရှိန်အဟုန်မပျက် ရပ်တည်နိုင်ရန်အတွက် သော့ချက်ဖြစ်ပါသည်။ စိန်ရတုနှစ်ကြိုဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အွန်လိုင်းမီဒီယာဖြင့်လည်း ပရိသတ်များအတွက် တင်ဆက်ပေးလျက်ရှိပါသည်။

၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အွန်လိုင်းမီဒီယာ ပလက်ဖောင်းကိုစတင်ခဲ့သည်။ www.mrtv.gov.mm တွင် ပြည်တွင်း၊ ပြည်ပသတင်းများ၊ အားကစားနှင့် ဖျော်ဖြေမှုများ၊ အသိပညာမြှင့်တင်ရေး အစီအစဉ်များ၊ သုတရသအစီအစဉ်များဖြင့် ကဏ္ဍအလိုက်လွှင့်တင်ထားသည်ကို မြင်တွေ့ရသည်။ MRTV Webportal မှ MRTV Facebook, Youtube, Live Stream နှင့် Sound Cloud များက အချိန်နှင့် တစ်ပြေးညီ ပြည်တွင်း၊ ပြည်ပသတင်းများကို ထုတ်လွှင့်လျက်ရှိပါသည်။ လူမှုကွန်ရက် ဖေ့စ်ဘွတ်စာမျက်နှာဖြစ်သည့် MRTV ကိုလည်း အားပေးသူပေါင်း ကိုးသန်းကျော်ရှိလာခဲ့ပြီဖြစ်သည်။

**MRTV ဝက်ဘ်ဆိုက်ကနေ ဘာတွေရနိုင်မလဲ**

ပြည်တွင်းနှင့် နိုင်ငံတကာမှ ထူးခြားသည့်သတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် Latest News ကဏ္ဍတွင် ဖတ်ရှုနိုင်ပါသည်။ MRTV မှ နေ့စဉ် ထုတ်လွှင့်နေသည့် သတင်းအစီအစဉ်များကိုလည်း ဝက်ဘ်ဆိုက်တွင် နေ့စွဲအလိုက် ပြန်လည်ကြည့်ရှုနိုင်သကဲ့သို့ ဒေါင်းလုပ်ခ်(Download)ရယူ သိမ်းဆည်းနိုင်စေရန် တစ်ပုဒ်ချင်း ပြန်လည်လွှင့်တင်ထားရှိသည်။

Live Stream Menu အောက်တွင် MRTV Channel ကို Live Streaming ထုတ်လွှင့်ပေးထားခြင်းကြောင့် ရုပ်မြင်သံကြားနှင့် တစ်ပြိုင်တည်း အစီအစဉ်များအားလုံးကို တိုက်ရိုက်ကြည့်ရှုနိုင်သည်။ MRTV အပြင် MITV, Hluttaw, NRC နှင့် Farmers ရုပ်သံလိုင်းငါးလိုင်းနှင့် မြန်မာ့အသံရေဒီယို၊ မြန်မာနိုင်ငံအထက်ပိုင်း တိုင်းရင်းသားရေဒီယို၊ မြန်မာနိုင်ငံအောက်ပိုင်း တိုင်းရင်းသားရေဒီယိုဖြစ်သည့် ရေဒီယိုသုံးလိုင်းကိုလည်း www.mrtvlive-stream.tv ၌ livestreaming လွှင့်တင်ထားသဖြင့် Android Mobile Devices မှ တိုက်ရိုက်ကြည့်ရှုနိုင်ပြီ ဖြစ်ပါသည်။

"သတင်းထူးတွေကို ပရိသတ်တွေ အချိန်နဲ့တစ်ပြေးညီ သိရှိစေဖို့အတွက် New Media တွေဖြစ်တဲ့ ဝက်ဘ်ပေါ်တယ်နဲ့ ဖေ့စ်ဘွတ်၊ You Tube တို့ကနေ လွှင့်တင်ပေးနေပါတယ်။ ပုံမှန်သတင်းအပြည့်အစုံကိုလည်း New Media ပေါ်မှာ ပြန်တင်ပေးတယ်။ ဒါကြောင့် အွန်လိုင်းကနေ သတင်းထူးတွေကို အချိန်မဆိုင်းကြည့်နိုင်သလို တီဗွီသတင်း အပြည့်အစုံကိုလည်း အချိန်နဲ့တစ်ပြေးညီကြည့်ရှုနိုင်ပါတယ်"ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်က ပြောကြားသည်။

သတင်းဗီဒီယိုများ၊ ထူးခြားဆန်းပြားသည့် သတင်းဦးများနှင့် နိုင်ငံတော်အကြီးအကဲများ၏ မိန့်ခွန်းစုစည်းမှုများက MRTV ဝက်ဘ်ဆိုက်ကို အားဖြည့်ပေးထားသည်။ တိုင်းရင်းသားရုပ်သံလိုင်းများကိုလည်း အွန်လိုင်းတွင် ဝင်ရောက်နားဆင်ကြည့်ရှုနိုင်သကဲ့သို့ ဝန်ကြီးဌာနအသီးသီးမှ ပြည်သူအတွက် ထုတ်ပြန်ချက်၊ ပန်ကြားချက်များကိုလည်း ဖတ်ရှုနိုင်ကြမည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝက်ဘ်ဆိုက်တွင် သတင်းများ၊ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်မှုများ၊ တိုင်းရင်းသားဘာသာစကားဖြင့် တင်ဆက်မှုများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးတင်ဆက်ထားသည့် အစီအစဉ်များအားလုံးကို ဝင်ရောက်ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။


စာမျက်နှာ ၇ သို့ »»










**MRTV Facebook page စာမျက်နှာသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနတစ်ခုလုံးကို ကိုယ်စားပြုပြီး ရုပ်သံလိုင်းများနှင့် ရေဒီယိုလိုင်းများမှ ထုတ်လွှင့်သည့် သတင်းနှင့်အစီအစဉ်များကို လွှင့်တင်ပေးလျက်ရှိသည်။ လူငယ်များအတွက် စိတ်ဝင်စားစေမည့် ဘောလုံးပွဲတိုက်ရိုက်ပြသမှုများ၊ နာရီစဉ်သတင်းများနှင့် နိုင်ငံတကာသတင်းများကို တိုက်ရိုက်လွှင့်တင်ပေးခဲ့ရာမှ ပိုမိုအဆင်ပြေစေရန်အတွက် MRTV-LIVE Page မှ တိုက်ရိုက်တင်ဆက်မှုများကို ဝင်ရောက်ကြည့်ရှုနိုင်။**

»» စာမျက်နှာ ၆ မှ

**ရွေးကောက်ပွဲဆိုင်ရာအချက်များ တစ်နေရာတည်းရယူ**

ဝက်ဘ်ဆိုက်၏ မူလစာမျက်နှာအတွင်း Election 2020 ကဏ္ဍကို သီးသန့်ဖော်ပြထားသဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ အားလုံးကို သီးသန့်ဝင်ရောက်ဖတ်ရှုနိုင်မည်ဖြစ်သည်။ ယင်းကဏ္ဍတွင် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးတေးသီချင်းများ၊ ရွေးကောက်ပွဲအကြောင်း သိကောင်းစရာများ ပညာပေးအစီအစဉ်၊ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများနှင့် ဆန္ဒမဲပေးသူများ၏ အခွင့်အရေးများကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။ ရွေးကောက်ပွဲကျင်းပရန် နီးကပ်လာသည်နှင့် နိုင်ငံရေးပါတီများ၏ ပြည်သူ့ထံတင်ပြချက်များနှင့် ရွေးကောက်ပွဲအတွက် ရက်ပေါင်း ၆၀ Count Down အစီအစဉ်များကိုလည်း လွှင့်တင်လျက်ရှိပါသည်။


**ကမ္ဘာ့ကပ်ရောဂါနှင့် နောက်ဆုံးရသတင်းများ**

Covid-19 Pandemic ကဏ္ဍတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးရလဒ်သတင်းများ၊ ကျန်းမာရေးအသိပညာပေးဆွေးနွေးမှုများ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုဗစ်-၁၉ ရောဂါအကြောင်းကို အပြန်အလှန်ဆွေးနွေးထားသည့် အွန်လိုင်းဆွေးနွေးမှုများ၊ နိုင်ငံအသီးသီးမှ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများ၊ ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ရန် နည်းလမ်းများနှင့် ဆောင်ရွက်ထားရှိမှု အစီအမံများအားလုံးကို တစ်နေရာတည်းမှာပင် ဝင်ရောက်ကြည့်ရှုနိုင်ခြင်းကြောင့် သတင်းအချက်အလက်ရရှိလိုသူများအတွက် အဆင်ပြေစေမည်ဖြစ်ပါသည်။

ထို့ပြင် လူအများစိတ်ဝင်စားသည့် ကိုဗစ်-၁၉ ကူးစက်ခံရသည့် လူဦးရေစာရင်းများ၊ ကူးစက်သူများ၏ ဒေသနှင့် အချက်အလက်များ၊ ကျန်းမာရေးအခြေအနေများနှင့် အရေးပေါ်တုံ့ပြန်ရေးအစီအမံများကို အလျင်မြန်ဆုံး သိရှိနိုင်ရန် အားထားရသည့် ဝက်ဘ်ဆိုက်တစ်ခုလည်း ဖြစ်သည်။

**ကဏ္ဍပေါင်းများစွာထဲက နှစ်သက်ရာရွေးချယ်နိုင်**

ဝက်ဘ်ဆိုက်တွင် နိုင်ငံတော်အကြီးအကဲများ၏ မိန့်ခွန်းများ၊ နိုင်ငံတကာရေးရာသတင်းများ၊ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ခရီးသွားလာရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေး၊ အလုပ်သမားအရေး၊ အားကစား၊ ဖျော်ဖြေရေး၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတို့အပြင် နိုင်ငံရေးဆိုင်ရာ ဆွေးနွေးခြင်းကဏ္ဍ၊ အမျိုးသမီးများဆိုင်ရာ ဆွေးနွေးခြင်းကဏ္ဍ၊ စီးပွားရေးဆိုင်ရာ ဆွေးနွေးအဖြေရှာခြင်းကဏ္ဍ စသည်ဖြင့် သီးသန့်ကဏ္ဍငယ်များ ခွဲခြားကြည့်ရှုနိုင်သည်ကိုလည်း မြင်တွေ့ရသည်။




**တိုက်ရိုက် ရိုက်ကူးထုတ်လွှင့် တင်ဆက်ခြင်း အစီအစဉ်တွင် နိုင်ငံအတွက် ထူးခြားသည့်အခမ်းအနားများကို တင်ဆက်ပေးလျက်ရှိရာ ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံ စတုတ္ထအစည်းအဝေး တိုက်ရိုက်တင်ဆက်မှုကို အွန်လိုင်းမှ ကြည့်ရှုသူ တစ်သိန်းကျော်ရှိခဲ့သည်ကိုလည်း တွေ့ရှိရ။**

ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များ၊ သဘာဝဘေးကြုံတွေ့နေရသည့် ဒေသများ၏ သတင်းအချက်အလက်များကိုလည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အွန်လိုင်းမီဒီယာများတွင် ကြည့်ရှုနိုင်သည်။ ကိုဗစ်-၁၉ ရောဂါ ပထမဆုံး စတင်တွေ့ရှိရသည့်သတင်းမျိုးတွင် လူမှုကွန်ရက်၌ ကြည့်ရှုသူသိန်းနှင့်ချီ၍ မြင်တွေ့ရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ လူနာများ စံချိန်တင်မြင့်တက်လာခဲ့သည့်သတင်း၊ နိုင်ငံတကာ အားကစားသတင်းအချို့မှာ ပရိသတ်များစိတ်ပါဝင်စားမှု အများဆုံးဖြစ်သည်ကိုလည်း Viewer, Like နှင့် Share ပြုလုပ်သူဦးရေအရ သိမြင်နိုင်သည်။

**ကိုဗစ်-၁၉ကာလ ပြည်သူများအတွက်အပန်းဖြေစရာ**

အွန်လိုင်းမှတစ်ဆင့် ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုခံစားနိုင်ရန် မြန်မာ့ရုပ်ရှင်ရာပြည့်အစီအစဉ်များ၊ ရန်ကုန်တက္ကသိုလ်ရာပြည့်အစီအစဉ်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုအထိမ်းအမှတ်အစီအစဉ်ကောင်းများကို တိုက်ရိုက်ထုတ်လွှင့် တင်ဆက်ပေးနေသည်ကိုလည်း သတိပြုမိသည်။ သောကြာနေ့ညတိုင်း လွှင့်တင်ပေးသည့် မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ အမှတ် - ၃ ဆိုလျှင် လူမှုကွန်ရက်မှ ကြည့်ရှုအားပေးသူ ခြောက်သိန်းကျော်အထိ ရှိနေသည်ကိုလည်း မြင်တွေ့ရသည်။

**တိုက်ရိုက်အစီအစဉ်များကို ကြည့်ရှုသူများပြား**

တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်တင်ဆက်ခြင်း အစီအစဉ်တွင် နိုင်ငံအတွက် ထူးခြားသည့်အခမ်းအနားများကို တင်ဆက်ပေးလျက်ရှိရာ ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု ပင်လုံ စတုတ္ထအစည်းအဝေး တိုက်ရိုက်တင်ဆက်မှုကို အွန်လိုင်းမှ ကြည့်ရှုသူ တစ်သိန်းကျော်ရှိခဲ့သည်ကိုလည်း တွေ့ရှိရသည်။

MRTV အွန်လိုင်းအစီအစဉ်များအတွက် နေ့စဉ် သတင်းနှင့်အစီအစဉ်များ ပုဒ်ရေ ၁၈၀ ခန့် တင်ဆက်ပေးလျက်ရှိပြီး ယင်းတို့တွင် တီဗွီသတင်း၊ ရေဒီယိုသတင်းနှင့် ဓာတ်ပုံသတင်းများပါဝင်သည်။ သတင်းထူးမရှိသည့် နေ့ရက်များတွင် MRTV Facebook page သို့ ဝင်ရောက်ကြည့်ရှုသူ ခြောက်ထောင်မှ တစ်သောင်းကြားတွင်ရှိပြီး ထူးခြားသည့် သတင်းများတင်ဆက်ရသည့်အခါ ကြည့်ရှုသူ သုံးသောင်းမှ ငါးသောင်းကျော်အထိရှိနေသည်။

MRTV တွင် သတင်းအချက်အလက်များ ပိုမိုအားကောင်းစေရန် အနယ်နယ်အရပ်ရပ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ စုဆောင်းတင်ဆက်သည့် သတင်းရုပ်ပုံ၊ သတင်းစာသား၊ ရုပ်သံတို့ကို အွန်လိုင်းမှ တင်ဆက်ပေးလျက်ရှိသည်။ နိုင်ငံတကာသတင်းဌာနစိတ်မှလည်း နိုင်ငံတကာသတင်းများကို AFP, NHK, CCTV, APU စသည့် သတင်းဌာနများမှရယူကာ ဘာသာပြန်ဆို၍ အွန်လိုင်းတွင် ကမ္ဘာ့သတင်းထူးများအဖြစ် တင်ဆက်ပေးလျက်ရှိသည်။

**သတင်းမှန်ကန်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့်မီဒီယာ**

MRTV ၏ မီဒီယာပလက်ဖောင်းအသစ် New Media တွင် အယ်ဒီတာလမ်းညွှန်ချက်များထားရှိပြီး နိုင်ငံပိုင်မီဒီယာပီသစွာ သတင်းမှန်ရရှိရေးအတွက် မှန်ကန်မှုရှိခြင်း၊ အချက်အလက်ပြည့်စုံခြင်းနှင့် ဘက်မလိုက်ဘဲ မျှတမှုရှိခြင်း၊ သတင်းရင်းမြစ်ခိုင်မာခြင်းတို့ကို သတိထားဆောင်ရွက်နေသည်ကိုလည်း မြင်တွေ့ရသည်။


မူလက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အွန်လိုင်းသတင်းဌာနအတွက် ဝန်ထမ်း ၁၄ ဦးသာရှိခဲ့ရာမှ New Media အသွင်ကူးပြောင်းနိုင်စေရေးအတွက် ဝန်ထမ်းအင်အား ၂၇ ဦးဖြင့် သတင်းလွှင့်တင်မှုများကို ဆောင်ရွက်နေပြီး တစ်နိုင်ငံလုံးက သတင်းဗျူရိုများမှ သတင်းထောက်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ မြန်မာ့သတင်းစဉ်မှ ထုတ်ပြန်သည့် နိုင်ငံတော်သတင်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ အမြို့မြို့အနယ်နယ်မှ သတင်းထောက်များက ရေးသားပေးပို့ကြသည့် သတင်းများနှင့် ဝန်ကြီးဌာနများ၏ Official Page များမှ လွှင့်တင်ပေးသည့် သတင်းများကို Credit ပေးကာ အချိန်နှင့်တစ်ပြေးညီ ပြန်လည်ထုတ်လွှင့်ဖော်ပြပေးပြီး နေ့စဉ်တင်ဆက်လျက်ရှိသည်။

MRTV Facebook page စာမျက်နှာသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာန တစ်ခုလုံးကို ကိုယ်စားပြုပြီး ရုပ်သံလိုင်းများနှင့် ရေဒီယိုလိုင်းများမှ ထုတ်လွှင့်သည့် သတင်းနှင့်အစီအစဉ်များကို လွှင့်တင်ပေးလျက်ရှိသည်။ လူငယ်များအတွက် စိတ်ဝင်စားစေမည့် ဘောလုံးပွဲ တိုက်ရိုက်ပြသမှုများ၊ နာရီစဉ်သတင်းများနှင့် နိုင်ငံတကာသတင်းများကို တိုက်ရိုက်လွှင့်တင်ပေးခဲ့ရာမှ ပိုမိုအဆင်ပြေစေရန်အတွက် MRTV-LIVE Page မှ တိုက်ရိုက်တင်ဆက်မှုများကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

MRTV ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက်ဖေ့စ်ဘွတ်စာမျက်နှာများမှ နေ့စဉ်သတင်းများကို ဝေဝေဆာဆာဖြင့် တင်ဆက်လျက်ရှိရာ အားပေးသူများပြားလာသည်နှင့်အမျှ အွန်လိုင်းအဖွဲ့များစုဖွဲ့ကာ သတင်းနှင့် အစီအစဉ်အကျဉ်း(ဇာတ်လမ်းတို)များ လွှင့်တင်ပေးနိုင်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။


ပြန်ကြားရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုဖြင့် အွန်လိုင်း ပလက်ဖောင်းများမှတစ်ဆင့် ဒစ်ဂျစ်တယ်မီဒီယာကို သတင်းဌာနအသီးသီးက အကောင်အထည်ဖော်လျက်ရှိရာ ခိုင်မာမှန်ကန်၍ ဘက်မလိုက်မျှတသည့် သတင်းများ၊ ပညာပေးအစီအစဉ်များနှင့် သုတ၊ ရသများစွာကို အွန်လိုင်းမှတစ်ဆင့် အသုံးပြုသူများထံ အရောက် တင်ဆက်နေပြီဖြစ်ပါကြောင်း။ ။









## မလိုအပ်ဘဲနဲ့ ခရီးမသွားပါနဲ့



**ခရီးသွားလာတာနဲ့ပတ်သက်လို့ ပထမဦးဆုံး ရခိုင်မှာ ရောဂါပြန့်ပွားနေပြီ၊ စစ်တွေမှာ တော်တော်များများတွေ့ပြီဆိုတာသိတဲ့အခါမှာ ရခိုင်ဘက်ကနေပြီးတော့ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ခရီးမထွက်ဖို့ဆိုပြီး ပိတ်ပင်လိုက်ပါတယ်။ ပိတ်ပင်လိုက်တဲ့အခါ ရခိုင်ပြည်နယ်က ကျွန်မတို့ ပြည်သူတွေက ထွက်ချင်ကြတယ်။ ကျွန်မတို့က ထွက်ခွင့်မပေးဘူး။ အဲဒီတုန်းက ကျွန်မရှင်းပြပါတယ်။ ကျွန်မတို့ရဲ့ ရခိုင်ကပြည်သူတွေကို အငြိုးအတေးနဲ့လည်းမဟုတ်ပါဘူး။ ဒီလို ပြန့်သွားရင် အားလုံးအတွက် အန္တရာယ်ရှိတဲ့အပြင် တစ်တိုင်းပြည်လုံးမှာ ပြဿနာဖြစ်နေရင် ရခိုင်ပြည်နယ်အတွက်လည်း ဦးစားပေးပြီး သတ်သတ်မှတ်မှတ်လုပ်ပေးဖို့ ပိုပြီးတော့ခက်ပါလိမ့်မယ်။ ဒါကြောင့် ကျွန်မတို့က တကယ်ရောဂါပြန့်ပွားမှုများနေတဲ့နေရာတွေကို ဦးစားပေးပြီးတော့ သေသေချာချာလုပ်ပေးနိုင်အောင် ဒီလိုကန့်သတ်ရတာပါ။ အခုလည်း ရန်ကုန်တိုင်းမှာဆိုရင် ဒီလိုပါပဲ။ ရန်ကုန်တိုင်းအတွင်းမှာဆိုရင် တစ်တိုင်းပြည်လုံးမှာ ရောဂါပြန့်ပွားမှု အခြေအနေက အမြန်ဆုံးပဲဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်မတို့ အကန့်အသတ်တွေ လုပ်တာပါ။ ရန်ကုန်တိုင်းပြင်ပကိုလည်း မလိုအပ်ဘဲနဲ့ မသွားပါနဲ့။ သွားရင်လည်း တခြားတိုင်းတွေ၊ ပြည်နယ်တွေက စည်းမျဉ်းစည်းကမ်းအရ စစ်ဆေးတာတို့၊** Quarantine **လုပ်တာတို့ သတ်မှတ်ပါလိမ့်မယ်။ အဲဒီအခါ အဲဒီအတိုင်းပဲ လိုက်နာရမှာဖြစ်ပါတယ်။**

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁ဝ ရက်နေ့တွင် COVID–19 ရောဂါ ပြန့်ပွားမှုကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရေးနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၅–၉–၂ဝ၂ဝ) ရက်နေ့၊ ည(၈) နာရီမှ (၁၆–၉–၂ဝ၂ဝ)ရက်နေ့၊ နံနက်(၈:ဝဝ)နာရီအထိ

၁။ (၁၅–၉–၂ဝ၂ဝ) ရက်နေ့၊ ည(၈) နာရီမှ (၁၆–၉–၂ဝ၂ဝ)ရက်နေ့၊ နံနက်(၈:ဝဝ) နာရီအတွင်း COVID–19 ဓာတ်ခွဲစစ်ဆေးချက်များအရ –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁,ဝ၉၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၃၆၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၂ဝ၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၉၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခု နှင့်
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်–၁ဝဝဝ) မှ ဓာတ်ခွဲနမူနာ (၅၃၈) ခု

စုစုပေါင်း ဓာတ်ခွဲနမူနာ (၂,၄၂၄) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၄) ဦးတွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၁၆–၉–၂ဝ၂ဝ) ရက်နေ့၊ နံနက် (၈:ဝဝ) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃,၆၃၆)ဦး ရှိပြီဖြစ်ပါသည်။

၃။ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၈၈)နှစ်အရွယ် သွေးတိုးရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါအခံရှိသူ အမျိုးသမီး (Case–2347) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်းပျက်စီးခြင်းဖြင့် (၁၅–၉–၂ဝ၂ဝ) ရက်နေ့၊ နေ့လယ် (၁:၂၈) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၄။ COVID–19 ကုသရေးဌာန (ဖောင်ကြီး)တွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၈၉)နှစ်အရွယ် သွေးတိုးရောဂါအခံရှိသူ အမျိုးသမီး (Case–1589) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက်အသက်ရှူလမ်းကြောင်း ပျက်စီးခြင်းဖြင့် (၁၅–၉–၂ဝ၂ဝ) ရက်နေ့၊ နံနက် (၁ဝ:၂၅) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၅။ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၅၁)နှစ်အရွယ် နှလုံးသွေးကြောကျဉ်းရောဂါအခံရှိသူ အမျိုးသား (Case–3122) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက်အသက်ရှူလမ်းကြောင်း ပျက်စီးခြင်းဖြင့် (၁၄–၉–၂ဝ၂ဝ) ရက်နေ့၊ နေ့လယ် (၃:၃ဝ) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၆။ သန်လျင်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၆၈) နှစ်အရွယ် ပန်းနာရင်ကြပ်ရောဂါ၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါအခံရှိသူ အမျိုးသား (Case–3258)သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက်အသက်ရှူလမ်းကြောင်း ပျက်စီးခြင်းဖြင့် (၁၄–၉–၂ဝ၂ဝ) ရက်နေ့၊ ညနေ (၄:ဝ၅) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၇။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၃၉)ဦး ရှိပြီဖြစ်ပါသည်။

၈။ (၁၅–၉–၂ဝ၂ဝ) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၉၂၇) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၉၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၇၂၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၄၄၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး) မှ ဓာတ်ခွဲနမူနာ (၄၇၆) ခု၊
- နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁ဝဝဝ) မှ ဓာတ်ခွဲနမူနာ (၄၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၄၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၃၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တီးတိန်မြို့မှ ဓာတ်ခွဲနမူနာ (၁၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခုနှင့်
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်–၁ဝဝဝ) မှ ဓာတ်ခွဲနမူနာ (၅၃၈) ခု

စုစုပေါင်း (၄,၅၉၇) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၃၇) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာ (၂ဝ၃) ဦး တွေ့ရှိကြောင်း ကို (၁၅–၉–၂ဝ၂ဝ) ရက်နေ့၊ ည (၈:ဝဝ) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၁၅–၉–၂ဝ၂ဝ) ရက်နေ့၊ ည(၈) နာရီမှ**
**(၁၆–၉–၂ဝ၂ဝ)ရက်နေ့၊ နံနက်(၈:ဝဝ)နာရီအထိ**

| | |
|---|---|
| (၁၅-၉-၂ဝ၂ဝ) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) | (၁,ဝ၉၄) ခု |
| (၁၅-၉-၂ဝ၂ဝ) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ | (၃၆၄) ခု |
| (၁၅-၉-၂ဝ၂ဝ) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ | (၂ဝ၁) ခု |
| (၁၅-၉-၂ဝ၂ဝ) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ | (၁၉၉) ခု |
| (၁၅-၉-၂ဝ၂ဝ) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၁၅-၉-၂ဝ၂ဝ) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ | (၁၆) ခု |
| (၁၅-၉-၂ဝ၂ဝ) အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁ဝဝဝ) မှ ဓာတ်ခွဲနမူနာ | (၅၃၈) ခု |
| (၁၅-၉-၂ဝ၂ဝ) ရက်နေ့တွင် ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂,၄၂၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁၃၄) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၅–၉–၂ဝ၂ဝ) ရက်နေ့၊ ည(၈) နာရီမှ**
**(၁၆–၉–၂ဝ၂ဝ)ရက်နေ့၊ နံနက်(၈:ဝဝ)နာရီအထိ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁၃၄) ဦး | (၃,၆၃၆) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (ဝ) ဦး | (၈၃၂) ဦး |
| သေဆုံးလူနာ | (၄) ဦး | (၃၉) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် စက်တင်ဘာ ၁၆**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂ဝ၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆ဝ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၃၁၉ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၈၂၁ ဦး ရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၁၆**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၃၁၉ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၈၂၁ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၈၂၁ ဦးအနက် သေဆုံးသူ ၄၀ ၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၉၀၈ ဦးနှင့် စက်တင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၈၀ ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၇၈၈၄၇၁ | ၄၀၆၈၇၀၄ | ၂၀၀၁၉၇ |
| ၂။ | အိန္ဒိယ | ၅၀၂၅၀၄၃ | ၃၉၄၂၃၆၀ | ၈၂၁၂၄ |
| ၃။ | ဘရာဇီး | ၄၃၈၄၂၉၉ | ၃၆၇၁၁၂၈ | ၁၃၃၂၀၇ |
| ၄။ | ရုရှား | ၁၀၇၉၅၁၉ | ၈၉၀၁၁၄ | ၁၈၉၁၇ |
| ၅။ | ပီရူး | ၇၃၈၀၂၀ | ၅၈၀၇၅၃ | ၃၀၉၂၇ |
| ၆။ | ကိုလံဘီယာ | ၇၂၈၅၉၀ | ၆၀၇၉၇၈ | ၂၃၂၈၈ |
| ၇။ | မက္ကဆီကို | ၆၇၆၄၈၇ | ၄၈၁၀၆၈ | ၇၁၆၇၈ |
| ၈။ | တောင်အာဖရိက | ၆၅၁၅၂၁ | ၅၈၃၁၂၆ | ၁၅၆၄၁ |
| ၉။ | စပိန် | ၆၀၃၁၆၇ | စိစစ်ဆဲ | ၃၀၀၀၄ |
| ၁၀။ | အာဂျင်တီးနား | ၅၇၇၃၃၈ | ၄၃၈၈၈၃ | ၁၁၈၅၂ |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၉၁၆၉၆ | ၃၈၂၁ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၉၀၈ | ၄၀ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၉၁၆၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၉၀၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၆– ၉–၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၂၇၂၉၃၄ | ၂၀၇၈၅၈ | ၄၇၃၂ |
| ၂။ | အင်ဒိုနီးရှား | ၂၂၈၉၉၃ | ၁၆၄၁၀၁ | ၉၁၀၀ |
| ၃။ | စင်ကာပူ | ၅၇၅၁၅ | ၅၆၈၈၄ | ၂၇ |
| ၄။ | မလေးရှား | ၁၀၀၃၁ | ၉၂၃၅ | ၁၂၈ |
| ၅။ | မြန်မာ | ၃၈၂၁ | ၉၀၈ | ၄၀ |
| ၆။ | ထိုင်း | ၃၄၉၀ | ၃၃၁၆ | ၅၈ |
| ၇။ | ဗီယက်နမ် | ၁၀၆၃ | ၉၃၁ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၅ | ၂၇၄ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၆–၉–၂၀၂၀) ရက်နေ့၊ ညနေ (၃:၀၀)နာရီ**

၁။ (၁၅–၉–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာစုစုပေါင်း (၄,၅၉၇) ခုအနက် အတည်ပြုလူနာ (၃၃၇) ဦး တွေ့ရှိရမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံမြို့နယ် | ၈ |
| | | မဟာအောင်မြေမြို့နယ် | ၂ |
| | | အမရပူရမြို့နယ် | ၃ |
| | | ငါန်းဇွန်မြို့နယ်* | ၁ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | အလုံမြို့နယ် | ၃ |
| | | ဗဟန်းမြို့နယ် | ၂ |
| | | ဗိုလ်တထောင်မြို့နယ် | ၅ |
| | | ဒဂုံမြို့နယ် | ၁ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် | ၃ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် | ၂ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် | ၁၀ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၂ |
| | | ဒလမြို့နယ် | ၂၇ |
| | | ဒေါပုံမြို့နယ် | ၁ |
| | | လှိုင်မြို့နယ် | ၁၄ |
| | | လှိုင်သာယာမြို့နယ် | ၂၀ |
| | | ထန်းတပင်မြို့နယ် | ၁ |
| | | အင်းစိန်မြို့နယ် | ၂၈ |
| | | ကမာရွတ်မြို့နယ် | ၅ |
| | | ကော့မှူးမြို့နယ် | ၇ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၁၀ |
| | | လမ်းမတော်မြို့နယ် | ၁၁ |
| | | လသာမြို့နယ် | ၉ |
| | | မရမ်းကုန်းမြို့နယ် | ၇ |
| | | မင်္ဂလာဒုံမြို့နယ် | ၃ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၅ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၇ |
| | | ပန်းဘဲတန်းမြို့နယ် | ၁၄ |
| | | ပုဇွန်တောင်မြို့နယ် | ၂ |
| | | စမ်းချောင်းမြို့နယ် | ၅ |
| | | ဆိပ်ကြီးခနောင်တိုမြို့နယ် | ၁ |
| | | ရွှေပြည်သာမြို့နယ် | ၁၁ |
| | | တောင်ဥက္ကလာပမြို့နယ် | ၉ |
| | | တာမွေမြို့နယ် | ၁၁ |
| | | သာကေတမြို့နယ် | ၈ |
| | | သန်လျင်မြို့နယ် | ၁ |
| | | သင်္ဃန်းကျွန်းမြို့နယ် | ၁၇ |
| | | တွံတေးမြို့နယ် | ၄ |
| | | ရန်ကင်းမြို့နယ် | ၂ |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | အင်္ဂပူမြို့နယ် | ၁ |
| | | ကန်ကြီးထောင့်မြို့နယ်* | ၁ |
| | | ကျောင်းကုန်းမြို့နယ် | ၉ |
| | | ကျုံပျော်မြို့နယ် | ၁ |
| | | မအူပင်မြို့နယ်* | ၁ |
| | | ညောင်တုန်းမြို့နယ်* | ၁ |
| | | ပုသိမ်မြို့နယ် | ၂ |
| | | ဖျာပုံမြို့နယ် | ၄ |
| | | ဝါးခယ်မမြို့နယ်* | ၁ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ပဲခူးမြို့နယ်* | ၁ |
| | | ဒိုက်ဦးမြို့နယ် | ၁ |
| | | ကဝမြို့နယ် | ၇ |
| | | ဖြူးမြို့နယ်* | ၁ |
| ၅ | မွန်ပြည်နယ် | ဘီးလင်းမြို့နယ် | ၁ |
| | | ကျိုက်မရောမြို့နယ်** | ၁ |
| | | ကျိုက်ထိုမြို့နယ်* | ၂ |
| | | မော်လမြိုင်မြို့နယ်* | ၂ |
| | | သထုံမြို့နယ် | ၂ |
| ၆ | နေပြည်တော် | ဇမ္ဗူသီရိမြို့နယ် | ၂ |
| | | ပုဗ္ဗသီရိမြို့နယ် | ၁ |
| ၇ | ရခိုင်ပြည်နယ် | ကျောက်ဖြူမြို့နယ် | ၁ |
| | | စစ်တွေမြို့နယ် | ၇ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | အရာတော်မြို့နယ် | ၁ |
| ၉ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ဆီဆိုင်မြို့နယ်* | ၁ |
| ၁၀ | တနင်္သာရီတိုင်းဒေသကြီး | မြိတ်မြို့နယ် | ၃ |
| | စုစုပေါင်း | | ၃၃၇ |

*မြို့နယ်များမှ (Stay at Home) သတ်မှတ်ထားသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိပါသဖြင့် အသွားအလာကန့်သတ်ထားရှိပါသည်။

**ပြည်ပခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

❖ **ရှေ့ဖုံးမှ**

အစရှိသည့် ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်နိုင်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယမန်နေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ်အတွင်းရှိ ရပ်ကွက်(၂၂)ရပ်ကွက်တွင် မိဘပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး နှာခေါင်းစည်းဝတ်ဆင်အသုံးပြုနည်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင့်မောင်

## ကိုဗစ် -၁၉ ရောဂါကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကိုလိုက်နာစို့

# ကိုဗစ် - ၁၉ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ပြည်သူများအတွက် အသိပညာပေးအစီအစဉ်

**မြန်မာနိုင်ငံ၌ ကိုဗစ် – ၁၉ ရောဂါ ၂၀၂၀ ပြည့်နှစ် မတ်လတွင် စတင်ဝင်ရောက်လာခဲ့သည်။ ကိုဗစ် – ၁၉ ရောဂါ မြန်မာနိုင်ငံကို စတင်ဝင်ရောက်လာသည့် အချိန်မှစပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။**

သတင်းအဖွဲ့

လက်ရှိအချိန်တွင် ပြည်တွင်းကူးစက်မှုများ များပြားလာသည့်အတွက် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များကလည်း ဆေးရုံများ၊ Quarantine Center များတွင် အစဉ်တစိုက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှု များပြားလာသည့်အတွက် မြောက်ဥက္ကလာပမြို့နယ်ရှိ ဝေဘာဂီ အထူးကုဆေးရုံ၊ တောင်ဥက္ကလာပမြို့နယ်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးနှင့် ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ ကိုဗစ်စင်တာများ၌ လူနာများကို ကုသပေးနေမှုများနှင့် စပ်လျဉ်းပြီး ပြည်သူများသိရှိနိုင်ရန် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က ဆက်သွယ်မေးမြန်းထားမှုများကို တင်ပြလိုက်ပါသည် –

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး**
**ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)**

ကိုဗစ် – ၁၉ ကုသမှုအပိုင်းအနေနဲ့ ရန်ကုန်မှာဆိုရင် ဝေဘာဂီ၊ တောင်ဥက္ကလာပနဲ့ ဖောင်ကြီး ကိုဗစ်စင်တာတို့ ရှိပါတယ်။ အဲဒါတွေရဲ့ အနေအထားကို ကြည့်မယ်ဆိုရင် ဝေဘာဂီနဲ့ တောင်ဥက္ကလာပက လူနာ ၇၀ စီဆံ့တဲ့အတွက် လူနာ ၁၄၀ ဆံ့ပါတယ်။ ICU (Intensive care unit)အနေနဲ့ ခုတင် ၂၀ လောက် ရှိပါတယ်။ ဖောင်ကြီး ကိုဗစ်စင်တာအနေနဲ့ အားလုံးပြင်ဆင်ပြီးရင် လူနာ ၁၀၀၀ ကျော်ထားနိုင်မှာ ဖြစ်ပါတယ်။ အထူးကြပ်မတ်ကုသဆောင်(ICU)အနေနဲ့ လူနာ ၄၀ ထားနိုင်မှာ ဖြစ်ပါတယ်။

**လူနာ ၆၀၀ ဆံ့**

ယခုရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီး ဒဂုံဆိပ်ကမ်းမြို့နယ်မှာရှိတဲ့ ရိုးမအိမ်ရာကို Asymptomatic Hospital (ရောဂါလက္ခဏာ မပြင်းထန်တဲ့လူနာတွေ၊ ရောဂါလက္ခဏာမရှိတဲ့ လူနာတွေကိုထားတဲ့ဆေးရုံ) အဖြစ်နဲ့ ကိုဗစ် – ၁၉ ဓာတ်ခွဲအတည်ပြုလူနာတွေထားဖို့အတွက် စီစဉ်နေပါတယ်။ အဲဒီမှာ ရေချိုးခန်းနဲ့ အိမ်သာပါတဲ့ ပေ ၂၀ ပတ်လည်အခန်းတွေ ရှိပါတယ်။ ဒီလိုမျိုးအခန်းပေါင်း ၁၅၀ လောက်ရှိပါတယ်။ အခန်း ၁၅၀ မှာ တစ်ခန်းကို ၂ ယောက်နှုန်းနဲ့ ထားမယ်ဆိုရင် လူနာ ၆၀၀ ဆံ့မှာ ဖြစ်ပါတယ်။ ဒီလူနာတွေကို ပြုစုကုသစောင့်ရှောက်မယ့် ဆရာဝန်/ ဆရာမတွေကိုလည်း အိမ်ရာရဲ့ ဘေးကပ်လျက်မှာနေထိုင်ဖို့ စီစဉ်ထားပါတယ်။ ဆရာဝန်/ ဆရာမတွေအတွက် အခန်းပေါင်း ၃၂ ခန်း စီစဉ်ထားပါတယ်။ ဒီနေရာမှာ ရောဂါလက္ခဏာ မပြင်းထန်တဲ့ လူနာတွေကို ကုသဖို့ စီစဉ်ထားပါတယ်။

ဒါပေမယ့် ကျွန်တော်တို့တွက်ချက်မှုအရ ဒီလူနာ ၆၀၀ နဲ့ မလောက်ပါဘူး။ တစ်နေ့ကို အခုလို မျိုး ၁၅၀/ ၂၀၀ ဓာတ်ခွဲအတည်ပြုလူနာတွေ ထွက်ပေါ်နေတာနဲ့ ကာဗာဖြစ်အောင် အနည်းဆုံး ၁၅၀၀ / ၂၀၀၀ လျာထားဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ယခု သုဝဏ္ဏဘောလုံးအကယ်ဒမီကျောင်းမှာထားဖို့ အစီအစဉ်ရှိပါတယ်။

အလားတူ ရိုးမအိမ်ရာထဲမှာ ဆက်ပြီးထားနိုင်တဲ့ အခန်းတွေရှိပါသေးတယ်။ ဒါတွေကို ကျွန်တော်တို့ ဆက်ပြီးတိုးချဲ့မယ်ဆိုရင်လူ ၁၀၀၀ /၁၅၀၀ လောက်ထားနိုင်မှာဖြစ်ပါတယ်။ ဖောင်ကြီး၊ တောင်ဥက္ကလာနဲ့ ဝေဘာဂီတို့မှာ ရောဂါပြင်းထန်တဲ့သူတွေကို ကုသပေးနေပါတယ်။ ဒီလို ရောဂါ ပြင်းထန်တဲ့သူတွေကို ကုသပေးဖို့အတွက် ခုတင် ၁၂၀၀ နီးပါးရှိပါတယ်။ အထူးကြပ်မတ်ကုသဆောင်(ICU)အနေနဲ့ ဝေဘာဂီမှာ ၁၂ ခုတင်နဲ့ တောင်ဥက္ကလာမှာ ၁၂ ခုတင် စုစုပေါင်း ၂၄ ခုတင် ရှိပါတယ်။ ဖောင်ကြီးက ခုတင် ၄၀ နဲ့ဆိုရင် ICU ၆၄ ခုတင် ရှိပါတယ်။ ဒါတွေနဲ့ ကုသပေးနေပါတယ်။ ဒီအနေအထားကိုကြည့်ပြီး ကျွန်တော်တို့ စီစဉ်နေတာက ယခုလာမယ့် တစ်ရက်/နှစ်ရက်ကစပြီး ရောဂါလက္ခဏာပြင်းထန်တဲ့သူတွေကိုဖောင်ကြီး၊ ဝေဘာဂီနဲ့ တောင်ဥက္ကလာပဆေးရုံတွေမှာ ကုသပေးမှာဖြစ်ပါတယ်။

**ကျော်လွှားသွားနိုင်**

ကိုဗစ် – ၁၉ ရောဂါရဲ့ ၇၀ ရာခိုင်နှုန်း သို့မဟုတ် ၇၅ ရာခိုင်နှုန်းက ရောဂါလက္ခဏာမပြင်းထန်ပါဘူး။ ရောဂါလက္ခဏာမရှိပါဘူး။ ဒီလူနာတွေကို နှစ်ပတ် ထားမယ်ဆိုရင် ရောဂါလက္ခဏာမရှိတဲ့အတွက် သူများကိုလည်း မကူးနိုင်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ဒီလူနာတွေကို နှစ်ပတ် ဆေးရုံတင်ထားဖို့ လိုပါတယ်။ ဒီနှစ်ပတ်လောက် ဆေးရုံတင်နိုင်မယ့်နေရာတွေကို စီစဉ်နေပါတယ်။ ကျွန်တော်တို့ ဒီလိုမျိုး ရောဂါလက္ခဏာ ၇၀ ရာခိုင်နှုန်းရှိတဲ့ လူနာတွေကို Asymptomatic Hospital တွေနဲ့ ထားနိုင်ဖို့လုပ်နေပါတယ်။ ရောဂါလက္ခဏာပြင်းထန်တဲ့သူတွေကို ကျွန်တော်တင်ပြခဲ့တဲ့ ဆေးရုံ သုံးရုံမှာ ကုသဖို့ စီစဉ်ထားပါတယ်။ ယခုလိုဆောင်ရွက်နေတာကနေ ကျွန်တော်တို့ နိုင်နိုင်နင်းနင်းထိန်း ချုပ်နိုင်ပြီဆိုရင် ဒီရောဂါကိုကျော်လွှားသွားနိုင်မှာဖြစ်ပါတယ်။ ဒီလိုကျော်လွှားသွားနိုင်ဖို့အတွက် အစွမ်းကုန်ကြိုးစားလျက်ရှိပါတယ်။



ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကိုဗစ်–၁၉ ရောဂါကုသရေးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်၊ ဆရာမများအား YRTA မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးစဉ်။

ကျွန်တော့်အနေနဲ့ ပြည်သူလူထုကို တောင်းဆိုချင်တာက ဒီအချိန်မှာ တစ်ပတ်/နှစ်ပတ်အတွင်းမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားထားသလို ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေ၊ ညွှန်ကြားချက်တွေနဲ့အညီ နေပေးကြပါ။ တစ်ယောက်နဲ့ တစ်ယောက် ခြောက်ပေကွာအောင်နေပါဆိုလည်း နေပေးကြပါ။ တစ်ယောက်ချင်း၊ တစ်ဦးချင်းစီရဲ့ စည်းကမ်းနဲ့လိုက်နာမှု အသိစိတ်ဓာတ်က အရေးကြီးပါတယ်။

ဒီကိစ္စက ဆေးကုလို့ရတဲ့ကိစ္စ မဟုတ်ပါဘူး။ ကျွန်တော်တို့ ကုသဖို့ လုပ်နေတာက ရောဂါပျောက်ဖို့ မဟုတ်ပါဘူး။ ယခုကုသဖို့ လုပ်နေတာတွေက ရောဂါကို ထိန်းဖို့ ဖြစ်ပါတယ်။ ဒီလိုထိန်းတာက ကျွန်တော်တို့ ကုသတဲ့ ဝန်ထမ်းတွေ/ ဆရာဝန်တွေကမှ ထိန်းနိုင်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရှိနေတဲ့ တစ်ယောက်ချင်း၊ တစ်ဦးချင်းစီကထိန်းနိုင်မှ ဖြစ်မှာပါ။ ထိန်းဖို့လိုပါတယ်။ ကိုယ်ရှူထုတ်လိုက်တဲ့လေကို သူများတွေမရှူဖို့လိုပါတယ်။ သူများတွေ ရှူထုတ်လိုက်တဲ့လေကိုလည်း ကိုယ်က မရှူဖို့ လိုပါတယ်။ ကိုယ့်စီက ရောဂါပိုးသူများစီ မကူးဖို့ လိုပါတယ်။ သူများစီက ရောဂါပိုး ကိုယ့်စီ မကူးဖို့လိုပါတယ်။ ဒါတွေကို တကယ်စောင့်ထိန်းလိုက်နာရမယ့် ကျွန်တော်တို့ ရန်ကုန်မြို့မှာရှိနေတဲ့ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတိုင်းက ဒါကို အတိအကျ နှစ်ပတ်လိုက်နာကြရင် ဒီရောဂါကို ကျွန်တော်တို့ နိုင်ပါပြီ။



ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကိုဗစ်–၁၉ ရောဂါကုသရေးဌာနရှိ အထူးကြပ်မတ်ကုသဆောင်များ၌ လူနာများ ကုသမည့် စက်ပစ္စည်းများနှင့် ခုတင်များ ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

ဒါကိုနိုင်အောင် ကျွန်တော်တို့ လုပ်ရပါမယ်။ ဒီလိုမျိုး တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတိုင်းက ထိန်းသိမ်းရင် တစ်ဖက်ကနေ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ကနေ အားလုံးပူးပေါင်းပြီးထိန်းရင် ဒီရောဂါကို နိုင်မှာဖြစ်ပါတယ်။

ဒီအချိန်မှာ လိုက်နာရင် လိုက်နာ၊ မလိုက်နာရင် ကျွန်တော်တို့ တစ်တိုင်းတစ်ပြည်လုံး ဒီရောဂါ ကူးစက်ခံရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအချိန်က အလွန်ကိုအရေးကြီးတဲ့ အချိန်ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အပါအဝင် ဌာနပေါင်းစုံက အတိအကျဒါတွေကို လိုက်နာပေးပြီး နှစ်ပတ် အသေအချာလုပ်လိုက်မယ်ဆိုရင် နိုင်မှာဖြစ်ပါတယ်။ ဒီလိုမှ မဟုတ်ရင် ဒါကိုကျော်လွှားဖို့ ကျွန်တော်တို့ ခက်ပါပြီ။

(ဆက်လက်ဖော်ပြပါမည်)



ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကိုဗစ်–၁၉ ရောဂါကုသရေးဌာနရှိ အထူးကြပ်မတ်ကုသဆောင်များကို တွေ့ရစဉ်။



ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကိုဗစ်–၁၉ ရောဂါကုသရေးဌာန သရဖီဆောင်ရှိ လူနာများ ဆေးကုသနေထိုင်မည့်အခန်းကို တွေ့ရစဉ်။

# ဂျပန် အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်သစ် ဆူဂါ ဝန်ကြီးချုပ်ဖြစ်လာ

**တိုကျို စက်တင်ဘာ ၁၆**

ဂျပန် အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်သစ် ဆူဂါအား ဂျပန်နိုင်ငံဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် လွှတ်တော်က အတည်ပြုဆုံးဖြတ် ချက်ချမှတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မစ္စတာ ရှင်ဇိုအာဘေးနေရာတွင် ဆူဂါအား ပြောင်းလဲခန့်အပ်ရန် ဥပဒေပြုအမတ်များက မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲအသာစီးရရှိခဲ့သည်။ ရှင်ဇိုအာဘေးသည် ကျန်းမာရေးအခြေအနေကြောင့် ရာထူးမှ ရုတ်တရက် အနားယူမည်ဟု လွန်ခဲ့သောလက တရားဝင်ကြေညာခဲ့ပြီးနောက် ဂျပန်နိုင်ငံ၏ နိုင်ငံရေးလောက လှုပ်ခတ်သွားခဲ့သည်။

ဆူဂါအနေဖြင့် ရှင်ဇိုအာဘေး အစိုးရလက်ထက်တွင် အစိုးရအဖွဲ့အတွင်းရေးမှူးအဖြစ် ခုနစ်နှစ်တိုင်တိုင် တာဝန်ထမ်းရွက်ခဲ့ခြင်းသည် ၎င်းအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ရန် ထောက်ခံမဲအသာစီးရရှိခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတွင်း ရင်ဆိုင်ကြုံတွေ့နေသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးနှင့်ပတ်သက်ပြီး လုပ်ငန်းစဉ်များကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆူဂါက ပြောကြားခဲ့သည်။ ထို့ပြင် နိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရှင်ဇိုအာဘေးချမှတ်ခဲ့သည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆူဂါက ဆိုသည်။



ဂျပန်ဧကရာဇ်နာရူဟီတိုက ဆူဂါအား ဘုရင့်နန်းတော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပါရှိသည့် စည်းမျဉ်းစည်းကမ်းအတိုင်း ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တင်မြှောက်ခဲ့သည်။ ဆူဂါ၏အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ယခင် ရှင်ဇိုအာဘေးအစိုးရအဖွဲ့ဝင် ထက်ဝက်ကျော်ခန့် ပြန်လည်ပါဝင်လာကြောင်း တွေ့ရှိရသည်။

အာဆိုတာရိုသည် ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဆက်လက်တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်။ ကာတိုကတ်ဆူနိုဘုသည် ယခင် ကျန်းမာရေးဝန်ကြီးရာထူးနေရာကိုစွန့်ခွာပြီး လက်ရှိအစိုးရအဖွဲ့အတွင်းရေးမှူးအဖြစ် တာဝန်ယူရမည်ဖြစ်သည်။

မိုတာဂီ တိုရှီမစ်ဆုသည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆက်လက်တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်။ မိုတာဂီတိုရှီမစ်ဆုသည် လက်ရှိအချိန်တွင် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့နှင့် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

ရှင်ဇိုအာဘေး၏ ညီဖြစ်သူ ကီရှီနိုဘူအိုသည် ကာကွယ်ရေးဝန်ကြီးအဖြစ် လည်းကောင်း၊ တာကီဒါရိုတာသည် ဆက်သွယ်ရေးနှင့် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ ဝန်ကြီးအဖြစ် လည်းကောင်း၊ ကာမီကာဝါယိုကိုသည် တရားရေးရာဝန်ကြီးအဖြစ် လည်းကောင်းတာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်။

ဟာဂီဒါကိုချီသည် ပညာရေးဝန်ကြီးအဖြစ် ဆက်လက်တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ပြီး တာမူရာနိုရီဟီဆာသည် ယခင်ရှင်ဇိုအာဘေးလက်ထက်တွင် ၎င်းထမ်းဆောင်ခဲ့သည့် ကျန်းမာရေးဝန်ကြီးရာထူးနေရာကို ယခုပြန်လည်ထမ်းဆောင်ရမည်ဖြစ်သည်။

နိုဂါမီကိုတာရိုသည် စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဖြစ်လာခဲ့ပြီး ကာဂျီယာမာ ဟီရိုရှီသည် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး၊ အာကာဘာကာဇူယိုရှိသည် အခြေခံအဆောက်အဦဝန်ကြီး၊ ကိုဇူမီရှင်ဂျီရိုသည် သဘာဝပတ်ဝန်းကျင်ဝန်ကြီးအဖြစ် အသီးသီး ဆက်လက်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**



# ဗိုင်းရပ်စ်ကာကွယ်ဆေး ဝယ်ယူရာတွင် တရုတ်နှင့်ရုရှားနိုင်ငံတို့ထံမှ ဦးစားပေးဝယ်ယူမည်ဟု ဖိလစ်ပိုင်သမ္မတ ဒူတာတေး ပြော

**မနီလာ စက်တင်ဘာ ၁၆**

အနောက်နိုင်ငံများရှိ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများထံမှ ကြိုတင်ငွေချေစနစ်ဖြင့် ကမ်းလှမ်းမှုများ ရှိနေလင့်ကစား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရာတွင် ရုရှားသို့မဟုတ် တရုတ်နိုင်ငံထံမှ ဦးစားပေးဝယ်ယူမည်ဟု ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက ယနေ့ ပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်လူနာ ၂၆၉၀၀၀ ကျော်ဖြစ်ပွားရာ အရှေ့တောင်အာရှဒေသ၏ ကူးစက်မှုအမြင့်ဆုံး ဖိလစ်ပိုင်နိုင်ငံက ကာကွယ်ဆေးများရရှိနိုင်သည့် မျှော်လင့်ချက်များကြောင့် ဒီဇင်ဘာလမတိုင်မီ ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိမည်ဟု သမ္မတ ဒူတာတေးက မျှော်မှန်းထားသည်။ "ဈေးကွက်ထဲမှာ အခြားဗိုင်းရပ်စ်ကာကွယ်ဆေးတွေထက် ပိုကောင်းတာကြောင့် ကာကွယ်ဆေးဝယ်ယူရာမှာ ရုရှားနဲ့ တရုတ်နိုင်ငံကို ကျွန်တော်တို့ ဦးစားပေးမှာဖြစ်ပါတယ်" ဟု ရုပ်သံမိန့်ခွန်းတစ်ခုအတွင်း ၎င်းက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံက ဝယ်ယူမည့် မည်သည့်ဗိုင်းရပ်စ်ကာကွယ်ဆေးမဆို ဈေးပြိုင်စနစ်ဖြင့် ဆောင်ရွက်ရမည်ဟု ၎င်းက ဆိုသည်။ အခြားနိုင်ငံများနှင့်မတူသည်မှာ တရုတ်နိုင်ငံမှ ဗိုင်းရပ်စ်ကာကွယ်ဆေးဝယ်ယူရန် ကြိုတင်ငွေပေးချေရန် မလိုအပ်ကြောင်း ၎င်းက ပြောသည်။ ရုရှားနိုင်ငံထုတ် ကာကွယ်ဆေးအတွက် လက်တွေ့စမ်းသပ်မှုများ လုပ်ဆောင်ရန် ရုရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့က သဘောတူညီခဲ့သည်။ ဗိုင်းရပ်စ်ကာကွယ်ဆေး ဝယ်ယူရာတွင် ကြိုတင်ငွေပေးချေမှုရရှိရန် ကြိုးပမ်းနေသည့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများကို သမ္မတ ဒူတာတေးက အမည်ဖော်ပြခဲ့ခြင်း မရှိပေ။ **ကိုးကား-သည်စထရိတ်တိုင်းမ်**

**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လျက်ရှိသော်လည်း အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်

**နယူးဒေလီ စက်တင်ဘာ ၁၆**

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ခြောက်လခန့် ပိတ်ထားခဲ့သည့် စာသင်ကျောင်းများကို မကြာမီ ပြန်လည် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

### လျော့ကျလာ

လက်ရှိအချိန်အထိ ပါကစ္စတန်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ သုံးသိန်းရှိပြီး သေဆုံးသူ ၆၃၉၉ ဦးရှိကြောင်း သိရသည်။ သို့သော် ဗိုင်းရပ်စ်ကူးစက်မှုများ ယခုရက်ပိုင်းအတွင်း တဖြည်းဖြည်း လျော့ကျလာသည့်အတွက် ဩဂုတ်လမှစပြီး ချမှတ်ခဲ့သည့် ခရီးသွားလာခွင့် ပိတ်ပင်မှုများကို ပါကစ္စတန်အစိုးရက ပြန်လည် ဖြေလျှော့ပေးလျက်ရှိသည်။

ခြောက်လခန့် ပိတ်ပင်ထားသည့် တက္ကသိုလ်များနှင့် ကောလိပ်များကို စက်တင်ဘာ ၂၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ အနေဖြင့် နှာခေါင်းစည်းများ ဝတ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း စသည့် ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်သည်။ တက္ကသိုလ်နှင့် ကောလိပ်များ၏ ဝင်ပေါက်များတွင်လည်း အပူချိန်တိုင်းတာမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

### ၁၅ ဦးထက် မပို

ထို့ပြင် စာသင်ခန်းတစ်ခန်းတွင် ကျောင်းသား ၁၅ ဦးထက် မပိုသောစနစ်ဖြင့် စာသင်ခုံများကို စီတန်းထားမည်ဖြစ်သည်။

"စာသင်ကျောင်းတွေ ပြန်ဖွင့်တော့မှာဆိုတော့ သူငယ်ချင်းတွေနဲ့ တွေ့ရတော့မှာ။ အလွန်ပျော်စရာကောင်းမှာပဲ" ဟု ကျောင်းသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းအနေဖြင့် ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများကို လိုက်နာမည်ဖြစ်ပြီး သင်ခန်းစာများကိုလည်း ဂရုတစိုက်လေ့လာသွားမည်ဖြစ်ကြောင်း အဆိုပါကျောင်းသူက ဆိုသည်။

အလားတူ အိန္ဒိယနိုင်ငံတွင်လည်း အထက်တန်း ကျောင်းများကို စက်တင်ဘာ ၂၁ ရက်တွင် ပြန်လည် ဖွင့်လှစ်တော့မည်ဖြစ်သည်။

### မိဘများခွင့်ပြုသူသာ

သို့သော် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ ဆက်လက် မြင့်တက်လျက်ရှိသည့်အတွက် မိဘများက ခွင့်ပြုသည့် ကျောင်းသား ကျောင်းသူများသာလျှင် စာသင်ကျောင်းများသို့ လာရောက်တက်ရောက်ခွင့်ရှိမည်ဖြစ်သည်။

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံ၌ တစ်ရက်တာ ဗိုင်းရပ်စ်ကူးစက်မှု အရေအတွက်သည် ၈၀၀၀၀ အထိ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အောင်ကျော်ကျော်**

■



# အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ် ပြည်ထဲရေးဝန်ကြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**နယူးဒေလီ စက်တင်ဘာ ၁၆**

အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ် ပြည်ထဲရေးဝန်ကြီး ဘာဆာဗာရတ်ဂျ်ဘွမ်မိုင်းတွင် ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်တွေ့ရှိခဲ့ကြောင်း ဝန်ကြီးက တွစ်တာလူမှုကွန်ရက်၌ ယနေ့ ကြေညာခဲ့သည်။

ဗိုင်းရပ်စ်လက္ခဏာများ မပြသသော်လည်း သီးခြားခွဲနေလျက်ရှိကြောင်း ဘာဆာဗာရတ်ဂျ်က ပြောသည်။ ၎င်းနှင့် ထိတွေ့ခဲ့သူများအားလုံး ချက်ချင်း စစ်ဆေးမှုပြုလုပ်ကြရန် ၎င်းက တိုက်တွန်းခဲ့သည်။ "မနေ့က အိမ်မှာ အလုပ်လုပ်တဲ့ကောင်လေးတစ်ယောက်ကို ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုပြုလုပ်ရာမှာ ကူးစက်မှု အတည်ပြုခဲ့ပါတယ်။ ကျွန်တော်လည်း စစ်ဆေးမှုပြုလုပ်ရာမှာ ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ပါတယ်။ ဗိုင်းရပ်စ်လက္ခဏာတွေမပြဘဲ ကျန်းမာရေးကောင်းမွန်ပြီး နေအိမ်မှာ သီးခြားခွဲနေလျက်ရှိပါတယ်" ဟု တွစ်တာစာမျက်နှာတွင် ၎င်းက ရေးသားခဲ့သည်။

၎င်းနှင့် တိုက်ရိုက်ထိတွေ့ခဲ့သူများ အနေဖြင့် ချက်ချင်းစစ်ဆေးမှုပြုလုပ်ရန်နှင့် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ကြရန် ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား-ပီတီအိုင်**

**ဘာသာပြန်-ကျော်ထိုက်စိုး**

ကြေးမုံ
စက်တင်ဘာ ၁၇၊ ၂၀၂၀

# တစ်လအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အသင့်ဖြစ်မည်ဟု သမ္မတထရမ့် အခိုင်အမာဆို

**ဝါရှင်တန် စက်တင်ဘာ ၁၆**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တစ်လအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အသင့်ဖြစ်မည်ဖြစ်ပြီး နိုဝင်ဘာ ၃ ရက်တွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲမတိုင်မီ ကာကွယ်ဆေးဖြန့်ချိနိုင်မည်ဖြစ်ကြောင်း အေဘီစီသတင်းဌာနက ကြီးမှူးကျင်းပသည့် မြို့တော်ခန်းမ တွေ့ဆုံပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

သမ္မတထရမ့်က ကာကွယ်ဆေးရရှိရန် အလွန်နီးစပ်သည့် အခြေအနေတွင်ရှိနေပြီဖြစ်ပြီး အစားအစာ၊ ဆေးဝါးကွပ်ကဲမှုနှင့် အခြားခွင့်ပြုချက်အားလုံးရရှိထားပြီဖြစ်ကာ လာမည့် ရက်သတ္တ သုံး၊ လေးပတ်အတွင်းမှာပင် ကာကွယ်ဆေးရရှိရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ၆ ဒသမ ၆ သန်းနှင့် သေဆုံးမှု ၁၉၅၀၀၀ ရှိကာ ရောဂါဖြစ်ပွားမှုတွင် ကမ္ဘာ့နံပါတ်(၁)နေရာတွင် ရှိနေခဲ့သည်။ သို့သော် သမ္မတ ထရမ့်က ၎င်းလက်ထက် ရောဂါပြန့်ပွားမှု မထိန်းချုပ်နိုင်ခြင်းကို ကာကွယ်ပြောကြားခဲ့ပြီး ၎င်း၏ကိုယ်ပိုင်နည်းလမ်းဖြင့်ပင် ရောဂါကိုပျောက်ကွယ်သွားအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-မေလှဲ့သင်း**



သမ္မတ ဒေါ်နယ်ထရမ့်နှင့် အေဘီစီသတင်းဌာန အကြီးအကဲ ဂျော့ဂျ်စတီဖန်နိုပိုးလော့စ်



# အစ္စရေး၊ ယူအေအီး၊ ဘာရိန်းတို့အကြား ပုံမှန်ဆက်ဆံရေးတည်ဆောက်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ် ဝါရှင်တန်၌ လက်မှတ်ရေးထိုး

**ဝါရှင်တန် စက်တင်ဘာ ၁၆**
အစ္စရေးနိုင်ငံသည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၊ ဘာရိန်းနိုင်ငံတို့နှင့် ပုံမှန်ဆက်ဆံရေး တည်ဆောက်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို စက်တင်ဘာ ၁၅ ရက်က အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၊ အာရပ်စော်ဘွားများပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်အဗ္ဗဒူလာနှင့် ဘာရိန်းနိုင်ငံခြားရေးဝန်ကြီး ရှာရစ် အယ်လ်ဇာယာနီတို့ တက်ရောက်ခဲ့သည်။

ယင်းလက်မှတ်ရေးထိုးပွဲအခမ်းအနားသည် ယခင်က အစ္စရေးနိုင်ငံနှင့် ယူအေအီးနိုင်ငံတို့အကြား ပုံမှန်ဆက်ဆံရေး တည်ဆောက်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြားဝင်ညှိနှိုင်းပေးခဲ့ခြင်းဖြစ်ပြီး ယူအေအီးနိုင်ငံနှင့် ဘာရိန်းနိုင်ငံတို့သည် အစ္စရေးနိုင်ငံနှင့် သံတမန်ဆက်ဆံရေး တည်ဆောက်မည့် အာရပ်ဒေသ၏ တတိယမြောက်နှင့် စတုတ္ထမြောက်နိုင်ငံတို့ ဖြစ်လာခဲ့သည်။

အစ္စရေးနိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို အာရပ်ဒေသမှ အီဂျစ်နိုင်ငံသည် ၁၉၇၉ ခုနှစ်တွင် လည်းကောင်း၊ ဂျော်ဒန်နိုင်ငံသည် ၁၉၉၄ ခုနှစ်တွင် လည်းကောင်း တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပါလက်စတိုင်းခေါင်းဆောင်ပိုင်းကမူ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် အစ္စရေးနိုင်ငံ၏အရေးကိစ္စကို ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုချုပ်ဆိုခဲ့သည့် ပုံမှန်ဆက်ဆံရေးတည်ဆောက်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်အပေါ် ပြစ်တင်ပြောကြားခဲ့ပြီး ၂၀၀၂ ခုနှစ်က စတင်ခဲ့သည့် အာရပ်ငြိမ်းချမ်းရေးကနဦးခြေလှမ်းတစ်ရပ်ကို လိုက်နာရန်လည်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က အာရပ်ဒေသနိုင်ငံများအား တောင်းဆိုခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အသက် ၁၈ နှစ်နှင့်အထက် စင်ကာပူနိုင်ငံသားများ စင်ကာပူဒေါ်လာ ၁၀၀ တန် ပြည်တွင်းခရီးသွားလက်မှတ် ရရှိမည်

**စင်ကာပူ စက်တင်ဘာ ၁၆**
စင်ကာပူနိုင်ငံသည် ခရီးသွားလာရေးနှင့် ဟိုတယ်လုပ်ငန်းများ လည်ပတ်မှု ပြန်လည်အားကောင်းစေရေး အစီအမံတစ်ရပ်အဖြစ် အသက် ၁၈ နှစ်ပြည့်ပြီးသည့် နိုင်ငံသားအားလုံးကို စင်ကာပူဒေါ်လာ ၁၀၀ တန်ပြည်တွင်းအပန်းဖြေခရီးသွားလက်မှတ် ပေးအပ်သွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါလက်မှတ်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှ ၂၀၂၁ ခုနှစ် ဇွန်လအတွင်း အသုံးပြုနိုင်မည်ဖြစ်ကာ ကလေးနှင့်လူငယ်များအတွက်လည်း စင်ကာပူဒေါ်လာ ၁၀ တန် ခရီးသွားလက်မှတ်ပေးအပ်မည်ဖြစ်ကြောင်း စင်ကာပူ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ကဆိုသည်။ အစီအစဉ်ကာလအတွင်း အရွယ်ရောက်ပြီးသူတစ်ဦးအနေဖြင့် ကလေးနှင့်လူငယ်ခြောက်ဦးအတွက် ခရီးသွားလက်မှတ်များကို ထောက်ပံ့ရေး နှုန်းထားဖြင့်ပင် ဝယ်ယူနိုင်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်မှာ လူမှုထောက်ပံ့ရေးအစီအမံမဟုတ်ဘဲ ခရီးသွားလုပ်ငန်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ကျားကန်ပေးသည့် စီးပွားရေးစီမံချက်သာဖြစ်ပြီး အစိုးရအနေဖြင့် အဆိုပါစီမံချက်အတွက် စင်ကာပူဒေါ်လာသန်း ၃၂၀ အသုံးပြုထားကြောင်း သိရသည်။

လူအများလည်ပတ်မည့်နေရာများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိရေး အစီအမံများ တင်းကျပ်စွာ ချမှတ်ထားမည်ဖြစ်ပြီး ဇုန်တစ်ခုတွင် လူဦးရေ ၅၀ သာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်သည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-မေလှဲ့သင်း**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ငါးသန်းအထိရှိလာ

**နယူးဒေလီ စက်တင်ဘာ ၁၆**
အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ငါးသန်းအထိရှိလာကြောင်းနှင့် ယင်းအရေအတွက်သည် ကမ္ဘာတစ်ဝန်းတွင် အမေရိကန်နိုင်ငံပြီးပါက ဒုတိယအများဆုံး ကူးစက်ခံရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် တခြားသောနိုင်ငံများထက် ကိုဗစ်-၁၉ ရောဂါကူးစက်မှုပိုမိုမြင့်တက်နေပြီး စက်တင်ဘာ ၁၅ ရက်အထိ တစ်ရက်တာ ကူးစက်ခံရသူအရေအတွက် ၉၀၀၀၀ အထိရှိခဲ့သည်မှာ ငါးရက်ကြာရှိခဲ့ပြီဖြစ်ကြောင်းလည်း သိရသည်။



အိန္ဒိယနိုင်ငံ၌ အထူးကြပ်မတ်ကုသခုတင်များနှင့် အောက်ဆီဂျင်အထောက်အပံ့များ ပြတ်လပ်ခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး သေဆုံးသူအရေအတွက်သည်လည်း ၈၀၀၀၀ ကျော်အထိရှိသွားပြီဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်တွင် အမေရိကန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့ထက် လျော့နည်းနေသော်လည်း ကူးစက်ခံရသူ အရေအတွက်တွင်မူ ဘရာဇီးနိုင်ငံထက် ကျော်လွန်နေကြောင်း သိရသည်။ **ကိုးကား-ဘီဘီစီ
ဘာသာပြန်-အလင်းသစ်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

**ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ**
**၂၉၇၆၅၉၄၀ ဦး**

**သေဆုံးသူ**
**၉၃၉၉၆၈ ဦး**

**ပြန်လည်ကျန်းမာ**
**၂၁၅၆၆၄၆၈ ဦး**

# အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် ကျန်းမာရေးဝန်ထမ်း ၁၅၅ ဦးသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၁၆**
အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် ကျန်းမာရေးဝန်ထမ်း ၁၅၅ ဦး ထက်မနည်းသေဆုံးခဲ့ကြောင်း အိန္ဒိယအစိုးရက ပြောကြားသည်။

အဆိုပါ သေဆုံးသွားသည့် ကျန်းမာရေးဝန်ထမ်းများတွင် ဆရာဝန် ၆၄ ဦး၊ အရန်သူနာပြု၊ သားဖွား (သို့မဟုတ်) အထွေထွေကျန်းမာရေးဝန်ထမ်း ၃၂ ဦး၊ လူမှုကျန်းမာရေး တက်တက်ကြွကြွလှုပ်ရှားသူ ၁၄ ဦးနှင့် အခြားကျန်းမာရေးဝန်ထမ်း ၄၅ ဦးတို့ ပါဝင်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသွားသည့် ကျန်းမာရေးဝန်ထမ်းများ၏ အသေးစိတ်စာရင်းကို အိန္ဒိယနိုင်ငံ၏ ကျန်းမာရေးနှင့် မိသားစုဘဝ ဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ အာရှွင်နီကူမာချောင်ဘေက ပါလီမန်သို့ တင်သွင်းခဲ့ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသွားသည့် အဆိုပါ ကျန်းမာရေးဝန်ထမ်းများသည် အိန္ဒိယဝန်ကြီးချုပ်၏ သက်သာချောင်ချိရေး အာမခံအစီအစဉ်အရ ထောက်ပံ့ငွေ ခံစားခွင့်ပြုခဲ့ကြောင်း သိရသည်။

ဇူလိုင်လက ကယ်ရားလားပြည်နယ် ကိုချင်မြို့ အခြေစိုက် အိန္ဒိယဆေးဘက်အသင်းဥက္ကဋ္ဌ ရာဂျစ်ဗ်ဂျာယာဒီဗန်၏ ပြောကြားချက်အရ အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ် ဇူလိုင် ၁၃ ရက်အထိ ဆရာဝန် ၁၀၄ ဦး သေဆုံးခဲ့ကြောင်းသိရသည်။ ထိုအချိန်မှစ၍ ဆရာဝန်လေးဦးသေဆုံးမှု ထပ်မံဖြစ်ပွားခဲ့ပြီး ၎င်းတို့အနက်သုံးဦးသည် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် ခရီးစဉ်၌ ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကာ အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသွားသည့် ဆရာဝန်အရေအတွက် ၁၀၈ ဦးရှိလာခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသွားသည့် ဆရာဝန်အများစုမှာ အသက် ၆၀ အောက်အရွယ်များဖြစ်ပြီး ၎င်းတို့အနက် အများစုမှာ အထူးကုဆရာဝန်များဖြစ်ကြောင်း ဂျာယာဒီဗန်က ထပ်မံဖော်ပြသည်။ အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ဆက်လက်ရင်ဆိုင်ရဖွယ်ရှိကြောင်း ၎င်းက ထပ်မံဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ၌ ယနေ့တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၀၁၂၃ ဦး တွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူ ၅၀၂၀၃၅၉ ဦး ရှိလာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၁၂၉၀ ထပ်မံသေဆုံးခဲ့ရာ အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၂၀၆၆ ဦး ရှိလာကြောင်း သိရသည်။



ယခုအခါ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ဒုတိယအများဆုံးဖြစ်ပွားသည့်နိုင်ငံအဖြစ် ရပ်တည်နေသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**


## ရုမေးနီးယား၌ ကိုဗစ်-၁၉ရောဂါ ကူးစက်မှု စံချိန်တင်

**ဘူချာရက်စ် စက်တင်ဘာ ၁၆**
ရုမေးနီးယားနိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ ၁၇၁၃ ဦးအထိ ဖြစ်ပွားခဲ့ရာ ယင်းအရေအတွက်သည် တစ်နိုင်ငံလုံး အနေအထားဖြင့် စံချိန်တင်နှုန်းထားဖြစ်ကြောင်း အစိုးရက ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။ ရုမေးနီးယားတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း စတင်ခဲ့ပြီးနောက် ရောဂါဖြစ်ပွားမှု စုစုပေါင်း ၁၀၇၀၁၁ ဦး၊ သေဆုံးသူ ၄၂၈၅ ဦးနှင့် ပြန်လည်ကျန်းမာလာသူ ၅၀၀၀၀ ရှိခဲ့သည်။

အစိုးရသည် မတ်လကတည်းက နိုင်ငံသားများအားလုံးကို အိမ်တွင်းနေထိုင်ကြရန် ညွှန်ကြားချက်ထုတ်ခဲ့ပြီး တင်းကျပ်သည့် စီမံချက်များချခဲ့သော်လည်း မေ ၁၅ ရက်မှစတင်ကာ ကန့်သတ်မှုအချို့ကို ပြန်လည်ဖြေလျှော့ပေးခဲ့သည်။ ရောဂါကူးစက်မှုမှာ မြို့တော် ဘူချာရက်စ်နှင့် လူဦးရေထူထပ်သည့် မြို့ကြီးများတွင် မြင့်မားခဲ့ပြီး ယခုလို ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်ခဲ့ခြင်းကြောင့် ရုမေးနီးယားမှာ စပိန်၊ ပြင်သစ်၊ ခရိုအေးရှား နှင့် ချက်သမ္မတနိုင်ငံတို့နှင့်အတူ ဥရောပတွင် ရောဂါကူးစက်မှု အမြင့်ဆုံးအနေအထားသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

တနင်္လာနေ့မှစတင်ကာ ခြောက်လကျော်ပိတ်ထားသည့် ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသားဦးရေ ၂ ဒသမ ၈ သန်း တက်ရောက်နေသလို လာမည့်စက်တင်ဘာ ၂၇ ရက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြို့တော်ဝန် ၃၀၀၀ အတွက် ရွေးကောက်ပွဲကို ကျန်းမာရေးနှင့် လုံခြုံရေးတင်းကျပ်သည့်စည်းမျဉ်းများဖြင့် ကျင်းပရန် စီစဉ်ထားပြီးဖြစ်သည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-မေလွဲ့သင်း**



## အမေရိကန်၌ ကလေးငယ် ၅၅၀၀၀၀ နီးပါး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ



**ဝါရှင်တန် စက်တင်ဘာ ၁၆**
အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယနေ့အထိ ကလေးငယ် ၅၅၀၀၀၀ နီးပါး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ကြောင်း အမေရိကန် ကလေးအထူးကုဆေးကျောင်းနှင့် ကလေးများ ဆေးရုံအသင်းမှ ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

အမေရိကန်ပြည်ထောင်စု၌ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော ကလေးငယ် ၇၂၉၉၃ ဦးရှိရာ သီတင်းပတ် နှစ်ပတ်ကျော်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၁၅ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း အစီရင်ခံစာအရ သိရသည်။

လက်ရှိအချိန်အထိ အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံး၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသော ကလေးငယ် ၅၄၉၄၃၂ ဦးရှိရာ ယင်းရောဂါကူးစက်ခံရသော ကလေးဦးရေသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအားလုံး၏ ၁၀ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတင်ခံရသည့် အမေရိကန် ကလေးငယ်များသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ခဲ့ရသည့် လူဦးရေအားလုံး၏ သုည ဒသမ ၆ နှင့် ၃ ဒသမ ၆ ရာခိုင်နှုန်း အကြားရှိနေသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ကလေးငယ်များသေဆုံးမှုသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအားလုံး၏ သုည ဒသမ ၃ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

## အင်ဒိုနီးရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၆၃ ဦးရှိပြီး ၁၃၅ ဦး သေဆုံး

**ဂျကာတာ စက်တင်ဘာ ၁၆**
အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၆၃ ဦး စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၂၈၉၉၃ ဦး ရှိလာခဲ့ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၃၅ ဦး သေဆုံးခဲ့ရာ အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၁၀၀ ရှိလာကြောင်း သိရသည်။

သို့ရာတွင် လူနာ ၃၀၃၆ ဦးသည် တစ်ရက်တာအတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ ယခုအခါ အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၆၄၁၀၁ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့သွားခဲ့ရာ အဓိကအားဖြင့် မြို့တော်ဂျကာတာ၌ ၁၂၉၄ ဦး၊ အရှေ့ဂျာဗား၌ ၃၇၂ ဦး၊ အလယ်ဂျာဗား၌ ၃၄၀၊ အနောက်ဂျာဗား၌ ၂၉၃ ဦးနှင့် အရှေ့ကာလီမန်တန်၌ ၂၁၇ ဦး စသည်ဖြင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ အသီးသီးကူးစက်ခံခဲ့ရကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲတွင် တနိုင်းမြို့ ဆွတ်ပိုင်ရပ်ကွက် တနိုင်း-မိုင်းခွန်သွားကားလမ်းမတွင် မသင်းရွှေ မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၄၉၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀၀ တို့ကို လည်းကောင်း၊ ဆက်လက်၍ ၎င်းနေထိုင်သည့် တနိုင်းမြို့ ဟူးကောင်းရပ်ကွက်ရှိ နေအိမ်သို့ သွားရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၉၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၁၈၀ တို့ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၆ နာရီ က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သပိတ်ကျင်းမြို့နယ် တကောင်း-သပိတ်ကျင်း သွားကားလမ်းရှိ လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်အနီးတွင် ပြည့်ဖြိုးထွန်း(ခ) ကိုဖြိုး မောင်းနှင်ပြီး လင်းလင်းဦး(ခ)ကိုဦး လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း၊ ထို့အတူ ထိုနေ့ မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရပ်စောက်မြို့နယ် ကျောက်ဂူကျေးရွာအုပ်စု ကျောက်ဆုံ ကျေးရွာအနီး ကျောက်ဆုံ- နောင်ဝိုးသွားကားလမ်းတွင် စိုင်းညာလိန္ဒ မောင်းနှင်ပြီး မမိုးသဇင် လိုက်ပါလာသောယာဉ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးသီးမြို့နယ် မိုင်းနောင်မြို့ တူယားကျေးရွာအုပ်စု ဟုန်းဟန်ကျေးရွာအနီး မိုင်းနောင်-မိုင်းစံသွားကားလမ်းတွင် စိုင်းလူ(ခ) စိုင်းဝါလိုင် မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၃၃ ဒသမ ၃၅ ကီလို ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



မသင်းရွှေအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား

# တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် ၂၀၂၀ ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိသည်။

ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန်မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင်မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများ ပေးဝေနေရသည့် အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထား မိုးစပါးစိုက်ဧကများ ပြည့်မီစွာရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာစိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် သောက်သုံးရေလုံလောက်စွာပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသောတောင်သူလယ်သမားများနှင့် ပြည်သူများကလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မိုးသည်းထန်စွာရွာသွန်းပြီး မြောချောင်းတိုက်စားမှုကြောင့် ဖားကန့်မြို့နယ် ကျေးရွာအချို့မှ နေအိမ်ငါးလုံး ပြိုကျ

**ဖားကန့် စက်တင်ဘာ ၁၆**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဇွေခါကျေးရွာနှင့် မကာပင်ကျေးရွာတို့တွင် ယနေ့ နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး မြောချောင်းတိုက်စားမှုကြောင့် လူနေအိမ်ငါးလုံး ပြိုကျပျက်စီးမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



မကာပင်ကျေးရွာ ရွာထိပ်ရှိ မြေစာပုံမှ စီးဆင်းလာသော မြောချောင်း တိုက်စားမှုကြောင့် ကျေးရွာအတွင်းရှိ လူနေအိမ်လေးလုံး ပြိုကျပျက်စီးသွားခဲ့ပြီး ဇွေခါကျေးရွာ မော်တောင်းရပ်ကွက်(၄)တွင်လည်း တောင်ကမ်းပါးယံမှ မြေစာများ မိုးရေနှင့်အတူ ပြိုကျစီးဆင်းမှုကြောင့် နေအိမ်တစ်လုံး ပျက်စီးသွားခဲ့ကြောင်း ဆိပ်မူကျေးရွာ ရာအိမ်မှူးရုံးမှ သိရသည်။

ဆိပ်မူကျေးရွာအုပ်စုအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဂျမ်ဂါကျေးရွာရှိ မြေသားလမ်းမကြီး ကမ်းပါးယံပြိုကျခဲ့ပြီး လမ်းပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့သည့်အပြင် ဇွေခါကျေးရွာ မော်သစ်ကုန်း ရပ်ကွက်(၃)မှ နေအိမ်လေးအိမ်ခန့် အနိမ့်ပိုင်းဘက်သို့ အနည်းငယ်လျှောကျမှုနှင့် ထပ်မံလျှောကျမှုဖြစ်ပေါ်နိုင်သည့် နေအိမ်ခုနစ်လုံးခန့်ရှိနေကြောင်းလည်း သိရသည်။

အလားတူ ဇွေခါကျေးရွာ၏ မြေနိမ့်ပိုင်း ရပ်ကွက်တစ်ခုဖြစ်သည့် မော်တောင်းရပ်ကွက် (၁)တွင် နေအိမ် ၁၈ လုံးခန့် ရေဝင်ရောက်မှုရှိနေပြီး လူဦးရေ ၅၃ ဦးအတွက် သွားလာရခက်ခဲမှုဖြစ်ပေါ်နေကြောင်း သိရသည်။

လက်ရှိ မြောချောင်းတိုက်စားမှုနှင့် ရေနစ်မြုပ်မှုဖြစ်ပေါ်နေသော ပြည်သူများထံသို့ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ခုနှစ် မတ် ၁ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၅ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅၁ စီး၊ သွင်းကုန် ၃၀၇ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၁ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၂၀ သန်း) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် ပန်းကန်(ဆိုဒ်စုံ)(အဟောင်း) (140 Pkgs) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်






# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်
**၅၂ ရက်သာ**
လိုတော့သည်။

## ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရာတွင်ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်

မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးရာတွင် ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများ







မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၆

**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ အတွင်းရေးမှူး(၂)၊ ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဦးဦးသန်းဌေးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မိဘပြည်သူများခင်ဗျား -**

ကျွန်တော်ကတော့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ အတွင်းရေးမှူး (၂) ဦးဦးသန်းဌေး ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ရှိကြတဲ့ မဲဆန္ဒရှင် တိုင်းရင်းသားမိဘပြည်သူအပေါင်း ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ပါတီဖွဲ့စည်းတည်ထောင်ခြင်းနှင့် ရည်ရွယ်ချက်**

ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို ၂၀၁၀ ပြည့်နှစ်၊ ဇွန်လတွင် ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တရားဝင်နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်သွင်းလျှောက်ထားခဲ့ရာ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ(၈)ရက်နေ့မှစ၍ မှတ်ပုံတင်ခွင့်ပြုခဲ့ကာ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ မှတ်ပုံတင် အမှတ်မှာ (၃၇) ဖြစ်ပါတယ်။ ကျွန်တော်တို့ ခမီလူမျိုးစုတွေဟာ ရခိုင်ပြည်နယ် မြောက်ပိုင်းမြို့နယ်တွေမှာ အဓိက ပျံ့နှံ့နေထိုင်ကြပြီးတော့ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ခဲ့တဲ့ လူမျိုးစုဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မြောက်ပိုင်းခြမ်းမှ လူမျိုးစုပါတီငယ်တစ်ခုဖြစ်ပြီး နိုင်ငံသား အခွင့်အရေး၊ တိုင်းရင်းသား အခွင့်အရေးများ အခြားသော ပြည်ထောင်စုဖွားတိုင်းရင်းသားများနဲ့အတူ တန်းတူညီမျှ တရားမျှတ လွတ်လပ်ခံစားခွင့်ရရှိရေးအတွက် နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းတည်ထောင်ရခြင်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ခမီလူမျိုးစုများအနေဖြင့် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ (Civil and Political Rights ) တန်းတူညီမျှရေး လိုလားသည့်အတွက် ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို ဖွဲ့စည်းတည်ထောင်ကြရခြင်းဖြစ်ပါတယ်။ ဒီကနေ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ခေတ်ရေစီးကြောင်းအခြေအနေ အချိန်အခါအရ မိမိတို့ ခမီလူမျိုးတွေရဲ့ National Identity (ခေါ်) အမျိုးသားအမှတ်အသားလက္ခဏာ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ နိုင်ငံရေးပါတီအဖြစ် တည်ရှိလာရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ရုံးချုပ်ကတော့ အမှတ်(၁၄၄)၊ ဆင်ကူးလမ်း၊ အကွက်(၁)ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်မှာ ဖွင့်လှစ်ထားပါတယ်။

**ပါတီမူဝါဒများ**

ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ ပါတီမူဝါဒကတော့ (၄)ချက် ရှိပါတယ် -

(၁) ကမ္ဘာ့နိုင်ငံများအလယ်၌ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထာဝရ ခိုင်မာစွာ ရပ်တည်နိုင်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး ပူးပေါင်းလက်တွဲ ဆောင်ရွက်ရန်။

(၂) စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ် ပီပြင်စွာ ဖော်ဆောင်ကြရာတွင် တိုင်းရင်းသား အချင်းချင်း လက်တွဲဆောင်ရွက်ရန်။

(၃) ခမီလူမျိုးစုတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်ပြီး အခြားသော လူမျိုးစုများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးများကိုလည်း အားပေးကူညီသွားရန်။

(၄) မိမိတို့၏ ဓလေ့ထုံးစံ၊ ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ခေတ်နှင့်လျော်ညီစွာ တီထွင်လေ့ကျင့် ပြုစုပျိုးထောင်မှုများ ဆောင်ရွက်ရန်။

တို့ ဖြစ်ပါတယ်။

**ပါတီ၏ ရှေ့လုပ်ငန်းစဉ် အခြေခံမူများ**

ဆက်လက်ပြီး ပါတီရဲ့ မူဝါဒအပေါ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် အခြေခံမူများကတော့

(၁) ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးအားလုံးသည် နိုင်ငံတော်၏အချုပ်အခြာအာဏာပိုင်ဖြစ်သော တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုအားဖြင့် ကမ္ဘာ့အလယ်တွင် ခိုင်မာစွာ ရပ်တည်သွားနိုင်ရေး ဆောင်ရွက်ရန်။

(၂) ပါတီစုံဒီမိုကရေစီဖော်ဆောင်ရာတွင် တိုင်းရင်းသားအချင်းချင်း တန်းတူရည်တူရှိမှု၊ အပြန်အလှန်လေးစားမှု၊ ပုဂ္ဂိုလ်ရေးပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို အခြေခံ၍ ဆောင်ရွက်ရန်။

(၃) မိမိလူမျိုးစုနှင့် အခြားတိုင်းရင်းသားလူမျိုးစုများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အားသွန်ခွန်စိုက် ဆောင်ရွက်ရန်။

(၄) ပထဝီဒေသကွဲပြားခြားနားမှုအရ လူမျိုးအမည်နာမ အမျိုးမျိုးကွဲပြားနေသော မိမိတို့လူမျိုးစုများအား တစုတစည်းတည်းဖြစ်အောင် ဆောင်ရွက်သွားရန်။

(၅) မိမိတို့ လူမျိုးစုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ပါက အခြားသော တိုင်းရင်းသား လူမျိုးစုများနှင့်ဖြစ်စေ၊ အခြားသော တိုင်းရင်းသားအဖွဲ့အစည်းနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်သွားရန်တို့ဖြစ်ပါတယ်။

အထက်က ကျွန်တော့်အနေနဲ့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ ပါတီဖွဲ့စည်းရခြင်း၊ ရည်ရွယ်ချက်၊ ပါတီမူဝါဒ၊ ရှေ့လုပ်ငန်းစဉ်များကို အကျဉ်းချုပ်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အခု ဆက်လက်ပြီးတော့ ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အလံ (သို့မဟုတ်) ခမီအမျိုးသားအလံတော်နှင့် ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ သင်္ကေတ (Logo) ကို တင်ပြသွားမည် ဖြစ်ပါတယ်။

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အလံတော်ကို အစိမ်းရောင်၊ အဖြူရောင်၊ အပြာရောင် အရောင်(၃)မျိုးဖြင့် အချိုးညီစွာ အလျားလိုက် ကန့်လန့်ဖြတ် ရောစပ်ထားပြီး အထက်ကွက်မှာ အပြာရောင်၊ အလယ်ကွက်မှာ အဖြူရောင်နဲ့ အောက်ခြေမှာတော့ အစိမ်းရောင် ဖြစ်ပါတယ်။ အလံတော်ရဲ့ အထက်ကွက် အပြာရောင် လက်ဝဲဘက်ထောင့်မှာ အနီရောင် မိုးသောက်ကြယ်ပြောင်တစ်လုံး ပါပါတယ်။ ၎င်းမိုးသောက် ကြယ်ပြောင်ကို ခမီလူမျိုးတို့က “မခီအာ့ဆီမ်လ်” ခေါ်ပါတယ်။

အလံတော်ရဲ့ အပြာရောင် အဓိပ္ပာယ်ဟာ မိုးကောင်းကင်ကို ရည်ညွှန်းပြီး အေးချမ်းတည်ငြိမ်သော သဘောကိုဆောင်ပါတယ်။ မိုးသောက်ကြယ်ပြောင် အနီရောင်ကတော့ ရဲရင့်တက်ကြွ ပြတ်သားခြင်း အဓိပ္ပာယ်ကို ဆောင်ပါတယ်။ အဖြူရောင်ကတော့ စိတ်ဓာတ်ဖြူစင်ခြင်းကို ညွှန်းဆိုပြီး ဖြူစင်ရိုးသားဖြောင့်မတ်ခြင်း အဓိပ္ပာယ်ကို ဆောင်ပါတယ်။ အလံတော်ရဲ့ အောက်ခြေ အစိမ်းရောင်ကတော့ ကမ္ဘာမြေကြီးကို ညွှန်းဆိုပြီး စိမ်းလန်းစိုပြည် တည်ငြိမ်သန့်ရှင်းခြင်း အဓိပ္ပာယ်ကို ဆောင်ပါတယ်။

**ပါတီ၏အထိမ်းအမှတ်တံဆိပ်**

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အထိမ်းအမှတ်တံဆိပ်ကတော့ ခမီဘာသာစကားနဲ့ “ဝမယက်” ခေါ်ပြီး မြန်မာလိုတော့ ငှက်ဝါဖြစ်ပါတယ်။ နောက်ခံအပြာရောင်နဲ့ သစ်ကိုင်းပေါ်မှာနားနေတဲ့ ငှက်ဝါပုံကို ဖော်ထားပါတယ်။ တည်ကြည်ခြင်း၊ အေးချမ်းခြင်း သဘောကို ဆောင်ပါတယ်။



**ခမီ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆောင်ပုဒ်**

ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ကျင့်သုံးနေတဲ့ ပါတီဆောင်ပုဒ်ကတော့ **“စုပေါင်းဆွေးနွေး တစ်ဦးချင်းတာဝန်ယူ”** ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်သော ရခိုင်ပြည်နယ်ရှိ မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား -**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့မှာ ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေနဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်းမြို့နယ် (၃)မြို့နယ်အတွင်းမှာ အမျိုးသားလွှတ်တော်(၁)နေရာ၊ ပြည်သူ့လွှတ်တော်(၁)နေရာနှင့် ပြည်နယ်အမှတ်(၁) မဲဆန္ဒနယ် (၁)နေရာ ဝင်ရောက်အရွေးချယ်ခံမှာ ဖြစ်ပါတယ်။ အရွေးချယ်ခံမည့် မြို့နယ်နှင့် ကိုယ်စားလှယ်လောင်းများကတော့ မြောက်ဦးမြို့နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်မှာ ဦးဖြူထွန်း၊ ကျောက်တော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှာ ဦးထွန်းလှကျော်နှင့် ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၁) ဦးကံစိန်တို့ပဲ ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူများနဲ့ ရခိုင်ပြည်နယ်ရှိ မဲဆန္ဒရှင် တိုင်းရင်းသားညီအစ်ကိုအပေါင်းတို့ခင်ဗျား -**

ကျွန်တော်တို့ ခမီလူမျိုးစုများဟာ ရခိုင်ပြည်မှာ နောင်တော် ရခိုင်လူမျိုးများနဲ့ ရှေးပဝေသဏီကတည်းက မရှိအတူ၊ ရှိအတူ၊ အေးအတူ ပူအမျှ သမိုင်းရှည်ကြာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြတဲ့ ဆွေမျိုးရင်းချာ ညီအစ်ကိုတွေဖြစ်ကြပါတယ်။ ဒီကနေ့ ပါတီစုံဒီမိုကရေစီစနစ်တွင် ရခိုင်ပြည်တွင်း မှီတင်းနေထိုင်ကြတဲ့ ရခိုင်ပြည်ဖွား ညီအစ်ကိုတိုင်းရင်းသားလူမျိုးစုများအားလုံး ငြိမ်းချမ်းသာယာ စည်ပင်ဝဖြိုးစေဖို့အတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိရေး တစ်ဦးနှင့်တစ်ဦး လူမျိုးစု တစ်စုနဲ့တစ်စု ရိုင်းပင်းကူညီဖေးမ, ဆောင်ရွက်ရေးဟာ အင်မတန်မှ အရေးကြီးလှပါတယ်။

ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေနဲ့ သမိုင်းပေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ပြည်နယ်အကျိုးပြု၊ နိုင်ငံအကျိုးပြု လုပ်ငန်းတွေမှာ ကျရာအခန်းကဏ္ဍကနေ ပူးပေါင်းပါဝင် ဆောင်ရွက်ချင်ပါတယ်။ ကျွန်တော်တို့ ပါတီဟာ ရခိုင်မျိုးနွယ်စုဝင် လူမျိုးစုငယ်ပါတီတစ်ခုဖြစ်သည့်အားလျော်စွာ ရခိုင်ပြည်နယ်ရဲ့ အကျိုးစီးပွား၊ ပြည်ထောင်စုရဲ့ အကျိုးစီးပွားများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ခွင့်ရရှိရေးအတွက် ငှက်ဝါအမှတ်တံဆိပ်ဖြစ်တဲ့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို ဆန္ဒမဲပေးအားပေးဝန်းရံပေးကြပါလို့ မေတ္တာရပ်ခံ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ရခိုင်ပြည်နယ်သူ/သား မဲဆန္ဒရှင် မိဘပြည်သူ ညီအစ်ကိုမောင်နှမများနဲ့တကွ ပြည်ထောင်စုတစ်ဝန်းညီနောင်တိုင်းရင်းသားများအားလုံး ဘေးဘယာဝေးကွာ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ကမမောင်းမြို့၌ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များအား အထွေထွေရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းပို့ချ

**ကမမောင်း စက်တင်ဘာ ၁၆**

ကရင်ပြည်နယ် ကမမောင်းမြို့တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များအား စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်ခြင်းကိုယနေ့ နံနက် ၁၀ နာရီက မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဖာပွန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးဦးက ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်စာအုပ်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာသိကောင်းစရာများ အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဖာပွန်မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်ရီရီခိုင်က မဲဆန္ဒရှင်စာရင်းများ ပြုစုခြင်း၊ မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊ တပ်မတော်သားများမှအပ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးနိုင်ရေးအတွက် မဲစာရင်းပြုစုခြင်း၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများ ကြိုတင်မဲပေးနိုင်ရေးအတွက် မဲစာရင်းပြုစုခြင်း၊ မဲဆန္ဒနယ်ပြင်ပရောက်သူများ ကြိုတင်မဲစာရင်းပြုစုခြင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဖွဲ့စည်းပုံများ စသည့် ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကိုရှင်းလင်းဆွေးနွေး သင်ကြားပို့ချပေးခဲ့ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာစွမ်းရည်မြှင့်သင်တန်းတွင် သင်တန်းနည်းပြဆရာ ငါးဦးတို့က ရပ်ကွက်/ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ သင်တန်းသားသင်တန်းသူ ၂၆ ဦးအား သင်ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# အမျိုးသားဒီမိုကရေစီအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၆

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



## ဒီမိုကရေစီမျှော်လင့်ချက် ပြည်သူ့အတွက် NDF

အမျိုးသားဒီမိုကရေစီအင်အားစု
အမျိုးသားဒီမိုကရေစီအင်အားစု
အမျိုးသားဒီမိုကရေစီအင်အားစု

ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ခရီးရှည်ချီတက်မည်
ရွှေခမောက်ဆောင်းသော တိုင်းရင်းအောင်နိမိတ် ပေါ်ထွန်းမည်
ပညာလူမှုစီးပွား မြှင့်တင်စေပါမည်
သာယာမည် မြန်မာပြည် ရာဇဝင်တွင်မည်
ပြည်ထောင်စုဘွား တိုင်းရင်းသားတို့ပြည်။

ဒီမိုကရေစီအောင်လံလွှင့်ထူ မမိုတ်သုန်ဆောင်ရွက်မည်
ပြည်သူနဲ့ တစ်သွေးတစ်သားတည်း သစ္စာတရားတည်
မြန်မာပြည်အပြောင်းအလဲအတွက် ခမောက်ကိုယုံကြည်သည်
ရာဇဝင်မှာ စာတင်မည်
ဒီမိုကရေစီနိုင်ငံတော်သစ် မုချဖြစ်ရမည်

သမိုင်းသစ်ကို ပြောင်းလဲမည် ခမောက်တို့ပြန်လာပြီ
လွတ်လပ်မည် မျှတမည် အခွင့်အရေးသာတူညီ
ပြည်သူကို ကတိပေးထားသည်
ဒီမိုကရေစီကို ကူးပြောင်းရမည်

ခေတ်သစ်ဆီ တရားနဲ့အညီ ခမောက်ရှိနေပါသည်။
ရဲရင့်သည် ရှေ့သို့ချီ လူထုအတွက် ရင်ဆိုင်မည်
ဒီမိုကရေစီမျှော်လင့်ချက် ပြည်သူ့အတွက် NDF

**လေးစားအပ်တဲ့မဲဆန္ဒရှင် ပြည်သူများခင်ဗျား**

ကျွန်တော်ကတော့ ဦးခင်မောင်ဆွေပါ။ အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီရဲ့ ဥက္ကဋ္ဌဖြစ်ပါတယ်။

ကျွန်တော်တို့ ပါတီအနေနဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာ ကိုယ်စားလှယ် ၁၀၀ ကျော်လောက် ယှဉ်ပြိုင်သွားပါမယ်။ နိုင်ငံရေးဆယ်နှစ်တာခရီးရဲ့ ပထမငါးနှစ်တာကာလမှာ လွှတ်တော်ထဲကနေ ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျန်ငါးနှစ်မှာတော့ နိုင်ငံနဲ့ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို လွှတ်တော်ပြင်ပနိုင်ငံရေးနဲ့ မျက်ခြည်မပြတ်စောင့်ကြည့် ဆောင်ရွက်ခဲ့ပါတယ်။ စားဝတ်နေရေးမပြည့်စုံမှုဆိုတဲ့ လူမှုဒုက္ခတွေရှိနေသမျှ လူမှုလွတ်လပ်ခွင့်တွေမရနိုင်ဘူးလို့ ကျွန်တော်တို့ပါတီက ယုံကြည်တယ်။ ဒါကြောင့် အဲ့ဒီလူမှုဒုက္ခတွေကို မပယ်ရှားသမျှ ဒီမိုကရေစီလူ့ဘောင်ကို မရောက်နိုင်ဘူးဆိုတဲ့ လူမှုအခြေပြုလွတ်လပ်ခွင့်ဝါဒကို ကိုင်စွဲထားပါတယ်။ စီးပွားရေးဘက်မှာတော့ တန်းတူညီမျှ စီးပွားရေးဘဝတွေဖြစ်လာအောင် ဈေးကွက်အခြေခံရေပြွမ်း စီးပွားရေးစနစ်နဲ့ သွားပါမယ်။ ဒါမှသာ လက်တစ်ဆုပ်စာချမ်းသာတဲ့သူတွေသာမက ဆင်းရဲတဲ့အခြေခံလူတန်းစား အများစုကြီးကိုပါ ဘဝအာမခံချက်တွေ တစ်ပြေးညီရရှိစေဖို့ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

အခုအချိန်မှာ မြန်မာ့နိုင်ငံရေးလိုအပ်ချက်တွေဟာ ပြောင်းခဲ့ပါပြီ။ ဒီမိုကရေစီလူ့ဘောင်ကို အရောက်သွားရေးသာမက ဖက်ဒရယ်ပြည်ထောင်စု ဖြစ်တည်ရေးဟာ အဓိကနိုင်ငံရေးလိုအပ်ချက်ကြီး ဖြစ်လာပါတယ်။

ဒီနေရာမှာ စီးပွားရေးနဲ့ နိုင်ငံရေး ဒွန်တွဲနေတယ်လို့ ပြောလိုပါတယ်။ ဒါကြောင့် NDF ပါတီဟာ စားဝတ်နေရေး အစရှိတဲ့ ပြည်သူတွေရဲ့ စီးပွားရေး ဘဝ တိုးတက်ရေးကို အလေးအနက်ထား ဆောင်ရွက်သွားပါ့မယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ကျေးလက်ပြည်သူအများစုကြီးရဲ့ အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ စိုက်ပျိုးစီးပွားကို အဓိကထားပါမယ်။ ဒါကြောင့်မို့ ဒီနိုင်ငံမှာ ခေတ်မီနည်းပညာတွေနဲ့ စိုက်ပျိုးရေးကို တွန်းအားပေးပြီး ထိပ်တန်း ဆန်တင်ပို့နိုင်ငံအဖြစ်ရောက်အောင် လုပ်ရပါမယ်။ ဒါကြောင့် –

၁။ စိုက်ပျိုးစီးပွားတိုးတက်ရေးကို အဓိကထား ဆောင်ရွက်သွားရပါမယ်။

၂။ မြန်မာပြည်မြောက်ပိုင်း ရေခဲဖုံးလွှမ်းရာဒေသနဲ့ မြန်မာပြည်တောင်ပိုင်း အမြဲစိမ်းသစ်တောများဖုံးလွှမ်းရာ ကျွန်းစုတွေမှာ သဘာဝခရီးသွားလုပ်ငန်း နယ်မြေတွေအဖြစ် ထူထောင်သွားရပါမယ်။

၃။ စက်မှုလယ်ယာနဲ့ ဘက်စုံသုံးစက်ယန္တရားတွေကို ပြည်တွင်းမှာပဲ ဖက်စပ် ထုတ်လုပ်ပြီး အသေးစား၊ အလတ်စား၊ စက်မှုလုပ်ငန်းတွေ မြှင့်တင်ရေးကိုလည်း ဆောင်ရွက်သွားရပါမယ်။ NDF ပါတီဟာ လွှတ်တော်ထဲရောက်ရင် စိုက်ပျိုးရေး၊ စက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍကြီးသုံးရပ်ကို GDP အချိုးအစားအလိုက် ချိန်ညှိပြီးတော့ တိုးတက်ရေးအတွက် ဆွေးနွေးတင်ပြသွားပါ့မယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော်တို့ NDF ပါတီဟာ ပြည်သူထံပါးက ဘယ်တော့မှစွန့်ခွာသွားမှာ မဟုတ်ပါဘူး။ နိုင်ငံရေးပါတီတစ်ရပ်အနေနဲ့ အလုပ်သမားတွေ ဘဝအာမခံချက် မရှိတာကို လက်ပိုက်ကြည့်နေနိုင်မယ့် ပါတီမျိုးလည်း မဟုတ်ပါဘူး။ ဒါကြောင့် အလုပ်သမားတွေဘက်ကရပ်တည်ပြီး ဥပဒေတွေ ပြင်ဆင်ရေးကို ဆောင်ရွက်သွားမယ်လို့ ကတိပြုပါတယ်။

ဥပမာပြောရရင်–

- ❖ အလုပ်သမားတွေ အလုပ်ခွင်မှ ရပ်နားခံရတဲ့အခါ လူမှုဖူလုံရေး ဥပဒေနဲ့အညီ လုပ်ခလစာခံစားခွင့် ရှိစေရမယ်။
- ❖ လုပ်ငန်းခွင်ထဲမှာ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်ခံရပါက ဥပဒေအကာအကွယ်နဲ့ နစ်နာကြေးပါ ရရှိစေရမယ်။
- ❖ လုပ်သားများရဲ့ ဘဝအာမခံချက်ရှိစေဖို့ အလုပ်ရုံ၊ စက်ရုံများ ရေရှည်လည်ပတ်နိုင်ရေး အလေးထားပါမယ်။ ဒါကြောင့် နောင်ပေါ်လာမယ့် စက်မှုဇုန်တွေမှာ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးကို NDF ပါတီက ရည်ရွယ်ပြီး ပြောကြားရခြင်း ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

NDF ပါတီဟာ တိုင်းရင်းသားပြည်သူအားလုံးရဲ့ အကျိုးစီးပွားကို ဦးထိပ်ထားပါတယ်။ ဒ့ါကြောင့် ပြည်သူအားလုံးရဲ့ စီးပွားရေးဘဝ တိုးတက်ရေးကို နိုင်ငံရေးတာဝန်အဖြစ် ခံယူတယ်။ ပြည်သူကို လယ်စိုက်ကျွေးပြီး နိုင်ငံ့ဘဏ္ဍာရှာပေးနေတဲ့ လယ်သမားတွေကို လျစ်လျူရှုမထားနိုင်ပါဘူး။ ဒ့ါကြောင့်–

- ❖ သိမ်းဆည်းခံလယ်မြေတွေပြန်ရရေးနဲ့ မြေလွတ်မြေရိုင်းခုတ်ထွင်စိုက်ပျိုးသူတွေအပါအဝင် ဘိုးစဉ်ဘောင်ဆက် လယ်လုပ်သူနိုင်ငံသားမှန်သမျှ ဂရန်စနစ်နဲ့ လယ်ပိုင်စေရမယ်။
- ❖ စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ရရှိစေဖို့နဲ့ သဘာဝဘေး၊ စစ်ဘေးကြောင့် လက်ငုတ်လက်ရင်းပျောက်သူတွေအတွက် စိုက်ပျိုးစရိတ်ချေးငွေ ပြန်ဆပ်ခြင်းကို ကင်းလွတ်ခွင့်ပြုစေရမယ်။
- ❖ အကြွေးနွံနစ်ပြီး နာလန်မထူနိုင်ဖြစ်နေတဲ့ လယ်သမားတွေကို စိုက်ပျိုးစရိတ်ချေးငွေပြန်ဆပ်ဖို့ (၂)နှစ်တိတိ ဆိုင်းငံ့ပေးစေရမယ်။ ဒ့ါကြောင့် နိုင်ငံတကာကပေးတဲ့ စိုက်ပျိုးရေးချေးငွေကို လယ်ယာကဏ္ဍကို တိုက်ရိုက်ရောက်ရှိရေး တောင်းဆိုပေးမယ်။
- ❖ ဆန်စပါးတင်ပို့ရာမှာ ကြားခံအဆင့်တွေလျှော့ချပြီး ကုန်ထုတ်လုပ်မှုနဲ့ ဈေးကွက်တိုက်ရိုက်ချိတ်ဆက်ရေးအပြင် ဈေးကွက်အသစ် ရှာဖွေရေး တွေကိုပါ လွှတ်တော်ထဲမှာဆွေးနွေး သွားဖို့ ကတိပြုပါတယ်။

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့ NDF ပါတီကတော့ ပြည်သူထံပါးက ဘယ်တော့မှ စွန့်ခွာသွားမှာမဟုတ်ဘူးဆိုတဲ့အတိုင်း ပြည်သူ့အပေါ် နိုင်ငံရေးသစ္စာတည်မှာ ဖြစ်ပါတယ်။ ဒါကြောင့် NDF ပါတီအနေနဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝတွေ တိုးတက်စေဖို့ စားဝတ်နေရေး ပြေလည်ရေးကို နံပါတ်(၁)ထားပါမယ်။ လူမျိုးတွေရဲ့ ဘာသာစကား၊ စာပေနဲ့ ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာတွေကို အလေးထားစောင့်ရှောက်နိုင်ရပါမယ်။ ဒါကြောင့် တိုင်းချစ် ပြည်ချစ်၊ နိုင်ငံချစ်စိတ်တို့ရဲ့ အခြေတည်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသား အမျိုးသားရေးစိတ်ဓာတ် ဖွံ့ထွားရှင်သန်နိုင်ရေးကို နံပါတ်(၂)ထားပါမယ်။ နံပါတ်(၃)အနေနဲ့ကတော့ အချုပ်အခြာအာဏာ တည်တံ့ရေးကို တတိယထား ရပ်တည်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ပါတီရဲ့ရပ်တည်ချက်ဟာ အမျိုးသားအကျိုးစီးပွားကို ထိပါးမခံရရေး ဖြစ်လို့ပါပဲ။ ဒီလို ပြည်သူ့အပေါ် နိုင်ငံရေးသစ္စာတည်တဲ့ NDF ဟာ လွှတ်တော်တွေထဲရောက်ရင်လည်း ပြည်သူ့မျက်နှာ တစ်ချက်အညှိုးခံမယ့်ပါတီမျိုးလား။ ဘယ်တော့မှအညှိုးခံမှာ မဟုတ်ပါဘူးဆိုတာကို ရဲရဲကြီး ကတိပေးရင်း နိဂုံးချုပ်ပါတယ်။

ခမောက်ကိုဆောင်း ပြောင်းကိုပြောင်းရမည်။

## NDF ကို မဲပေးကြစို့

| | |
|---|---|
| ပြည်သူများရှေ့ လှမ်းခဲ့ပြီ | NDF ပါတီ |
| အများအတွက်ရည်စူး ရှေ့သို့ချီ | ညီစေခမောက်ပါတီ |
| ပြည်သူများအတွက် အစဉ်ရပ်တည် | NDF ဖြစ်သည် |
| ညီနောင်သားချင်းများနဲ့အတူ | လက်တွဲလို့ညီညီ |
| အမျိုးသားရေးကို ထမ်းရွက်မည် | ဒီမိုကရေစီနဲ့အညီ |
| ပြည်ထောင်စုအတွက် အမှန်ဖြစ်သည် | ညီညာကြိုးစားမည် |

| | |
|---|---|
| NDF | အမျိုးသားဒီမိုကရေစီအင်အားစု |
| ပြည်သူ့အတွက် | အရှေ့ကကာကွယ် အစဉ်ရပ်မယ် |
| သတိပေး | အကျိုးများဆောင်ပါ ပြည်သူ့အရေး |
| ညီညွတ်မည် | တိုင်းရင်းသားစုံညီ အောင်ရမည် |

NDF NDF NDF NDF
NDF ကို မဲပေးကြစို့

| | |
|---|---|
| ပြည်သူများရှေ့ လှမ်းခဲ့ပြီ | NDF ပါတီ |
| အများအတွက်ရည်စူး ရှေ့သို့ချီ | ညီစေခမောက်ပါတီ |
| ပြည်သူများအတွက် အစဉ်ရပ်တည် | NDF ဖြစ်သည် |
| ပြည်သူများရဲ့ရှေ့မှအတည် | လက်တွဲလို့ညီညီ |
| ကောင်းကျိုးသယ်ပိုး ထမ်းရွက်မည် | NDF ပါတီ |
| ပြည်သူများနဲ့ လက်တွဲမည် | ညီစေ ရှေ့သို့ချီ |

| | |
|---|---|
| NDF | အမျိုးသားဒီမိုကရေစီအင်အားစု |
| ပြည်သူ့အတွက် | အရှေ့ကကာကွယ် အစဉ်ရပ်မယ် |
| ပြည်သူအကြား | မွေးဖွားလာသည် ခမောက်ပါတီ |
| အစဉ်ရပ်တည် | ပြည်သူဘက်မှာအမြဲရှိသည် |

NDF NDF NDF NDF
NDF ကို မဲပေးကြစို့

# အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၆

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီဥက္ကဋ္ဌ ဦးဇော်မင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**



**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများ၊ မဲဆန္ဒရှင် မိဘပြည်သူများ အပေါင်းတို့ခင်ဗျား–**

ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေပြီး ကိုဗစ်–၁၉ ရောဂါ ကင်းဝေးပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့အပ်ပါတယ်။

ကျွန်တော်ကတော့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီ၏ ဥက္ကဋ္ဌ ဦးဇော်မင်းဖြစ်ပါတယ်။

**၁။ ရည်ရွယ်ချက်**

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးဖြစ်ပါသည်။

ဤရည်ရွယ်ချက်ကို အောင်မြင်စွာအကောင်အထည်ဖော်ရန်အတွက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး နိုင်ငံသူနိုင်ငံသားများ စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲ၍ အကောင်အထည် ဖော်ဆောင်မည်။

**၂။ ယုံကြည်ချက်**

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီသည် နိုင်ငံတော်ကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ယုံကြည်လက်ခံထားပါသည်။

**မဲဆန္ဒရှင်များ ခင်ဗျား–**

**၃။ မူဝါဒ**

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ၏ မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) **အမျိုးသားရေးမူဝါဒ ။** ။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ထားပြီး ဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသာယာသော နိုင်ငံတော်သစ်တစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားပါမည်။

(ခ) **နိုင်ငံရေးမူဝါဒ ။** ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မွေးဖွားပြီး ဘိုးစဉ်ဘောင်ဆက် မှီတင်းနေထိုင်ကြသော နိုင်ငံသူ/ နိုင်ငံသားများအားလုံး၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးပါမည်။

(ဂ) **စီးပွားရေးမူဝါဒ ။** ။ လွတ်လပ်ပြီး တရားမျှတသော ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးမည်။

(ဃ) **နိုင်ငံခြားရေးမူဝါဒ ။** ။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို ဦးထိပ်ထားပြီး လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပါမည်။

(င) **ကာကွယ်ရေးမူဝါဒ ။** ။ အမိနိုင်ငံတော်အား ပြည်တွင်း/ပြည်ပ အန္တရာယ်များမှ အပြည့်အဝ ကာကွယ်နိုင်စွမ်းရှိအောင် အစဉ်ကြိုးပမ်း ဆောင်ရွက်သွားပါမည်။

(စ) **လူ့အခွင့်အရေးဆိုင်ရာမူဝါဒ ။** ။ အခြေခံဥပဒေနှင့်အညီ နိုင်ငံသူ နိုင်ငံသားတိုင်း၏ အခြေခံလူ့အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ဖော်ဆောင် ပေးမည်။

(ဆ) **ဘာသာရေးနှင့်လူမှုရေးဆိုင်ရာမူဝါဒ ။** ။ ဘာသာတိုင်း၏ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို လေးစားစွာလိုက်နာဖော်ဆောင်မည်။ လူမှုရေး ပရဟိတလုပ်ငန်းများကို အားပေးကူညီ ဆောင်ရွက်မည်။

(ဇ) **ပူးပေါင်းဆောင်ရွက်ရေးမူဝါဒ ။** ။ ကျွန်ုပ်တို့ပါတီ၏ နိုင်ငံရေးမူဝါဒနှင့် ကိုက်ညီသော နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားပါမည်။

(ဈ) **ပညာရေးမူဝါဒ ။** ။ တစ်မျိုးသားလုံး ပညာရည်မြင့်မားပြီး နိုင်ငံတကာ အဆင့်မီအောင် ထာဝစဉ်ကြိုးပမ်းဆောင်ရွက်သွားမည်။ စွမ်းရည်မြင့်မား သော လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံ၍ အမိနိုင်ငံတော် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်မည်။

(ည) **ကျန်းမာရေးမူဝါဒ ။** ။ နိုင်ငံသူ/နိုင်ငံသားများအားလုံး သက်ရှည်ကျန်းမာ ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

(ဋ) **ယဉ်ကျေးမှုဆိုင်ရာမူဝါဒ ။** ။ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာအမွေ အနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်သွား ပါမည်။

**မဲဆန္ဒရှင်များ ခင်ဗျား**

**ပါတီလုပ်ငန်းစဉ်များ**

(က) **အမျိုးသားရေးလုပ်ငန်းစဉ် ။** ။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး အတွက် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်။

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ထာဝစဉ်တည်တံ့ ခိုင်မြဲရေးအတွက် အခြေခံဥပဒေပါ "နိုင်ငံတော်၏ နယ်မြေအပိုင်း အခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ" ဆိုသည့် ပြဋ္ဌာန်းချက်ကို လေးလေးနက်နက် ကိုင်စွဲပါမည်။

(၂) နိုင်ငံသူ/နိုင်ငံသားများ၏ ဒေသအားလုံးကို လူမှုစီးပွားနှင့် အခြေခံ အဆောက်အအုံများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းအောင် ကြိုးပမ်းဆောင်ရွက်ပေးပါမည်။


(ခ) **နိုင်ငံရေးလုပ်ငန်းစဉ် ။** ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်တွေ့ကျကျ ကျင့်သုံးနိုင်ရန် အတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်။

(၁) လူ့အခွင့်အရေးသတ်မှတ်ချက်များနှင့်အညီ လူ့အခွင့်အရေးများ ထွန်းကားပြန့်ပွားရေးကို ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်သွား ပါမည်။

(၂) မြန်မာ့လူ့ဘောင်သစ်အတွင်း လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုကို ဟန်ချက်ညီညီ လက်တွေ့ ကျင့်သုံးသည့် ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားလာရေးအတွက် အစဉ်ဆောင်ရွက်သွားပါမည်။

(၃) နိုင်ငံတော်အချုပ်အခြာအာဏာ၏ အဓိကမဏ္ဍိုင်သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို အချင်းချင်း အပြန်အလှန် လေးစားထိန်းကျောင်းခြင်းများ ဆောင်ရွက် သွားပါမည်။

(ဂ) **ကာကွယ်ရေးလုပ်ငန်းစဉ် ။** ။ အမိနိုင်ငံတော်အား ပြည်တွင်း ပြည်ပ အန္တရာယ်များမှ အပြည့်အဝ ကာကွယ်နိုင်စွမ်း ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားပါမည်။



(၁) မြန်မာ့ တပ်မတော်ကို ခေတ်မီတပ်မတော်ကြီး ဖြစ်အောင် အစဉ်ကြိုးပမ်း ဆောင်ရွက်ပါမည်။

(၂) အမိနိုင်ငံတော်လုံခြုံရေး နှင့် ကာကွယ်ရေးတွင် နိုင်ငံသူ/ နိုင်ငံသားများ အားလုံး ပါဝင်နိုင်အောင် စီမံဆောင်ရွက်သွားပါမည်။

(ဃ) **စီးပွားရေးလုပ်ငန်းစဉ် ။** ။ နိုင်ငံတော်တွင် လွတ်လပ်ပြီး တရားမျှတ သော ဈေးကွက်စီးပွားရေးစနစ်တစ်ရပ် ပီပြင်စွာဖြစ်ပေါ်လာစေရေး အတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်–

(၁) အစိုးရ၊ ဒေသဆိုင်ရာအဖွဲ့အစည်း၊ ပုဂ္ဂလိက စသည့် စီးပွားရေး အင်အားစုများအားလုံး သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် မျှမျှတတ ပါဝင်ဆောင်ရွက်ခွင့်ရရှိအောင် အမြဲဆောင်ရွက်သွား ပါမည်။

(၂) ဈေးကွက်စီးပွားရေးကို ကျင့်သုံးရာတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်း အား ပျက်ပြားစေမည့် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့က ဖြစ်စေ၊ လက်ဝါးကြီးအုပ်ခြင်း၊ ဈေးကစားခြင်း စသည့် လုပ်ဆောင်မှုများကို တားဆီးကာကွယ်သွားပါမည်။

(၃) ဆင်းရဲချမ်းသာကွာဟမှု၊ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု နှင့် ကွာခြားမှုများကို လျှော့ချနိုင်ရေးအတွက် အဓိကဆောင်ရွက် သွားပါမည်။

(၄) နိုင်ငံသူ/နိုင်ငံသားများ၏ ပိုင်ဆိုင်မှုများကို ဥပဒေဖြင့် ကာကွယ် နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားပါမည်။

(၅) ပြည်သူများအားလုံး စားဝတ်နေရေးဖူလုံပြီး လူနေမှုအဆင့် အတန်းမြင့်မားရေးအတွက် အလုပ်အကိုင်အခွင့်အလမ်း တစ်ဦးချင်းဝင်ငွေ တိုးပွားလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက် ပါမည်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်များခင်ဗျား–**

ကျွန်တော်တို့ပါတီကိုယ်စားလှယ်လောင်းများသည် ဗိုလ်တထောင် မြို့နယ်က ပါဝင်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် ဗိုလ်တထောင်သားများ မဲပေး ကြပါလို့ ပန်ကြားအပ်ပါတယ်–

| | |
|---|---|
| (အောင်မြင်ပါစေ | မြန်မာပြည် |
| သာယာပါစေ | မြန်မာပြည် |
| ချမ်းသာပါစေ | မြန်မာပြည်) |

**နိဂုံးချုပ်**

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် နိုင်ငံတကာအတွေ့အကြုံ၊ ပြည်တွင်းအတွေ့အကြုံများကို ပေါင်းစပ်၍ လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံကာ နိုင်ငံတော်အပေါ် သစ္စာထားပြီး စီးပွားရေးကို တစ်ဟုန်ထိုး တိုးတက်ရန်ဖြစ်တဲ့အတွက် ကျွန်တော်တို့ပါတီကို မဲထည့်ပြီး အားပေးကြပါလို့ တိုက်တွန်းရင်းနှင့် နိဂုံးချုပ်ပါသည်။

မိဘပြည်သူအပေါင်းတို့ – ကောင်းသောလိုအင်ဆန္ဒပြည့်ဝပါစေလို့ ဆုတောင်းပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ဆီဆိုင်မြို့၌ အထွေထွေရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်

**ဆီဆိုင် စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား အထွေထွေရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို ယနေ့ နံနက် ၉ နာရီခွဲ ခန့်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမတို့၌ နှစ်နေရာခွဲ၍ ဖွင့်လှစ်ပို့ချပေးခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ် ချက်နှင့် သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

သင်တန်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ များနှင့် လုပ်ငန်းလမ်းညွှန်များ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ် များ လိုက်နာရမည့် ကျင့်ဝတ်၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု များဖြေရှင်းခြင်း၊ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းခြင်းနှင့် ရွေးကောက်ပွဲ ကန့်ကွက်လွှာတင်သွင်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ပြည်သူလူထုနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာလေ့လာစောင့်ကြည့်မှုများကို စီမံခန့်ခွဲခြင်း၊ မီဒီယာနှင့် ဆက်သွယ်ပြန်ကြားခြင်း၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ အခန်းကဏ္ဍ စသည့်သင်ခန်းစာ များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် များ စက်တင်ဘာ ၁၆ ရက်မှ ၁၇ ရက်ထိ နှစ်ရက်တာ ဖွင့်လှစ်ပို့ချပေးသွားမည် ဖြစ်သည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ဆန္ဒမဲလက်မှတ်များကို အမှန်အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့်ရိုက်နှိပ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်

မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲနေ့ မဲရုံတွင်မဲပေးရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် ကြိုတင်ဆန္ဒမဲပေးရာတွင်လည်းကောင်း အမှန်အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ခိုင်လုံမဲ နမူနာပုံစံများ



















မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်၊ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ MRTV မှ အပတ်စဉ် သောကြာနေ့ညတိုင်း ပြသလျက်ရှိ

**နေပြည်တော်　စက်တင်ဘာ　၁၆**

မြန်မာ့ရုပ်ရှင်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်တေးသီချင်း အပုဒ် ၁၀၀ ကို တစ်ပတ်လျှင် ၁၀ ပုဒ်ဖြင့် အပတ်စဉ်သောကြာနေ့ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ည ၈ နာရီသတင်းများအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ စက်တင်ဘာ ၁၈ ရက် ညတွင် ပွဲစဉ်(၇)အဖြစ် ဂီတမျူးကိုသက်(Oasis)တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ထွန်းထွန်းဝင်း၊ ရန်အောင်၊ စိုးသူ၊ မင်းဦး၊ အလင်းရောင်၊ ပိုင်တံခွန်၊ မိုးထက်မြင့်၊ စိုးပြည့်သဇင်၊ ဆုပန်ထွာ၊ အေးမြဖြူတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါတင်ဆက်မှုကို စက်တင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## စက္ကူ မင်၊ ပလိတ်နှင့် ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက္ကူ မင်၊ ပလိတ်နှင့် ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| (က) | 30''Newsprint Paper (High Bright) , 45.0 ± 1.0 Gsm | တန် | ၁၀၀၀ |
| (ခ) | Coldset Web Offset Printing Ink (Black) | ကီလို | ၈၅၀၀ |
| (ဂ) | Coldset Web Offset Printing Ink (Cyan) | ကီလို | ၉၀၀၀ |
| (ဃ) | Coldset Web Offset Printing Ink (Magenta) | ကီလို | ၄၀၀၀ |
| (င) | Coldset Web Offset Printing Ink (Yellow) | ကီလို | ၁၀၀၀၀ |
| (စ) | Fountain Solution | လီတာ | ၁၁၀၀၀ |
| (ဆ) | Positive Thermal CTP Plate (Fuji)(889 x 609 x 0.3)mm | ချပ် | ၆၅၀၀ |
| (ဇ) | Positive Developer (Fuji) | လီတာ | ၃၀၀၀ |
| (ဈ) | Positive Thermal CTP Plate (Kodak)(889 x 577 x 0.3)mm | ချပ် | ၂၁၀၀၀ |
| (ည) | Positive Thermal CTP Plate (Kodak)(889 x 609 x 0.3 ) mm | ချပ် | ၉၆၀၀၀ |
| (ဋ) | Positive Thermal CTP Plate (Kodak)(889 x 574 x 0.3)mm | ချပ် | ၁၃၅၀၀ |
| (ဌ) | Positive Developer (Kodak) | လီတာ | ၁၈၀၀၀ |
| (ဍ) | Replenisher | လီတာ | ၃၀၀၀ |
| (ဎ) | Sponge | ခု | ၉၀ |
| (ဏ) | Rubber Blanket(889x651x1.68)mm (Orient X-cel) | ချပ် | ၁၀၀ |
| (တ) | Rubber Blanket (889x615x1.68)mm (Orient X-cel) | ချပ် | ၈၀ |
| (ထ) | Rubber Blanket (889x593x1.7)mm (Goss Community) | ချပ် | ၃၀ |
| ( ဒ ) | Rubber Blanket (915x620x1.7)mm (Koncept) | ချပ် | ၁၀၀ |
| ( ဓ ) | 29 X Toner/Cartridge | ဘူး | ၂၀ |
| ( န ) | 16 A Toner/Cartridge | ဘူး | ၉၀ |
| ( ပ ) | Sharp A3 Copier AR-6020V Toner/Cartridge | ဘူး | ၇၀ |
| ( ဖ ) | 165 A3 Copier Toner/Cartridge | ဘူး | ၅၀ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၅-၉-၂၀၂၀ ရက်နေ့မှ ၁၄-၁၀-၂၀၂၀ရက်နေ့အထိ နေ့စဉ် နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် စက္ကူတင်ဒါ (၁)စောင်လျှင် ၁၅,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပုံနှိပ်မင်တင်ဒါ (၁)စောင်လျှင် ၁၀,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပလိတ်နှင့်ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများအတွက် တင်ဒါ (၁) စောင်လျှင် ၁၀,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၁-၁၀-၂၀၂၀ ရက်နေ့ နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ (၃)လသက်တမ်းရှိ Performance Bank Guarantee (PG)ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း၊ ၀၆၇-၃၄၁၂၁၃၃၊ ၀၆၇-၃၄၁၂၁၂၈၊ ၀၁-၈၂၀၁၁၁၉၂၊ ၀၁-၈၂၀၀၈၁၄၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း၊ ၀၆၇-၃၄၁၂၁၃၃၊ ၀၆၇-၃၄၁၂၁၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း၊ ၀၆၇-၃၄၁၂၁၃၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကိုဗစ်-၁၉ စီးပွားရေးပြန်လည်ကုစားမှုအစီအစဉ်အရ Cash for Work စီမံကိန်းအား ဆောင်ရွက်လျက်ရှိရာ ဟသ်ာတခရိုင် မြန်အောင်မြို့နယ် သက္ကယ်ကုန်းကျေးရွာအုပ်စု ပေကုန်းကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် မြေသားလမ်းပြုပြင်ခြင်းနှင့် ကျောက်ရောမြေနီလမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုအား ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်နှင့်အဖွဲ့ စက်တင်ဘာ ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။

ကြေးမုံ



❂ လက်ရှိချန်ပီယံမှ

မျှော်လင့်ချက်အခွင့်အရေးနည်းသွားခဲ့ပြီး နည်းပြသစ် ဦးမင်းထွန်းလင်းလည်း ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

နှစ်သင်းစလုံးအတွက် အရေးပါသည့်ပွဲဖြစ်သောကြောင့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲအစတွင် ရန်ကုန်အသင်းက ဖိကစားနိုင်သော်လည်း အဖွင့်ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ကစားပုံပြန်ကောင်းလာကာ ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့သည်။ ၂၅ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း အဖွင့်ဂိုးရခဲ့ပြီး မက်ဆီမင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး ၃၇ မိနစ်တွင် နန္ဒကျော်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲအစ မိနစ် ၂၀ အထိသာ ဖိကစားနိုင်သလို အဓိကကစားသမား မောင်မောင်လွင် ဒဏ်ရာရခဲ့သဖြင့် တိုက်စစ်အား ပျော့ခဲ့ရသည်။ ရန်ကုန်အသင်းသည် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက အကောင်းဆုံးထိန်းချုပ်ကာ ပေးဂိုးမရှိဘဲ ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ ဒုတိယပိုင်းအစတွင်လည်း ရှမ်းယူနိုက်တက်အသင်းက ဆက်လက်ဖိကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို မိနစ် ၅၀ တွင် ပယ်နယ်တီမှတစ်ဆင့် ကိသ်မာတူနာနှင့် ၇၇ မိနစ်တွင် ဇင်မင်းထွန်းတို့က သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးအသင်းက အား/ကာ သိပ္ပံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မကွေးအသင်းသည် ရလဒ်ဆိုးရွားနေမှုကို အဆုံးသတ်ခဲ့ပြီး အနိုင်ဂိုးများကို မိနစ် ၄၀ တွင် ပြည်မိုးနှင့် ၄၃ မိနစ်တွင် စိုးလွင်လွင်တို့က သွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်းမှာမူ ပထမအကျော့တွင် အနိုင်ရခဲ့သော်လည်း မကွေးအသင်း၏ ရှုံးကြွေးပြန်ဆပ်ခြင်းခံခဲ့ရသည်။

ပွဲစဉ် (၁၆) အပြီးတွင် ရှေဝတီနှင့် ဟံသာဝတီအသင်းက ရမှတ် ၃၆ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး ဂိုးကွာခြားချက်ဖြင့် ရှေဝတီအသင်းက ပထမ၊ ဟံသာဝတီအသင်းက ဒုတိယနေရာတွင် ရပ်တည်နေသည်။ ယင်းအသင်းများ၏နောက်တွင် ရှမ်းယူနိုက်တက်အသင်းက ၃၂ မှတ်၊ ရန်ကုန်အသင်းက ၂၉ မှတ်၊ ရခိုင်အသင်းက ၁၇ မှတ်၊ ရတနာပုံအသင်းက ၁၆ မှတ်၊ စစ်ကိုင်းနှင့် မကွေးအသင်းက ၁၀ မှတ်စီ၊ အား/ကာသိပ္ပံအသင်းက ရှစ်မှတ်၊ Southern အသင်းက လေးမှတ်ရရှိထားသည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်



# ငါးသားပေါက်များ ကန်များအရောက် ဖြန့်ဖြူးပေးအပ်ပြီး စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

**ညောင်ရွှေ　စက်တင်ဘာ　၁၆**

ကိုဗစ်-၁၉ကာလအတွင်း ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ စီးပွားရေးကုစားမှုသက်သာရေးစီမံချက်အရ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ညောင်ရွှေမြို့နယ်အတွင်းရှိ ထောက်ပံ့ပေးအပ်ရန် ကျန်ရှိနေသေးသည့် ငါးမွေးမြူရေးတောင်သူ ၂၈ ဦး၏ ငါးမွေးကန်ဧက ၁၇၅ ဒသမ ၁၁ ဧကအတွက် ငါးမြစ်ချင်း၊ ငါးခုံးမ၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း စုစုပေါင်းငါးသားပေါက်ကောင်ရေ ၃၅၀၂၂၀ အား ငါးမွေးတောင်သူများ၏ ကန်များအရောက် ဖြန့်ဖြူးပေးအပ်ခဲ့သည်။

ထို့နောက် ညောင်ရွှေမြို့နယ်အတွင်းရှိ စပါးခင်းဧက ၁၀၀ အတွင်းသို့ ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၂၅၀၀၀၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၂၅၀၀၀ စုစုပေါင်းကောင်ရေ ၅၀၀၀၀ အား စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ခေတ္တပြည်နယ်ဦးစီးဌာနမှူး ဦးကျော်သီဟထွေး၊ တာဝန်ရှိသူများနှင့် ညောင်ရွှေမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများမှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်စေရေး အင်းစိန်မြို့နယ်၌ မီးသတ်ယာဉ်ဖြင့် လှည့်လည်အသိပညာပေး နှိုးဆော်

**ရန်ကုန်　စက်တင်ဘာ　၁၆**

ကိုဗစ်-၁၉ ရောဂါ စနစ်တကျ ကာကွယ်ထိန်းချုပ်နိုင်စေရေးအတွက် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ယမန်နေ့ ညနေပိုင်းတွင် မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၁ ရပ်ကွက်သို့ မီးသတ်ယာဉ်၊ လက်ကိုင်စပီကာတို့ဖြင့် တစ်ရက်ခြား လှည့်လည်အသိပညာပေး နှိုးဆော်မှုလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

**လှည့်လည်ပညာပေး**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ မီးသတ်ဦးစီးမှူး ဦးရန်နိုင်ဖြိုး၊ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များကို ညစဉ် ၇ နာရီမှ ၁၁ နာရီအတွင်း တစ်ရက်ခြား မီးသတ်ယာဉ်ဖြင့် လှည့်လည်အသိပညာပေးနှိုးဆော်လျက်ရှိသည်။ ထို့ပြင် အသိပညာပေးဗီနိုင်းပိုစတာများကို ရှင်းလင်းပြောကြားပြီး ကိုဗစ်-၁၉ ရောဂါအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။



**ဉာဏ်ဟိန်း**

# လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

ကြေးမုံ
စက်တင်ဘာ ၁၇၊ ၂၀၂၀

# နလုံးသားအရင်းခံ ရိုးမဘဏ်

ရိုးမဘဏ်ရဲ့လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတွေ အားလုံးက မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်းအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖော်ဆောင်လာနိုင်စေရမယ်လို့ သန္နိဋ္ဌာန်ချပြီး လုပ်ဆောင်နေကြပါတယ်။ မိဘပြည်သူတွေနဲ့ လုပ်ဖော်ကိုင်ဖက်အားလုံးရဲ့ ယုံကြည်အားကိုးမှုတွေကြောင့်ပဲ ရိုးမဘဏ်အနေနဲ့ ဒီနေ့အထိ ရပ်တည်နေနိုင်တယ်ဆိုရင်လည်း မမှားပါဘူး။

အားလုံးရဲ့ဘေးမှာ ရပ်တည်ပေးနေပြီး အိပ်မက်နဲ့ မျှော်လင့်ချက်တွေကို ရှင်သန်နေအောင် အမြဲတစေ ကူညီပေးနေမှာပါ။ အသိအမှတ်ပြုမှုလေး တစ်စုံတစ်ရာကိုတောင် ရယူဖို့ မဟုတ်ဘဲ အားလုံးအဆင်ပြေနေစေဖို့အတွက်ကိုပဲ အလေးထားပြီး စိတ်ရင်း နလုံးရင်းနဲ့ အမြဲကူညီပေးဖို့ ရည်သန်ပါတယ်။

ရိုးမဘဏ်အနေနဲ့ အားလုံးအတွက် နလုံးသားအရင်းခံပြီး ကူညီဖြည့်ဆည်းပေးပါရစေ!



Talk to us : 9662 (or) 097-9662-9662
www.yomabank.com

YOMA BANK
The Responsible Bank.

# လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး

# တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | (၁၈-၉-၂၀၂၀)ရက်မှ (၈-၁၀-၂၀၂၀)ရက်အထိ(ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်/အချိန် | - | (၁၂-၁၀-၂၀၂၀)ရက်နှင့် (၁၃-၁၀-၂၀၂၀)ရက်(ရုံးချိန်အတွင်း) |
| တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်၊ အချိန် | - | ထပ်မံကြေညာပါမည် |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်း၃၀၊ (၇၀x၇၁)လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**

**ဖုန်း-၀၂-၄၀၆၀၂၈၃၊ ၀၂-၄၀၃၉၁၈၆**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်- (၉၅/အေ)တွင် တည်ရှိသော **Heritage Property Development Co., Ltd.** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

Heritage Property Development

8 MILE BUSINESS CENTER

(၄/၆၇၅၂/၂၀၂၀)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ပြုလုပ်ပြီး အပြည်ပြည်ဆိုင်ရာကုန်ပစ္စည်းအမျိုးအစားသတ်မှတ်ချက်(၆)တွင် ပါဝင်သော သတ္တုများနှင့် ၎င်းတို့မှရောစပ်ထားသောသတ္တုများ၊ အိမ်ဆောက်ရာတွင်သုံးသောသတ္တုပစ္စည်းများ၊ သယ်ပို့၍ရသော အိမ်ဆောက်ရာတွင်သုံးသည့်သတ္တုပစ္စည်းများ၊ ရထားလမ်းများအတွက် သတ္တုပစ္စည်းများ၊ သတ္တုရိုင်းများအတွက် လျှပ်မကူးနိုင်သော သံကြိုးများနှင့် ဝါယာကြိုးများ၊ သံနှင့် သတ္တုပစ္စည်းများ၊ သတ္တုအသေးစားများ၊ သတ္တုပိုက်ပြွန်များ၊ မီးခံသေတ္တာများ၊ အခြား ကုန်အမှတ်တံဆိပ်သတ်မှတ်ချက်များတွင်မပါဝင်သော သတ္တုရိုင်းဖြင့်ပြုလုပ်ထားသော ပစ္စည်းများ၊ သတ္တုရိုင်းများ၊ သတ်မှတ်ချက်(၁၁)တွင် ပါဝင်သော အလင်းပေးရန်၊ အပူပေးရန်၊ ရေနွေးငွေ့အားဖြင့် လည်ပတ်ရန်၊ ချက်ပြုတ်ရန်၊ အအေးပေးရန်၊ ခြောက်သွေ့စေရန်၊ လေဝင်လေထွက်ကောင်းမွန်စေရန်၊ ရေပေးဝေရန်နှင့် ရေဆိုးရေညစ်စွန့်ပစ်ရန်အတွက် ပစ္စည်းများ၊ သတ်မှတ်ချက်(၁၉)တွင် ပါဝင်သော (သတ္တုမဟုတ်သော) အိမ်ဆောက်ပစ္စည်းများ၊ အိမ်ဆောက်ရာတွင်သုံးသော သတ္တုမဟုတ်သောခိုင်ခံ့သည့်ပိုက်များ၊ နိုင်လွန်ကတ္တရာများ၊ ကတ္တရာခဲနှင့် တွင်းထွက်ကတ္တရာစေးများ၊ သတ္တုမဟုတ်သော ရွှေ့ပြောင်း၍ရသောအဆောက်အဦများ၊ သတ္တုမဟုတ်သောရုပ်တုများ၊ သတ်မှတ်ချက်(၂၀) တွင် ပါဝင်သော ပရိဘောဂများ၊ မှန်များ၊ ရုပ်ပုံဘောင်များ၊ သစ်သားများ၊ ပလတ်စတစ်ဖြင့်ပြုလုပ်ထားသောပစ္စည်းများ၊ သတ်မှတ်ချက်(၂၂)တွင် ပါဝင်သော ကြိုးများ၊ ကြိုးမျှင်များ၊ ပိုက်ကွန်များ၊ ရွက်ဖျင်တဲများ၊ မိုးရေကာများ၊ ရေကာရွက်ဖျင်ထည်များ၊ ရွက်ထည်များ၊ (အခြားပစ္စည်းအမျိုးအစား သတ်မှတ်ချက်များတွင်မပါဝင်သော) ဂုန်နီအိတ်များနှင့် အိတ်များ၊ (ရော်ဘာနှင့်ပလတ်စတစ်များမှလွဲ၍) သွပ်ရန်အစများ၊ သိုးမွေးကုန်ကြမ်းအစများ၊ သတ်မှတ်ချက်(၂၄)တွင် ပါဝင်သော ရက်လုပ်ထားသော ချည်ထည်နှင့် ချည်ထည်ပစ္စည်းများ (အခြားပစ္စည်းအမျိုးအစားသတ်မှတ်ချက်များတွင်မပါဝင်သော)၊ အိပ်ရာခင်းနှင့် စားပွဲခင်းများ၊ သတ်မှတ်ချက်(၂၇)တွင် ပါဝင်သော ကော်ဇောများ၊ ကြမ်းခင်းများ၊ ဖျာများနှင့် အခင်းများ၊ ကြမ်းပြင်တွင်ခင်းရန်အတွက် ကြမ်းခင်းအထည်မာများနှင့် အခြားခင်းစရာများ၊ (ချည်ထည်မဟုတ်သော) နံရံဆိုင်းကြိုးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုအမျိုးအစားသတ်မှတ်ချက်(၃၅)တွင် ပါဝင်သော ကြော်ငြာခြင်း၊ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုများ၊ စီးပွားရေးဆိုင်ရာအုပ်ချုပ်ရေးလုပ်ငန်းများ၊ ရုံးလုပ်ငန်းဆောင်တာများ၊ သတ်မှတ်ချက်(၃၆)တွင် ပါဝင်သော အာမခံလုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်းများ၊ ငွေကြေးလုပ်ငန်းများ၊ အိမ်ခြံမြေလုပ်ငန်းများ၊ သတ်မှတ်ချက်(၃၇)တွင် ပါဝင်သော အဆောက်အဦးဆောက်လုပ်ခြင်းလုပ်ငန်း၊ ပြုပြင်ခြင်းလုပ်ငန်း၊ တပ်ဆင်ခြင်းလုပ်ငန်းများ၊ သတ်မှတ်ချက်(၃၈)တွင် ပါဝင်သော ဆက်သွယ်ရေးလုပ်ငန်းများ၊ သတ်မှတ်ချက်(၃၉)တွင် ပါဝင်သော သယ်ယူပို့ဆောင်ခြင်း၊ သတ်မှတ်ချက်(၄၂)တွင်ပါဝင်သော သိပ္ပံနှင့်နည်းပညာဆိုင်ရာဝန်ဆောင်မှုများနှင့် ယင်းတို့နှင့် သက်ဆိုင်သော သုတေသနနှင့် ဒီဇိုင်းလုပ်ငန်းများ၊ စက်မှုလုပ်ငန်းလေ့လာဆန်းစစ်ခြင်းနှင့် သုတေသနလုပ်ငန်းများ၊ ကွန်ပျူတာဟာ့ဒ်ဝဲနှင့် ဆော့ဖ်ဝဲများ ဒီဇိုင်းရေးဆွဲခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ သတ်မှတ်ချက်(၄၃)တွင် ပါဝင်သော အစားအသောက်ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ၊ ယာယီ တည်းခိုဆောင်များ စသည့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင်လည်းကောင်း အသုံးပြုလျက်ရှိပါသည်။

မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်ကို **Heritage Property Development Co., Ltd.** ၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ခိုင်ဦး *LL.M* အထက်တန်းရှေ့နေ (စဉ်-၄၅၉၀၅)

အခန်း- ၃၀၄၊ တတိယထပ်၊ အမှတ်- ၅၆၇၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၇၆၃၁၈၊ ၀၉ ၅၀၉၅၄၆၅

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်- (၉၅/အေ)တွင် တည်ရှိသော **Maha Agri Finance Co., Ltd.** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

Maha Agri Finance Co., Ltd.

(၄/၆၇၅၃/၂၀၂၀)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ပြုလုပ်ပြီး အပြည်ပြည်ဆိုင်ရာကုန်ပစ္စည်းအမျိုးအစားသတ်မှတ်ချက်(၁)တွင် ပါဝင်သော စက်ရုံလုပ်ငန်းများ၊ သိပ္ပံပညာရပ်ဆိုင်ရာများနှင့် ဓါတ်ပုံလုပ်ငန်း စသည်တို့အပြင် စိုက်ပျိုးရေးလုပ်ငန်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးရေးလုပ်ငန်းနှင့် သစ်တောစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဓါတုဗေဒပစ္စည်းများ၊ မပြုပြင်ရသေးသော ထင်းရှူးစေးအတုများ၊ မပြုပြင်ရသေးသော ပလတ်စတစ်များ၊ မြေသြဇာများ၊ မီးငြိမ်းသတ်ပေးနိုင်သောဓါတုဗေဒပစ္စည်းအရောအနှောများ၊ ဂဟေဆက်ခြင်းနှင့် ရောနှောခြင်းတို့နှင့် သက်ဆိုင်သောပစ္စည်းများ၊ အစားအသောက်များတာရှည်ခံရန် အတွက် ရောနှောထားသော ဓါတုဗေဒပစ္စည်းများ၊ သားရေနယ်သောပစ္စည်းများ၊ စက်ရုံများတွင် အသုံးပြုသောကော်များ၊ ဇီဝမြေသြဇာများနှင့် မြေသြဇာအမျိုးမျိုး၊ သတ်မှတ်ချက်(၅)တွင်ပါဝင်သော အင်းဆက်သတ်ဆေး၊ မှိုသတ်ဆေး၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး စသည်တို့ကဲ့သို့ စိုက်ပျိုးရေးသုံး ဓာတုပစ္စည်း အမှုန့်/အခဲ/အရည်များ၊ ဓာတ်မြေသြဇာအမျိုးမျိုး၊ ဆေးဝါးနှင့် ဆေးကုသခြင်းနှင့် ဆိုင်သောပြင်ဆင်မှုများ၊ ဆေးကုသရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော ပြင်ဆင်မှုများ၊ ကျန်းမာရေးအတွက် ကိုယ်အလေးချိန်လျှော့ချပေးသောအစာများ၊ ကလေးများအတွက် အစားအစာများ၊ ပလာစတာများ၊ ပတ်တီးစီးရန်ပစ္စည်းများ၊ သွားအပေါက်ဖာထေးရန်ပစ္စည်းများ၊ သွားဘက်ဆိုင်ရာသုံးဖယောင်း၊ ပိုးသတ်ဆေးများ၊ အဖျက်ပိုးများကိုနှိမ်နင်းရန်အတွက်ပြင်ဆင်မှုများ၊ ခြင်ဆေးခွေနှင့် ခြင်ဆေးရည်များ၊ သတ်မှတ်ချက်(၃၁)တွင်ပါဝင်သော စိုက်ပျိုးရေး၊ ဥယျာဉ်ခြံထွက်နှင့် သစ်တောထွက်ပစ္စည်းများနှင့် အခြားပစ္စည်းအမျိုးအစား သတ်မှတ်ချက်များတွင်မပါဝင်သော အစေ့အဆန်များ၊ တိရစ္ဆာန်အရှင်များ၊ လတ်ဆတ်သောသစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ၊ မျိုးစေ့များ၊ သဘာဝပေါက်ပင်များနှင့် ပန်းများ၊ တိရစ္ဆာန်အစာများ၊ မုယောစပါးအပင်ပေါက်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုအမျိုးအစား သတ်မှတ်ချက်(၃၅)တွင် ပါဝင်သော ကြော်ငြာခြင်း၊ ဈေးရောင်းဝယ်ခြင်း၊ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုများ၊ စီးပွားရေးဆိုင်ရာအုပ်ချုပ်ရေးလုပ်ငန်းများ၊ ရုံးလုပ်ငန်းဆောင်တာများ၊ သတ်မှတ်ချက်(၃၆)တွင်ပါဝင်သော အာမခံလုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်းများ၊ ငွေကြေးလုပ်ငန်းများ၊ အိမ်ခြံမြေလုပ်ငန်းများနှင့် သတ်မှတ်ချက်(၄၄)တွင် ပါဝင်သော စိုက်ပျိုးရေး၊ ဥယျာဉ်ခြံမြေနှင့် သစ်တောဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင်လည်းကောင်း အသုံးပြုလျက် ရှိပါသည်။

မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်ကို **Maha Agri Finance Co., Ltd.** ၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ခိုင်ဦး *LL.M* အထက်တန်းရှေ့နေ (စဉ်-၄၅၉၀၅)

အခန်း- ၃၀၄၊ တတိယထပ်၊ အမှတ်- ၅၆၇၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၇၆၃၁၈၊ ၀၉ ၅၀၉၅၄၆၅

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ (၃၇)လမ်း၊ အမှတ်-၂၃၁၊ (ပထမထပ်)၊ ဘယ်ဘက်ခြမ်းတွင် နေထိုင်သူ Lee Ngwe Pow (ခ) Kong Ngwe Yin (ခ) ဒေါ်ငွေရင် [၁၂/ကတတ(နိုင်)၀၀၁၃၀၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ Lee Ngwe Pow (ခ) Kong Ngwe Yin (ခ) ဒေါ်ငွေရင်မှာ ဝေါင်ဖီးကျင် (ခ) ဦးကျင် ၏ တရားဝင်ဇနီးမယားဖြစ်ပြီး ခင်ပွန်းဖြစ်သူ ဝေါင်ဖီးကျင် (ခ) ဦးကျင်မှာ (၁၈-၁-၂၀၁၉) နေ့တွင်ကွယ်လွန်ခဲ့ပြီး ဖြစ်ပါသည်။ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် ၎င်း၏အမည်ဖြင့် ပိုင်ဆိုင်ကျန်ရစ်သော မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်သည့် ကျောက်တံတားမြို့နယ်၊ အပေါ်ဘလောက်၊ (၃၃)လမ်း၊ အမှတ်(၁၅၈)ဟုခေါ်တွင်သော မြေညီထပ်နှင့် ပထမထပ် တိုက်ခန်း(၂)ခန်း ကျန်ရစ်ခဲ့ပါသည်။

အဆိုပါ ကျန်ရှိသည့်တိုက်ခန်း(၂)ခန်းနှင့်ပတ်သက်၍ Lee Ngwe Pow (ခ) Kong Ngwe Yin (ခ) ဒေါ်ငွေရင် တစ်ဦးတည်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသူဖြစ်ပြီး ၎င်း၏ခွင့်ပြုချက်မရရှိဘဲ ဝေါင်ဖီးကျင်(ခ)ဦးကျင်၏ တူမဖြစ်သူမှ ကျွန်ုပ်တို့၏မိတ်ဆွေနှင့် မိသားစုဝင်များ ဝင်ထွက်သွားလာခွင့်မရအောင် သော့ခတ်ပိတ်သိမ်းထားပါသည်။

အဆိုပါ သော့ခတ်ပိတ်သိမ်းမှုနှင့်ပတ်သက်၍ ဝေါင်ဖီးကျင် (ခ) ဦးကျင်၏ တူမဖြစ်သူမှ ယခုကြေညာစာ ထည့်သည့်နေ့မှစ၍ (၁)လအတွင်း ဖျက်သိမ်းပေးပါရန်နှင့် ဖျက်သိမ်းပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ထိုကျန်ရှိသည့် တိုက်ခန်း(၂)ခန်းမှာလည်း ကျွန်ုပ်တို့၏မိတ်ဆွေ တစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဖြစ်သည့်အတွက် ၎င်း၏ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမှ ပေါင်နှံရောင်းချခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ လဲလှယ်ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးကမ်းခြင်းတို့ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Lee Ngwe Pow (ခ) Kong Ngwe Yin (ခ) ဒေါ်ငွေရင်၏ လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ယုယုဝင်း (LL.B)** | **ဒေါ်အိသီတာစိုး (LL.B)** | **ဒေါ်တင်ဇာအေးကို (LL.B)** |
| **(စဉ်-၅၂၁၃၀)** | **(စဉ်-၁၄၉၈၇)** | **(စဉ်-၄၁၅၀၃)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ရှေ့နေများနားနေခန်း**

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

သစ်တော နဲ့ သစ်ပင် ချစ်ခင် တဲ့ လူမျိုး သစ်ပင် ကို နှစ်စဉ် စိုက် ရွှေ တိုက် ကို စိုး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး(အရှေ့)၊ ကသာအနောက်နှင့် ကောလင်းသစ်ထုတ်ရေးဒေသ၊ တောတွင်းသစ်ကွက်များမှ ၂၀၂၀-၂၀၂၁ခုနှစ်တွင် ထုတ်လုပ်သော ကျွန်း၊ သစ်မာသစ်လုံးများအား သက္ကယ်ကျင်း၊ ကွဲကောကြီးနှင့် ပေကုန်းသစ်ဆိပ်များသို့ ကားတိုက်သယ်ယူရန်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ သာမန်အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါအတိုင်း ဝန်ဆောင်မှုရယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot No. | ခရီးစဉ် | | သစ်တန် | မှတ်ချက် |
|---|---|---|---|---|---|
| | | မှ | သို့ | | |
| ၁။ | Lot.1/KW | မံမော်ကြိုးဝိုင်း(၃၈၊ ၃၉) | သက္ကယ်ကျင်းသစ်ဆိပ် | ၃၇၀၀ | ကားဖြင့် |
| ၂။ | Lot.2/KW | နန့်ကဆကြိုးဝိုင်း(G,H,I,J) | ကွဲကောကြီးသစ်ဆိပ် | ၂၅၀၀ | သယ်ပို့ခြင်း |
| ၃။ | Lot.1/KL | နန့်ခမူကြိုးဝိုင်း(၂၃၂-က)(၂၃၃-ခ) | ပေကုန်းသစ်ဆိပ် | ၃၅၀၀ | - ။ - |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၈-၉-၂၀၂၀ ရက်မှ ၁၉-၁၀-၂၀၂၀ ရက်အထိ
(ခ) တင်ဒါပိတ်မည့်ရက် - ၂၀-၁၀-၂၀၂၀ ရက်၊ ညနေ ၁၆:၀၀ နာရီ
(ဂ) တင်ဒါဖွင့်မည့်ရက် - ၂၂-၁၀-၂၀၂၀ ရက်၊ နံနက် ၁၀:၀၀ နာရီ
(ဃ) လျှောက်လွှာရောင်းချမည့်နေရာ - မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး(အရှေ့)၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ ကသာမြို့

၃။ "လ"အလိုက်သယ်ယူပို့ဆောင်ပေးရမည့် သစ်တန်ပမာဏနှင့် တင်ဒါစည်းကမ်းချက်များအား တင်ဒါလျှောက်လွှာဝယ်ယူမည့်နေရာတွင် တစ်ပါတည်း ထုတ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက

(က) မြန်မာ့သစ်လုပ်ငန်းဝက်ဆိုဒ် - www.mte.com.mm
(ခ) ဒုတိယအထွေထွေမန်နေဂျာ စစ်ကိုင်းတိုင်းဒေသကြီး(အရှေ့)၊ ကသာမြို့ - ၀၉-၂၀၁၁၈၆၄
(ဂ) မန်နေဂျာ(အုပ်/စီ)၊ စစ်ကိုင်းတိုင်းဒေသကြီး(အရှေ့)၊ ကသာမြို့ - ၀၉-၈၉၀၄၇၈၀၀၇

၅။ သစ်ထုတ်ရေး၏ တောတွင်းလုပ်ငန်းသဘာဝအရ Lot.(၁)ခုချင်းစီအတွက် ကားတိုက်မိုင်နှင့် သစ်တန် အတိုး/အလျှော့ ရှိနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး (အနောက်)၊ သစ်ထုတ်ရေးဒေသအသီးသီး၏ တောထုတ်/ကားတိုက်ပို့ဆောင်ခြင်းအတွက် ၂၀၂၀-၂၀၂၁ ခုနှစ် သစ်ထုတ်ရာသီ ထွက်ရှိလာမည့် သစ်များကို အငှားကားဖြင့် သယ်ယူပို့ဆောင်ခြင်းအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ သာမန်အသုံးစရိတ်ဖြင့် ဝန်ဆောင်မှုရယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot.NO | ခရီးစဉ် | | သစ်တန် | မှတ်ချက် |
|---|---|---|---|---|---|
| | | မှ | သို့ | | |
| ၁။ | Lot. 1/HML | မှိုတောက်ကြိုးဝိုင်းအကွက်(W) | လောင်းမင်း | ၈၀၀၀ | တောထုတ်/ကားတိုက် |
| ၂။ | Lot-2/HML | နန်ထိန်ကွက်းကြိုးပြင်ခုတ်ကွက်ကြီး-XIII F | လောင်းမင်း | ၉၀၀၀ | ။ |
| ၃။ | Lot -3/MLN | သောင်ဒွတ်ကြိုးဝိုင်း ၁၅၉၊ ၁၆၀ ၁၆၁၊ ၁၆၂ | ကုက္ကိုချောင်း | ၇၀၀၀ | ။ |
| ၄။ | Lot-4/MLN | နန်ထိန်ကွင်းတိုးချဲ့ကြိုးဝိုင်း ၂၊ ၃၊ ၄ နန့်ဖယ်ကြိုးဝိုင်း ၁၀၂ | အင်းဒေါင့်စွယ် | ၈၀၀၀ | ။ |
| ၅။ | Lot-5/MLE | စန္ဒားကြိုးဝိုင်း-၉၃ | အင်းဒေါင့်စွယ် | ၅၀၀၀ | ။ |
| ၆။ | Lot-6/MLE | စန္ဒားကြိုးပြင် III $C_1$, $C_2$, $C_3$ | အင်းဒေါင့်စွယ် | ၅၀၀၀ | ။ |
| ၇။ | Lot -7/MLE | နန်းဘုန်းကြိုးပြင် နန်းဘုန်းကြိုးဝိုင်း-၂၆ | အင်းဒေါင့်စွယ် | ၈၀၀၀ | ။ |
| ၈။ | Lot-8/MLE | မော်တုံကြီးကြိုးဝိုင်း $F_1$,$F_2$ | ပန်းသာ | ၆၅၅၀ | ။ |
| | | | | ၅၆၅၅၀ | |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၈-၉-၂၀၂၀ ရက်မှ ၁၉-၁၀-၂၀၂၀ ရက်ထိ
(ခ) တင်ဒါပိတ်မည့်ရက် - ၂၀-၁၀-၂၀၂၀ ရက်
(ဂ) တင်ဒါဖွင့်မည့်ရက် - ၂၂-၁၀-၂၀၂၀ ရက်၊ နံနက် (၁၀:၀၀) နာရီ
(ဃ) လျှောက်လွှာရောင်းချမည့်နေရာ - မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး (အနောက်) ဒုတိယအထွေထွေမန်နေဂျာရုံး၊ မုံရွာမြို့

၃။ "လ" အလိုက် သယ်ယူပို့ဆောင်ရမည့် သစ်တန်ပမာဏနှင့် တင်ဒါစည်းကမ်းချက်များအား တင်ဒါလျှောက်လွှာဝယ်ယူမည့်နေရာတွင် တစ်ပါတည်း ထုတ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက

(က) မြန်မာ့သစ်လုပ်ငန်းဝက်ဆိုဒ် - www.mte.com.mm
(ခ) ဒုတိယအထွေထွေမန်နေဂျာ စစ်ကိုင်းတိုင်းဒေသကြီး (အနောက်)၊ မုံရွာမြို့ - ဖုန်း-၀၉-၅၀၁၂၇၄၉
(ဂ) မန်နေဂျာ (အုပ်ချုပ်ရေး/စီမံကိန်း) စစ်ကိုင်းတိုင်းဒေသကြီး (အနောက်)၊ မုံရွာမြို့ - ဖုန်း-၀၉- ၅၀၂၁၃၆၂
(ဃ) လက်ထောက်မန်နေဂျာ (ရုံး) စစ်ကိုင်းတိုင်းဒေသကြီး(အနောက်)၊ မုံရွာမြို့ - ဖုန်း-၀၉-၂၆၂၈၇၆၀၈၆

၅။ သစ်ထုတ်ရေး၏ တောတွင်းလုပ်ငန်းသဘာဝအရ Lot (၁) ခုချင်းစီအတွက် ကားတိုက် မိုင်နှင့် သစ်တန် အတိုး/အလျှော့ ရှိနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်(၁/ဥတ္တရသီရိမြောက်ရပ်)၊ မြေကွက်အမှတ်(ဥ-၇၃၂၂)၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၃၀)အငှား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ သဇင်(၃)လမ်း၊ ၁/ဥတ္တရသီရိမြောက်ရပ်၊ အမှတ်(ဥ-၇၃၂၂)ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်သီရိကျော်စိုး[၁၃/တခလ(နိုင်)၀၃၄၉၂၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးကောင်းမြတ်ဖြိုး [၁၄/လပတ(နိုင်)၁၄၈၈၇၀]၊ ဒေါ်ရွှေရည်ဝင်းလှဲ့အောင် [၈/မကန(နိုင်)၁၆၁၇၅၃]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကောင်းမြတ်ဖြိုး၊ ဒေါ်ရွှေရည်ဝင်းလှဲ့အောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၇၆၂၂)**
**Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## "အိမ်မှာနေရင်း အင်္ဂလိပ်စာ သင်နိုင်/တတ်နိုင်ပြီ"

မိမိတို့အိမ်မှာပဲနေပြီး တန်ဖိုးရှိသော အင်္ဂလိပ်သဒ္ဒါ(ဂရမ္မာ)ကို သင်ယူနိုင်သော "လမ်းညွှန် အင်္ဂလိပ်သဒ္ဒါ စာပေးစာယူသင်တန်း " ဖွင့်ပြီ။ အစိုးရ စာပေစိစစ်ရေးရုံး၏ တရားဝင်ခွင့်ပြုချက်ဖြင့်ထုတ်ဝေထားသော စာအုပ်ဖြင့်သာ သင်သည်။ ၎င်းစာအုပ်ပါ တရားဝင်အင်္ဂလိပ်စာကိုသာ စာပို့၍ သင်သည်။ ကျောင်းသင် ပညာရေး မဟုတ်ပါ။ ပြင်ပဗဟုသုတ အဖိုးတန်ပညာပါ။

၁၀-တန်းအောင်ပြီးသူများ၊ ကောလိပ်၊ တက္ကသိုလ်များမှ ဘွဲ့ကြိုများ၊ ထို့ပြင် ဘွဲ့ရများ၊ သက်ကြီး ပညာရေးသမားများ စာပို့၍ လမ်းညွှန်တောင်းပါ။ အခမဲ့ ပို့ပေးသည်။ ကြိုက်မှ ထပ်ဆက်သင်ပါရန်။

**စာပို့ရန်မှာ- လမ်းညွှန် အင်္ဂလိပ်သဒ္ဒါစာပေးစာယူသင်တန်း**
**အမှတ်- ၇၅၈၊ သုဇာတာ (၁၁)လမ်း (အထက-၄၊ အနီး)**
**(၂ )ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-09-8650499,09-421003611,09-254073318,09-954073318**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော **"မြင့်မြတ်သိန်း-၅၁၁"**အမည်ရှိ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင် ငါးဖမ်းရေယာဉ်**(ရေယာဉ်မှတ်ပုံတင်အမှတ်၊ FMD/0004/15)** ရေယာဉ်၏တန်ချိန် -၅၃.၁၁အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးမြင့်စိုး [၆/ထဝန(နိုင်)၀၆၁၅၁၁]အမည်မှ ဦးရဲစိုး[၆/ကသန(နိုင်)၁၂၄၂၅၅]အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲပေးပါရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့ လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော **"မြတ်လှသိန်း"** အမည်ရှိ မြိတ်ခရိုင်ငါးဖမ်းရေယာဉ်**(ရေယာဉ်မှတ်ပုံတင်အမှတ်၊ FMD/0234/16)** ရေယာဉ်၏ တန်ချိန် -၁၇.၉၄အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးဝေမိုး [၆/မမန(နိုင်)၁၁၃၉၃၂]အမည်မှ ဒေါ်စိုးစိုးမာ[၆/ကသန(နိုင်)၀၃၇၂၅၈]အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့ လိပ်မူ၍ ရက်ပေါင်း (၃၀) အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော **"ပြည့်ဖြိုးမောင်-၉၉၉"** အမည်ရှိ ကော့သောင်းခရိုင်နှင့် မြိတ်ခရိုင် ငါးသယ်ရေယာဉ်**(ရေယာဉ်မှတ်ပုံတင်အမှတ်၊ KD/0015/16)** ရေယာဉ်၏တန်ချိန်-၃၃.၄၇အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးခင်မောင်ဦး[၆/ကသန(နိုင်)၀၄၁၈၁၆]အမည်မှ ဦးဖြိုးမောင်မောင် [၆/ကသန(နိုင်)၀၅၈၂၆၂]အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင် အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀) အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော **"ပြည့်ဖြိုးလှိုင်-၇"**အမည်ရှိ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင် ငါးသယ်ရေယာဉ်**(ရေယာဉ်မှတ်ပုံတင်အမှတ်၊ MD/0015/13)** ရေယာဉ်၏တန်ချိန်-၄၂.၀၇အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးပြည့်ဖြိုး [၆/ကစန(နိုင်)၀၇၂၉၆၂]အမည်မှ ဦးရဲစိုး[၆/ကသန(နိုင်)၁၂၄၂၅၅]အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့ လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၅၄၆)၊ (အလျားပေ ၄၀xအနံပေ၆၀)ရှိ နှစ်(၆၀)ဂရန် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဗိုလ်မှူးသန်းအောင်(ဘ)ဦးတင်ညွှန့်[၁၂/ရကန(နိုင်)၀၁၅၆၈၂] အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ အဆိုပါမြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း (အလျားပေ ၂၀xအနံပေ ၆၀)ရှိ အမှတ်(၅၄၆/B)၊ စိန်ရိုင်းလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် အိမ်၊ ခြံ၊ မြေကွက်ကို အမည်ပေါက်သူ ဗိုလ်မှူးသန်းအောင်ထံမှ အဆင့်ဆင့် တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားရှိသူ ဒေါ်အေးအေးမူ[၁၂/သဃက(နိုင်)၀၂၃၇၈၁] ထံမှ ဦးတင်ထွန်းအောင်[၁၂/ဒဂမ(နိုင်)၀၀၂၅၂၄]က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်၊ ခြံ၊ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်မူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ထွန်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၉၆၅၁၈၁၈၂၀**

ထာဝရ
ကုသိုလ်
ရယူဖို့
သစ်ပင်
စိုက်ပျိုး
ထိန်းသိမ်း
စို့

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်- (၉၅/အေ)တွင် တည်ရှိသော **VILLAGE LINK COMPANY LIMITED** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်များအဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

Village Link
(၄/၆၇၅၄/၂၀၂၀)

ထွက်တိုး
(၄/၆၇၅၅/၂၀၂၀)

VLSS
Village Link Satellite Services
(၄/၆၇၅၆/၂၀၂၀)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ပြုလုပ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်သက်ဆိုင်သည့်ကိစ္စရပ်များအား နည်းပညာဖြင့်သတင်းဖြန့်ဝေပေးခြင်း၊ တောင်သူလယ်သမားများအား သတင်းအချက်အလက်၊ စိုက်ပျိုးရေးထုတ်ကုန်နှင့် ဝန်ဆောင်မှုများအားသတင်းဖြန့်ဝေပေးခြင်း၊ဂြိုဟ်တုမှတစ်ဆင့် စိုက်ပျိုးရေးအချက်အလက်များအား ဆော့ဖ်ဝဲနည်းပညာဖြင့် ဖြန့်ဝေပေးခြင်း စသည့်လုပ်ငန်းများအပါအဝင် အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းအမျိုးအစား သတ်မှတ်ချက်(၁)တွင် ပါဝင်သော အရွက်ဖျန်းမြေဩဇာ အရည်/အမှုန့်၊ ကွန်ပေါင်းမြေဩဇာ၊ သဘာဝမြေဩဇာနှင့် မြေဩဇာအမျိုးမျိုး၊ သတ်မှတ်ချက်(၅)တွင် ပါဝင်သော အင်းဆက်သတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ အပင်ဟိုမုန်းဆေး၊ ခြင်ဆေးခွေနှင့် ခြင်ဆေးရည်အမျိုးမျိုး၊ သတ်မှတ်ချက်(၃၁)တွင်ပါဝင်သော မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုအမျိုးအစား သတ်မှတ်ချက်(၃၅)တွင် ပါဝင်သော ကြော်ငြာခြင်း၊ စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုများ၊ စီးပွားရေးဆိုင်ရာ အုပ်ချုပ်ရေးလုပ်ငန်းများ၊ ရုံးလုပ်ငန်းဆောင်တာများ၊ သတ်မှတ်ချက်(၄၁)တွင် ပါဝင်သော ပညာရေး၊ သင်တန်းပေးခြင်း၊ သတ်မှတ်ချက်(၄၂)တွင် ပါဝင်သော သိပ္ပံနှင့် နည်းပညာဝန်ဆောင်မှုလုပ်ငန်း၊ သုတေသနလုပ်ငန်းများနှင့် သတ်မှတ်ချက်(၄၄)တွင် ပါဝင်သော စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင်လည်းကောင်း အသုံးပြုလျက်ရှိပါသည်။

မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်များကို **VILLAGE LINK COMPANY LIMITED** ၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲ ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ခိုင်ဦး *LL.M* အထက်တန်းရှေ့နေ (စဉ်-၄၅၉၀၅)
အခန်း- ၃၀၄၊ တတိယထပ်၊ အမှတ်- ၅၆၇၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၆၃၁၈၊ ၀၉ ၅၀၉၅၄၆၅

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၄/၂၀၂၀)

၁။ ယခင်မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ခနိတောရှိ နှစ်ကာလကြာစတိုပစ္စည်း စုစုပေါင်း(၇,၉၈၅)မျိုးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် တင်ဒါစာအိတ်များကို ၁၃-၁၀-၂၀၂၀ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အုပ်စုအမှတ် | တည်နေရာ |
|---|---|---|---|
| ၁ | မော်တော်ယာဉ်/ပန့်/Bowser/Transformer/Air Compressor အပိုပစ္စည်းများနှင့် လုပ်ငန်းသုံးစက်ကိရိယာတန်ဆာပလာများ (၃၉၁၇)မျိုး | Lot(1) | ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က) အဆင့်၊ ခနိတော |
| ၂ | ပိုက်/လျှပ်စစ်/မီးသတ်စက်/ဒီဇယ်အင်ဂျင်/လေယာဉ်ဆီသုံးစက်ကိရိယာအပိုပစ္စည်းများ(၃၉၀၃)မျိုး | Lot(2) | ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က) အဆင့်၊ ခနိတော |
| ၃ | လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ(၁၆၅)မျိုး | Lot(3) | ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က) အဆင့်၊ ခနိတော |

၂။ တင်ဒါပုံစံစည်းကမ်းချက်များကို ၁၈-၉-၂၀၂၀ရက်မှစတင်၍ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၁၀၇၉၅၊ ၀၉-၄၂၂၂၀၆၃၂၄၊ ၀၆၇-၃၄၁၁၄၉၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၉ / ၂၀၂၀-၂၀၂၁)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော် / ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | DMP/L-158(20-21) | Spares for CAT 3508 Water Pump Engine (57) Items | Ks |
| (ခ) | DMP/L-159(20-21) | Spares for Cooper Well Servicing Truck (1) Item | Ks |
| (ဂ) | DMP/L-160(20-21) | Spares for Dong Feng Nissan Tractor (62) Items | Ks |
| (ဃ) | DMP/L-161(20-21) | Spares for Reintjes Gearbox (WAF264L) Ex MTBN-5 River Craft (84) Items | Ks |
| (င) | DMP/L-162(20-21) | Spares for Hitachi Sumitomo Crane (44) Items | Ks |
| (စ) | DMP/L-163(20-21) | Spares for Grove (KT 530E-2) Crane (28) Items | Ks |
| (ဆ) | DMP/L-164(20-21) | Spares for SR-700L Kato Rough Terrain Crane (20) Items | Ks |
| (ဇ) | DMP/L-165(20-21) | Spares for Ingersoll Rand Air Compressor (43) Items | Ks |
| (ဈ) | DMP/L-166(20-21) | Spares for Caterpillar G3516C Generating Set Gas Engine (100) Items | Ks |
| (ည) | DMP/L-167(20-21) | Assorted Kinds of Shaker Screen and Shaker Accessories For Drilling Rigs (5) Groups | Ks |
| (ဋ) | DMP/L-168(20-21) | Spares for K 280 and PZG 7 Rig Pump (2) Groups | Ks |
| (ဌ) | DMP/L-169(20-21) | Assorted Diameters of API 5L Steel Line Pipes (2) Items | Ks |
| (ဍ) | DMP/L-170(20-21) | SJS SERVA (TPB600) CMTG Unit Spares & Cementing Accessories (5) Groups | Ks |
| (ဎ) | DMP/L-171(20-21) | Echometer Digital Well Analyzer, Wellbore Cleaning Tools, Fishing Tools for Tubing & Sucker Rod, Spares for T-8 Wilden Pump (4) Groups | Ks |
| (ဏ) | DMP/L-172(20-21) | Hand Tools for Production Testing & Well Servicing (1) Lot | Ks |
| (တ) | DMP/L-173(20-21) | Gas Control and Metering System (1) Lot | Ks |
| (ထ) | DMP/L-174(20-21) | Assorted Sizes of Hose Pipe (3) Groups | Ks |
| (ဒ) | DMP/L-175(20-21) | Kingdon Suite Soft Ware, Petrel Geophysics Core System, Seismic Design & Software (3) Items | Ks |
| (ဓ) | DMP/L-176(20-21) | ရေနံချောင်း-မကွေး ၂၀" သဘာဝဓာတ်ငွေ့ပိုက်လိုင်း သံချေးစားကာကွယ်မှုစနစ် (CP System) တပ်ဆင်ခြင်းလုပ်ငန်း | Ks |
| (န) | DMP/L-177(20-21) | ပြည်-မြန်အောင် ၁၀" သဘာဝဓာတ်ငွေ့ပိုက်လိုင်း သံချေးစားကာကွယ်မှုစနစ် (CP System) တပ်ဆင်ခြင်းလုပ်ငန်း | Ks |
| (ပ) | DMP/L-178(20-21) | နေပြည်တော်ဒေတာစင်တာနှင့်ဆက်စပ်သော သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှု စောင့်ကြပ်ထိန်းချုပ်သည့်ဗဟိုစနစ် (Central Control Integrated Monitoring System (CCIMS) အား Turn Key စနစ်ဖြင့် ဆောင်ရွက်ခြင်း | Ks |
| (ဖ) | DMP/L-179(20-21) | ရွာမပင်မသဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းအဆင့်မြှင့်တင်ခြင်း (System Upgrade, Inspection and Spares Requirements For Ywarma GDS) အား Turn Key စနစ်ဖြင့် ဆောင်ရွက်ခြင်း | Ks |
| (ဗ) | IFB-001(20-21) | Cement Additives (8) Items | US$ |
| (ဘ) | IFB-002(20-21) | Geological Scale Ruler, Geo X Discovery Package 1 User License Latest Version Includes, SQL Server 2019 Standard License (Server and Client) | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (www.moee.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို **(၁၅-၁၀-၂၀၂၀) ရက်နေ့ (၁၂:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းရီ(ခ) ဒေါက်တာမင်းနွယ်စိုး
## ကယားပြည်နယ် ကျန်းမာရေးမှူး(ငြိမ်း)

မွန်ပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး(ငြိမ်း)၊ မွန်ညီညွတ်ရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးထွန်းရီ(ခ)ဒေါက်တာမင်းနွယ်စိုးသည် ၁၄-၉-၂၀၂၀(တနင်္လာနေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊ မွန်ညီညွတ်ရေးပါတီ(ဗဟို)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စိန်တင့် (မော်လမြိုင်)
### အသက်(၉၃)နှစ်

သူငယ်ချင်း ကိုခင်မောင်ထွန်း၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်စိန်တင့် (မော်လမြိုင်) အသက်(၉၃)နှစ်သည် ၉-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၅၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**1979 (2nd Batch)**
**Metallurgy/R.C-2**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းရီ(ခ) ဒေါက်တာမင်းနွယ်စိုး
## ကယားပြည်နယ် ကျန်းမာရေးမှူး(ငြိမ်း)

မွန်ပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး(ငြိမ်း)၊ ဦးထွန်းရီ(ခ) ဒေါက်တာမင်းနွယ်စိုးသည် ၁၄-၉-၂၀၂၀ (တနင်္လာနေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မွန်စာပေနှင့်ယဉ်ကျေးမှုဆပ်ကော်မတီ**
**တက္ကသိုလ်များရန်ကုန်**
**မွန်ကျောင်းသား/ကျောင်းသူများ**

## လွမ်းဆွတ်သတိရခြင်း

ဦးသန်း B.A(E.Litt) ဒု-ညွှန်မှူး(ငြိမ်း)အိုးအိမ်ဦးစီးဌာန
(၁၇·၉·၂၀၀၇)-(၁၇·၉·၂၀၂၀) (၁၃)နှစ်ပြည့်
ဒေါက်တာဒေါ်ခင်သောင်းတင် M.B.B.S (Rgn)
(၂၂·၉·၁၉၆၃)-(၂၂·၉·၂၀၂၀) (၅၇)နှစ်ပြည့်
ကျေးဇူးကြီးမားမိဘနှစ်ပါးအား ရည်စူးပြုသမျှ ဒါန သီလ ကုသိုလ် ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါသည်။
မြင့်မြတ်သောဘုံ ဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ
မမေ့နိုင်တဲ့ ချစ်သောသားသမီးမြေးမြစ်တစ်စု

## ဝမ်းနည်းကြေကွဲခြင်း
## ရဲအုပ်ဝင်းသိန်း(ငြိမ်း)
### အသက်(၆၂)နှစ်

တပ်တွင်း ဒုရဲအုပ်လောင်းသင်တန်း အမှတ်စဉ် ၁၂/၈၈မှ ရဲအုပ်ဝင်းသိန်း(ငြိမ်း)သည် ၁၅-၉-၂၀၂၀ ရက်နေ့က ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တပ်တွင်း ဒုရဲအုပ်လောင်းသင်တန်း**
**အမှတ်စဉ် ၁၂/၈၈ မှ**
**သူငယ်ချင်းများ**

## စာရေးဆရာ၊ ကဗျာဆရာ မောင်ပန်းမွှေး
## ဝမ်းနည်းကြောင်း အမှတ်တရ

တိုင်းပြည်သို့ ကဗျာ၊ ဘာသာရေးစာပေများရေးသားပြုစုခဲ့သူ ဆရာ မောင်ပန်းမွှေးသည် ၁၅-၉-၂၀၂၀ ပြည့်နေ့တွင် နှလုံးရောဂါဖြင့် ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ပြောင်းရွှေ့သွားပါသည်။ မြန်မာစာပေလောကအတွက် အစားထိုးမရသော ဆုံးရှုံးမှုပါ။ ၁၀-၉-၂၀၂၀ ပြည့်နေ့က ဆရာ၏ ဆုံးမစကားများကို သတိရလျက်ပါ။

**တပည့်**
**တင်အောင် (စက်မှုတက္ကသိုလ်)**
**စာရေးဆရာကြီးဦးရန်အောင်၊ ဒေါ်သန်းသန်း၏ သား**
**ရန်အောင်စာပေ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဟာဂျီမုဟမ္မဆွာလေ့လ်(ခ) ဟာဂျီဦးဝင်းထွန်း
### (Future Home အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဥက္ကဋ္ဌ)
### အသက် (၆၆) နှစ်

မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (Federation of MLCA) မှ ဒုတိယဥက္ကဋ္ဌ **ဦးအောင်မြင့်** (ရတနာမြိုင်ဆောက်လုပ်ရေး) ၏ ခမည်းခမက်၊ အသင်းဝင် **ဦးကျော်စိန်ထွန်း(ခ)မော်စီ** (Future Home construction Co.,Ltd)နှင့် **ဦးချစ်ထွန်းဇော်** (ရွှေရတနာမြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)တို့၏ဖခင်၊ အသင်းဝင်**ဦးနိုင်ဝင်းအောင်** (ရတနာမြိုင်ဆောက် လုပ်ရေး) နှင့် **ဦးညက်လင်းဦး (Oleander Construction Group Public Co.,Ltd)**တို့၏ ဦးလေးဖြစ်သူ၊ လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ ကမာရွတ် ဘူတာရုံလမ်း၊ အမှတ် (၄၅) နေ **ဟာဂျီမုဟမ္မဒ်ဆွာလေ့လ် (ခ) ဟာဂျီဦးဝင်းထွန်း**သည် (၁၄-၉-၂၀၂၀) **ရက်နေ့ (တနင်္လာနေ့)**တွင် အလ္လာဟ်ရှင်မြတ်အမိန့်တော် ခံယူသွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗဟိုအမှုဆောင်ကော်မတီ**
**မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်**

## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ် လူသစ် ဘဝသစ်

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း၊
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များအထူး
ဈေးကောင်းပေးဝယ်သည်။
09-5089354
09-5180139

၁၉၃၃ခုနှစ် - သမားတော်ကြီး ဦးဘရှိန်စတင်တည်ထောင်သည်
ရွှေမန်းတောင်
အမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 007115(0619)
အကြောပြေ လိမ်းဆေးဆီ
လေဖြတ်၊ လေငန်း၊ ဒူးနာ၊ ခါးနာ၊ အဆစ်အမျက်နာကျင်ကိုက်ခဲခြင်း၊
ကျိုးပေါင်းတက်ခြင်းများအတွက် အစွမ်းထက် မြန်မာ့တိုင်းရင်းဆေး
ရွှေမန်းတောင်ဆေးဝါးစက်ရုံ - အမှတ်(၁၁၆၅ - ၆၆ - ၆၇)၊ စက်မှုလမ်းမကြီး၊ (၆၃)ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုံ(၂)၊ ရန်ကုန်မြို့။ ဖုန်း(၀၁)၅၉၀၀၁၃၄
ရွှေမန်းတောင်တိုင်းရင်းဆေးဝါးဖြန့်ချိရေး - အမှတ်(၁၀၂)၊ ၃၈လမ်း၊ ရန်ကုန်မြို့။ ဖုန်း - (၀၁)၃၇၆၈၀၈၊ ၅၄၉၀၄၂(Res:)၊ ၀၉ - ၈၅၉၈၄၅၃

## မတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်းကြေညာခြင်း

ကျွန်တော်များ National Golf Range (Myanmar) Limited (Company Registration No.113835478)၏ ထည့်ဝင်ထားသော မတည်ငွေရင်းကို လျှော့ချရန်အတွက် ဒါရိုက်တာများနှင့် အစုရှယ်ယာရှင်များက အထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**National Golf Range (Myanmar) Limited**
**ဖုန်း-09-5052647**

## မတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်းကြေညာခြင်း

ကျွန်တော်များ K Automotive & Electronic Company Limited (Company Registration No.120174746)၏ ထည့်ဝင်ထားသော မတည်ငွေရင်းကို လျှော့ချရန်အတွက် ဒါရိုက်တာများနှင့် အစုရှယ်ယာရှင်များက အထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**K Automotive & Electronic Company Limited**
**ဖုန်း-09-5052647**

## မတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်းကြေညာခြင်း

ကျွန်တော်များ Power Machinery Company Limited (Company Registration No.114558222)၏ ထည့်ဝင်ထားသော မတည်ငွေရင်းကို လျှော့ချရန်အတွက် ဒါရိုက်တာများနှင့် အစုရှယ်ယာရှင်များက အထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Power Machinery Company Limited**
**ဖုန်း-09-5052647**

## မတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော်များ Asian Princess Company Limited (Company Registration No.111621691)၏ ထည့်ဝင်ထားသော မတည်ငွေရင်းကို လျှော့ချရန်အတွက် ဒါရိုက်တာများနှင့် အစုရှယ်ယာရှင်များက အထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Asian Princess Company Limited**
**ဖုန်း-09-5052647**

ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

**အမြန်ရောင်းမည်**

ဗဟန်း၊ ရွှေဂုံတိုင်တာဝါ၊ တိုက် A၊ အခန်းပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ သိန်း ၁၃၅၀ (ညှိနှိုင်း) အကျိုးဆောင်လို 1MB,2B, 3AC,.

**ကြိုးဖုန်း-၀၉-၇၇၁၃၂၆၉၈၆**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်နန်းထားထားလွင်
**အသက် (၈၂)နှစ်**

ရန်ကုန်မြို့၊ အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ (၃၅)နေ ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဒုရဲမှူးကြီး စိုင်းအောင်မင်း (ငြိမ်း)၏ ဇနီး ဒေါ်နန်းထားထားလွင်သည် ၁၄-၉-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းရွှေနှင့်သားများ**
**သဘော်ာဆေးရောင်းဝယ်ရေး(ဗဟန်း)**
**ကိုစိန်ငွေး-မစန်းဝင်း မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်နန်းထားထားလွင်
**အသက် (၈၂)နှစ်**

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ၊ ဒုရဲမှူးကြီး စိုင်းအောင်မင်း (ငြိမ်း) ၏ ဇနီး ဒေါ်နန်းထားထားလွင်သည် ၁၄-၉-၂၀၂၀ ရက်နေ့တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးဝင်း (ရဲချုပ်-ငြိမ်း)နှင့် ဇနီး ဒေါ်ခင်ခင်အုန်း**

## မောင်ဟိန်းထက်အောင်
**အသက် (၂၃)နှစ်**

**B.A (Philosophy)**

**Second Year Computer (Business IT) NCC Education**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ အမှတ် (၁၁/A)နေ ဦးခင်မောင်ကြည်-ဒေါ်ခင်ခင်အောင်တို့၏ ချစ်လှစွာသောသားငယ်၊ မခြိမ့်သဲဦး၏မောင် မောင်ဟိန်းထက်အောင်သည် ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၂၀ (သောကြာနေ့)တွင် ထိန်ပင်သုသာန်၌ ကောင်းမွန်စွာ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသူငယ်ချင်းများအားလုံးအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲကြောင်း

တပ်တွင်း ဒုရဲအုပ်လောင်းသင်တန်း အမှတ်စဉ် ၁၂/၈၈ မှ ဦးသိန်းဝင်း(KTV) အသက် (၆၁)နှစ်သည် ၁၃-၉-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တပ်တွင်း ဒုရဲအုပ်လောင်းသင်တန်း အမှတ်စဉ် ၁၂/၈၈ မှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးလှမြင့် (ဆရာမောင်ပန်းမွေး)
BA(Hons), MA

မဟာသဒ္ဓမ္မဇောတိကဓဇ

**အသက် (၈၁)နှစ်**

ရန်ကုန်တက္ကသိုလ်၊မြန်မာစာဌာန၏ သက်ကြီးအပူဇော်ခံ ဆရာကြီး ဦးလှမြင့် (ကဗျာဆရာ မောင်ပန်းမွေး)သည် ၁၅-၉-၂၀၂၀ ရက်နေ့က ကွယ်လွန်အနိစ္စရောက်ရှိကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူ အထူးကြေကွဲဝမ်းနည်းရပါသည်။

**မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ကြည်
**အသက်(၈၀)**

တေဇ(၂၃) မှ သူငယ်ချင်း မျိုးဇော်မြင့်၏ မိခင်ဖြစ်သူ ဒေါ်ခင်ကြည် အသက်(၈၀)နှစ်သည် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် (၉၆)ပါး ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၃) မှ သူငယ်ချင်းမိသားစုများ**

# မောင်နှမလကြာအိုင်လင်း
# (၁၂) နှစ်ပြည့်အလွမ်း
## Sept 17, 2020
## (12th memorial anniversary of Baby Emmanuel)

Our beloved baby Emmanuel,
Motion of time seems unstoppable,
By now, you would be our beloved teenage girl,
Inspiring, charming and adorable.

Within the arc of eternity,
What is this momentary separation?
Since our future reunion is full of certainty,
What is this momentary divergence in destination?

In the arm of our Lord Jesus Christ,
We know you are loved, cherished, and home forever.
In the presence of His saints and Holy angels,
We know you with your eternal family forever.

O how we miss you dearly and daily,
The motion of time only makes our longing stronger
O how we miss your laughter constantly,
The motion of time only makes our memory blurrier,

Our longing for you fueled our hope,
Our longing for you fueled our purpose,
O our beloved Emmanuel, soon we will be with Christ together,
Lifting our hands, knitting our hearts eternally together.

**PaPa, NuNu and KoKo**

ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့် (ခ) ဒေါ်ညွန့်ကြည် (ဓနုအသင်း)

(ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်)

**အသက်(၇၄) နှစ်**

ကလောမြို့နေ (ဦးဖြူ-ဒေါ်ရီ)တို့၏သမီး၊ ထောက်ကြန့်မြို့နေ (ဦးချစ်စိန်-ဒေါ်သန်းစိန်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ်(၅၉)နေ (ဦးဝင်းသန်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်မိမိခိုင်၊ ဗိုလ်မှူးကြီးတင်မောင်လတ်(ငြိမ်း)-ဒေါ်စန္ဒာခိုင်၊ ဦးစိုးကျော်သူ-ဒေါ်တင်ဥမ္မာလွင်တို့၏ ချစ်လှစွာသောမိခင်၊ မစိုးရတနာဝင်း (တတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၊ မောင်ဝင်းဘုန်းထွဋ်မောင်(တက္ကသိုလ်ဝင်တန်း)၊ မဖူးမြတ်နေခြည်ကျော်ဝင်း (Grade-11၊ အထက-၂၊ ကမာရွတ်)၊ မမိုးပွင့်ဟေသီကျော်ဝင်း (Grade-4၊ အထက-၂၊ ကမာရွတ်)၊ မမြတ်မှူးဟေသီကျော်ဝင်း (Grade-4၊ အထက-၂၊ ကမာရွတ်)၊ မောင်မင်းရဲဘုန်းဝင်းမောင် (Grade-4၊ အထက-၂၊ ကမာရွတ်)တို့၏ ချစ်လှစွာသောဘွားဘွား ဒေါ်ညွန့်ညွန့်(ခ)ဒေါ်ညွန့်ကြည်သည် ၁၃-၉-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် ARYU International ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၅-၉-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၉-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

သျှရီဟီရာပရာဆပ်ဘားမား (၉၆)နှစ်

Shri Hira Prasad Verma *(Sahitya Ratana)*

ဖြူးမြို့နယ်၊ဇေယျာဝတီမြို့ ဂျေပူရ် အထက်တန်းကျောင်း၏ ရုံးအုပ်ကြီးဟောင်း၊ ဇေယျာဝတီမြို့ မဟာတ္တမဂန္ဓီ ဘုရားရှိခိုးကျောင်း၏ဥက္ကဌ သျှရီဟီရာ ပရာဆပ်ဘားမားသည် ဇေယျာဝတီမြို့ရှိနေအိမ်၌ ၂၀၂၀ခုစက်တင်ဘာလ(၁၁)ရက်နေ့တွင် ကွယ်လွန်သွားပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မဟာတ္တမဂန္ဓီဘုရားရှိခိုးကျောင်းကော်မတီ
ဇေယျာဝတီမြို့

---

## ဒေါ်အေးအေးမာ

**အသက် (၅၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ တိုက်အမှတ် (500-A/1)၊ မြေညီထပ်နေ (ဦးလှတင်)-ဒေါ်နုနုဝင်းတို့၏ သမီး၊ (ပန်းချီဆရာကြီး ဦးချစ်မြ-ဒေါ်မြရွှေ)တို့၏ သမီးချွေးမ၊ ဦးထွန်းထွန်းဝင်း၊ ဒေါ်ကြူကြူမာ၊ ဒေါ်ငုဝါ၊ ဒေါ်သောင်းသောင်း၊ ဒေါ်ယင်းမာ၊ ဦးဖိုးသစ်တို့၏ အစ်မ၊ (ဦးထွန်းအောင်)-ဒေါ်မြင့်မြင့်သိန်း၊ ဦးတင်မောင်သန်း-ဒေါ်ငြိမ်းငြိမ်း၊ ဦးမျိုးဟိမ်း-ဒေါ်မြင့်မြင့်သစ်တို့၏ သမီးယောက်မ၊ ကိုအောင်ဇေယျ၊ ကိုအောင်ရဲမင်း၊ မခိုင်ဆုဝေတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မောင်ရဲခန့်သော်၊ မသင်းရနံ့၊ မောင်ခေတ်တည်ငြိမ်တို့၏ အဘွား၊ [ဦးကျော်ညိမ်း(ခ)ဦးကျော်ဌေး]၏ ချစ်ဇနီး သည် ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၈-၉-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဥ တု ရာ သီ တော ကို မှီ ၏**

---

ဘုရား၊ ကျောင်း၊ အလှူဒါယကာကြီး

## ဦးကေဝမ်စွိ(ပျဉ်းမနား)

ရွှေဝါဆန်ဆိုင်

**အသက် (၉၇)နှစ်**

နေပြည်တော်၊ ပျဉ်းမနားမြို့နေ (ဦးဟင်းနား-ဒေါ်မေလျှံ)တို့၏ သားကြီး၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ (၁/၈၁-၈၂)နေ [ဒေါ်ခင်ရီ(ခ)ဒေါ်လင့်တီ]၏ ချစ်လှစွာသောခင်ပွန်း၊ ပျဉ်းမနားမြို့နေ ဦးမြင့်အောင်(ခ)ကိုဒူးမဲ-ဒေါ်သန်းသန်းရီ၊ တောင်ငူမြို့နေ ဒေါ်တင်တင်ဌေး-ဦးအောင်ငွေ၊ ပျဉ်းမနားမြို့နေ ဒေါ်စပါယ်၊ ဒေါ်ခင်အေး၊ ဒေါ်စန်းတင့်၊ ရန်ကုန်မြို့နေ ဒေါ်စန်းညွန့်-ဦးစိန်မင်း၊ ပျဉ်းမနားမြို့နေ ဦးဇော်မိုး-ဒေါ်သင်းသင်းနိုင်၊ (ဦးထွန်းထွန်းအောင်)-ဒေါ်ဥမ္မာသန်း၊ ရန်ကုန်မြို့နေ ဒေါ်သင်းသင်းလတ်၊ (ဦးစန်းလှိုင်)၊ ပျဉ်းမနားမြို့နေ ဦးအောင်ဇော်ဦး-ဒေါ်မြင့်မြင့်အေး၊ ရန်ကုန်မြို့နေ ဦးငယ်ငယ်အောင်-ဒေါ်နီနီခိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၇ ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘိုးသည် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေ သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကျေးဇူးတင်လွှာ

**ခရစ်တော်၌အိပ်ပျော်သွားခြင်း**

## ဒေါ်နန်းထားထားလွင်

**အသက် (၈၂)နှစ်**

၁၄-၉-၂၀၂၀ (တနင်္လာနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားသော ဒေါ်နန်းထားထားလွင် နာမကျန်းဖြစ်စဉ်က အထူးကြပ်မတ်ကုသ စောင့်ရှောက်ပေးပါသော ပင်လုံဆေးရုံမှ သမားတော်ကြီးများနှင့် ဆရာဝန်၊ ဆရာမများ၊ နေ့ရှင်နယ် နှလုံးနှင့် အဆုတ်ရောဂါအထူးကုဆေးခန်း ပါမောက္ခ ဒေါက်တာ ဦးမြင့်စိုးဝင်းနှင့် လာရောက်ကြည့်ရှုခဲ့သော မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ရဲချုပ်စိုးဝင်း(ငြိမ်း) မိသားစုမှ လိုအပ်သည်များ ကူညီပံ့ပိုးပေးခြင်းနှင့် လာရောက်သတင်းမေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် နာရေးသို့လိုက်ပါပို့ဆောင်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟအားလုံး၊ လွမ်းသူ့ပန်းခြင်းများ၊ လှူဖွယ်ပစ္စည်းများ ပေးပို့ကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းနှင့်တကွ သတင်းစာများတွင် ဝမ်းနည်းကြေကွဲကြောင်း ကြော်ငြာများထည့်သွင်းပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**
**ဒုတိယရဲမှူးကြီး စိုင်းအောင်မင်း(ငြိမ်း)**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း**
**ရန်ကုန်တိုင်းဒေသကြီး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

မဟာသဒ္ဓမ္မဇောတိကဓဇ ဦးလှမြင့် (ကဗျာဆရာကြီး မောင်ပန်းမွှေး)၊ အသက် (၈၁)နှစ်သည် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) နံနက် ၀၀:၀၅ နာရီတွင် နှလုံးရောဂါဖြင့် ရုပ်နှင့်နာမ် ကွဲကွာသွားပါသဖြင့် ဇေကမ္ဘာကုမ္ပဏီအတွက် အကြီးမားဆုံး ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပြီး အထူးဝမ်းနည်းကြေကွဲရပါသည်။

လွန်ခဲ့သော နှစ် ၂၀ မှစပြီး ဘာသာသာသနာအတွက် အတူလက်တွဲလုပ်ကိုင်ခဲ့ပြီး ကျိုက်ထီးရိုးစေတီတော်အပါအဝင် ဘုရားစေတီပေါင်းမြောက်မြားစွာ ပြုပြင် မွမ်းမံတည်ဆောက်ခြင်းနှင့် ထီးတော်တင်လှူခြင်း၊ ရှင်သာမဏေပေါင်းမြောက်မြားစွာကို သာသနာဘောင်သို့ သွတ်သွင်းခြင်း၊ သာသနိကအဆောက်အအုံပေါင်းမြောက်မြားစွာ တည်ဆောက်ခြင်းနှင့် Covid 19 ကာလအတွင်း နိုင်ငံအနှံ့အပြားရှိ သံဃာတော်များနှင့် သီလရှင်ကျောင်းပေါင်း ၁၀၀၀၀ ကျော်အတွက် ဆွမ်းကွမ်းလှူဒါန်းခြင်းအပါအဝင် လူမှုရေး၊ ဘာသာရေး ကိစ္စအဝဝတွင် ဝိုင်းဝန်းဆောင်ရွက်ခဲ့ပြီး သာသနာတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းကြောင်းများ ပြန်လည်ဖော်ထုတ်ပေးခဲ့သည့်အတွက် ဇေကမ္ဘာကုမ္ပဏီမှ အလွန်တန်ဖိုးမဖြတ်နိုင်အောင် ကျေးဇူးအထူးတင်ရှိပါသည်။

ဦးလှမြင့် (ကဗျာဆရာကြီး မောင်ပန်းမွှေး)သည် ၁၅-၉-၂၀၂၀ ရက်နေ့တွင် ရုပ်နှင့်နာမ် ကွဲကွာသွားသည့်အတွက် အတိုင်းအဆမရှိ ဆုံးရှုံးဝမ်းနည်းမှုကို ခံစားရပါသည်။ ရောက်လေရာဘဝတိုင်းမှာ ဘာသာ သာသနာအကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဝမ်းနည်းစွာဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဇေကမ္ဘာ ကုမ္ပဏီ မိသားစု**

## ဦးမောင်ဘန်းဖြူ
### အသက် (၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ တိုက်ကြီးကုန်းရပ်ကွက်၊ အမှတ် (၈၅၈) နေ (ဒေါ်ဝေအောင်မ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစံအေး-ဒေါ်ဦးဝေ၊ (ဦးသောင်းထွန်း)-ဒေါ်ခင်ဝင်းတို့၏ ချစ်လှစွာသောဖခင်၊ ဦးတင်အောင်အေး-ဒေါ်ဆွေသက်လှိုင်၊ ဦးတင်အောင်သန်း-ဒေါ်အေးအေးထွန်း၊ ဒေါ်တင်မာလွင်၊ ဦးထွန်းနိုင်ဝင်း၊ ဒေါ်ခင်မာထွန်း၊ ဒေါ်ချိုချိုသန်း၊ ဦးထွန်းထွန်းနိုင်-ဒေါ်နှင်းယုဝေ၊ ဦးဇော်ဇော်အောင်-ဒေါ်ချိုမြနွယ်တို့၏ ချစ်လှစွာသောအဘိုး၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်ကို ၁၈-၉-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်၌ ကောင်းမွန်စွာ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် ၂၂-၉-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ သန်လျင်မြို့၊ တိုက်ကြီးကုန်းရပ်ကွက်၊ အမှတ် (၈၅၈) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နှင်းမြိုင် (မော်လမြိုင်)
### အသက် (၉၃)နှစ်
### မဟာစည်ယောဂီ

မော်လမြိုင်မြို့၊ ပန်းပဲတန်းရပ်၊ အောက်လမ်းမကြီးနေ (ဦးအုန်းမောင်-ဒေါ်ငွေစိန်)တို့၏ သမီး၊ (ဦးကျင်စိန်-ဒေါ်အေးကြိုင်)၊ ဦးဌေးအောင်-ဒေါ်သန်းသန်းဆွေ၊ (ဦးနွယ်တင်)-ဒေါ်ဝင်းဝင်းတင်တို့၏ ညီမ/အစ်မငယ်၊ ဦးမျိုးဦး၊ ဦးကျော်မြင့်-ဒေါ်ဝါဝါနွယ်၊ ဒေါက်တာ မျိုးသိုက်၊ ဦးသန်းမင်းအောင်-ဒေါက်တာဒေါ်နီနီခိုင်၊ ဒေါ်သီတာအောင်၊ ဦးစိုးညွန့်အောင်-ဒေါ်ပွင့်မာထွန်း၊ ဒေါ်ဇင်ဆွေအောင်၊ ဒေါ်စုထွေးအောင်တို့၏ ချစ်လှစွာသောအဒေါ်၊ ကြီးကြီး၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏ချစ်လှစွာသော အဘွားငယ် ဒေါ်နှင်းမြိုင်သည် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁:၄၀ နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် (၃၇)၊ သတိပဋ္ဌာန်လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ စောင့်ရှောက်ကုသပေးကြသော အထူးကု ဆရာဝန်ကြီးများ၊ family doctors သူနာပြုဆရာမလေးများကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြမြ
### အသက် (၉၁)နှစ်

မန္တလေးမြို့အရေးပိုင် (ဦးကိုလေး-ဒေါ်ထိုက်ထိုက်)တို့၏ သမီးထွေး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင် (၄)လမ်း၊ အမှတ်(၅)၊ Dawn Condo၊ ပထမထပ်၊ အခန်း(၂)နေ (ဦးညီလေး-ဒေါ်တင်တင်)၊ [ဦးစိန်ဝင်း-ဒေါ်ညွန့်ညွန့်ရီ(ခ)ဒေါ်ခင်ခင်]၊ (ဦးမောင်မောင်)၊ (ဦးစိုးလွင်-ဒေါ်ခင်ခင်ဝင်း)၊ (ဦးသန်းဆိုင်-ဒေါ်ခင်ခင်လတ်)တို့၏ ညီမငယ်၊ Capt. ဦးကျော်မြင့်ထွန်း-(ဒေါ်ခင်မမလွင်) (UNDP)၊ ဒေါ်ခင်ကြည်ကြည်လွင် (ဦးစီးအရာရှိ၊ ကညန၊ ငြိမ်း)၊ [လက်ထောက်မန်နေဂျာ (CHDB)]၊ ဒေါ်ခင်ကြူကြူလွင် (လက်ထောက်အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)၊ (Chief Officer ဦးရဲလင်းထွန်း)-ဒေါ်အေးမာလာစိုး၊ (ဒေါ်ခင်လတ်လတ်သန်း)တို့၏ အဒေါ်သည် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၉-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးအလှူပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး

## ဦးချမ်းသာ
### အသက် (၆၉)နှစ်
### မြန်မာ့လေကြောင်း(ငြိမ်း)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၄၁/လိပ်ကန်လမ်းနေ (ဦးခင်မောင်-ဒေါ်ငွေယဉ်)တို့၏ သားထွေး၊ ကိုချိုဝင်းထွန်း-မဇာဇာထွန်း၊ (ကိုကျော်ဇေယျ)-မချိုလေးမာတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ မန္တလေးမြို့၊ (၄၂)လမ်း၊ (၇၈X၇၉)လမ်းနေ ဒေါ်တင်တင်ဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၄-၉-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် နေအိမ်မှ တောင်အင်း မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ဝင်း (SEVEN)
### A.B.M ကျောင်းသူဟောင်း
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ စပယ်လမ်း၊ အမှတ် (၁၄)နေ (ဦးထွန်းရှိန်-ဒေါ်အုန်းရီ) တို့၏ သမီး၊ ဦးစန်းဝင်း၏ဇနီး၊ ဦးကျော်ထင်စိုး-ဒေါ်ခင်မာသူတို့၏ မိခင်၊ မောင်ရှင်းသန့်အောင်၏ အဘွားသည် ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (Covid-19 ကန့်သတ်ကာလဖြစ်ပါ၍ ဖိတ်ကြားနိုင်ခြင်း မရှိပါသောကြောင့် အားလုံးအား သည်းခံခွင့်လွှတ် တောင်းပန်အပ်ပါသည်။)

ကျန်ရစ်သူမိသားစု

တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏

## ဦးစိန်တင်(မြိတ်)
### အသက် (၉၀)

(ဦးအာစန်း-ဒေါ်ရှင်မေ)တို့၏ သားကြီး၊ (ဦးစိန်ကြည်)၊ (ဒေါ်စိန်းဌေး)၊ ဦးစိန်ကင်း-ဒေါ်အင်ကြူ (မြိတ်)၊ ဦးစိန်လေး-ဒေါ်မေမျိုးလွင် (ရန်ကုန်)တို့၏ အစ်ကိုကြီး၊ (ဒေါ်ရှုဟုန်)၏ ခင်ပွန်း၊ Dr. ကျော်ခိုင်-ဒေါ်စိန်ထွေး၊ ဒေါ်စန်းစန်းအေး၊ ဦးသက်လွင်-ဒေါ်သန်းသန်းမြင့်(USA)၊ ဦးမြင့်သန်း-Dr. တင်တင်လတ်တို့၏ မွေးသဖခင်၊ မြေးသုံးယောက်၊ မြစ်သုံးယောက်တို့၏ အဘိုး ဦးစိန်တင်သည် ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ရှုဟုန်(မြိတ်)
### အသက် (၉၀)

(ဦးအဟောက်-ဒေါ်ကျင်ပွာ)တို့၏ သမီး၊ ဦးစိန်တင်၏ ချစ်လှစွာသောဇနီး၊ (ဦးတင်အေး)-ဒေါ်ရှုစင်(မော်လမြိုင်)၊ Dr.ရန်ရှင်း-ဒေါ်ဖူးယုံ (USA)၊ (ဦးစိုးဝင်း-ဒေါ်စောရီ)တို့၏ အစ်မ၊ Dr. ကျော်ခိုင်-ဒေါ်စိန်ထွေး၊ ဒေါ်စန်းစန်းအေး၊ ဦးသက်လွင်-ဒေါ်သန်းသန်းမြင့်(USA)၊ ဦးမြင့်သန်း-Dr. တင်တင်လတ်တို့၏ မွေးသမိခင်၊ မြေးသုံးယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀း၂၃ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ဖောင်ကြီးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ရှုကြူ (မြိတ်)
### အသက်(၈၇)နှစ်

မြိတ်မြို့၊ ဆိပ်ငယ်ရပ်နေ (ဦးဘိုးသင်-ဒေါ်ငွေစိန်)တို့၏ သမီး၊ (ဦးဘာဘာ-ဒေါ်ယဉ်မေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာမွန်(၇)လမ်း၊ ခြံအမှတ် (၁၁)နေ ဦးလှမြင့် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာနခွဲမှူး-ငြိမ်း)၏ ဇနီး၊ ကိုအောင်အောင်သွင်၊ ကိုညီညီသွင်-မချိုချိုအေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ၉၆ ပါးရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၂၀ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းဆောင်
### အသက် (၈၀)

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့ နယ်၊ သစ်လှကျေးရွာနေ (ဦးဖိုးခွေး-ဒေါ်ထွားစိန်)တို့၏ သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် (၂၀-A)၊ မြေညီထပ်နေ (ဒေါ်မြစိန်)၏ခင်ပွန်း၊ မခင်မာလွင် (၉၄-၉၅ ခုနှစ် ရန်ကုန်စီးပွားရေးတက္ကသိုလ်)၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး ဦးသန်းဆောင်သည် ၁၄-၉-၂၀၂၀ (တနင်္လာနေ့) ည ၈:၀၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးရီ
### (မြန်မာ့မီးရထား)
### အသက် (၈၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်မီးရထားရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် (၁၈၉)နေ (ဦးမောင်တိုး-ဒေါ်သန်းကြည်) တို့၏ သမီး၊ (ဒေါ်မြသိန်း)၏ ညီမ၊ (ဦးခင်မောင်ဝင်း)-ဒေါ်ခင်ဝင်းတို့၏အစ်မ၊ ဦးမင်းလွင်ဝင်း-ဒေါ်ခိုင်ခိုင်ဦး၊ ဦးရဲဝင်းထွန်း-ဒေါ်ဖြိုးနှင်းလဲ့ဝင်းတို့၏ အဒေါ် ဒေါ်အေးရီသည် ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသိန်းဝင်း
### [B.E-Civil), 81 Batch (R.I.T), P.E (Road) (0781)]
### အင်ဂျင်နီယာမှူးကြီး၊ နေပြည်တော်စည်ပင် (ငြိမ်း)၊ CE, MBD(ငြိမ်း)
### အသက် (၆၅)နှစ်

တောင်ငူမြို့နေ (ဦးထွန်းဝင်း-ဒေါ်မုန်း)တို့၏ သား၊ (ဦးမောင်ပု-ဒေါ်အုန်း) တို့၏ တူ/သား၊ (ဦးခင်မောင်-ဒေါ်တင်ပု)တို့၏ သားသမက်၊ ဦးဌေးဝင်း-ဒေါ်ညိုညိုထွန်း၊ ဦးဌေးနိုင်-ဒေါက်တာဥမ္မာမြင့် (ပါမောက္ခ၊ မြန်မာစာဌာန၊ ဟသ်ာတတက္ကသိုလ်)၊ ဦးကိုကိုနိုင်-ဒေါ်စန်းသီတာဌေး၊ (ဦးတင်ကိုကို)၊ ဒေါ်သန္တာခိုင်၊ ဦးမျိုးအောင်(ဦးစီးအရာရှိ ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်သန်းသန်းဝင်း(ငါးလုပ်ငန်း ဦးစီးဌာန)၊ ဒေါ်တင်တင်သန်း(ဟိုတယ်နှင့် ခရီး)တို့၏ အစ်ကို၊ ဒေါ်ထက်ဝေလွင် (ဒုဦးစီးမှူး၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ)၊ ဦးဟိန်းဝင်းထက် (ဦးစီးအရာရှိ-မြို့ပြ၊ တည်ဆောက်ရေးအဖွဲ့-၄၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်စန်းစန်းမြင့် (အလပြ၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၅-၉-၂၀၂၀ ရက် ညနေ ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးထွန်းသိန်း
### အသက် (၉၀)
### အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့မီးရထား

သည် ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခန့်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီခန့်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အနိစ္စ

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ထားထား
### အသက် (၈၆)နှစ်

တိုက် (၂၉)၊ အခန်း (၁၆) ဦးဝိစာရအိမ်ရာ၊ မင်းမနိုင်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးကောက်ဖြောင့်-ဒေါ်ငွေစိန်)တို့၏ သမီး၊ ဗိုလ်မှူးကြီးစိုးလွင်(ငြိမ်း)၏ ဇနီး၊ ဒေါ်ရီရီလွင်-ဦးခင်မောင်သန်း၊ ဒေါက်တာထွန်းလွင်-ဒေါ်မြမြဝင်း၊ ဒေါ်သီသီလွင်၊ ဦးဝင်းလွင် (မြို့နယ်မှူး၊ လဝက)-ဒေါ်မြင့်မြင့်ဝေ၊ (ဦးစန်းလွင်) တို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၁၆-၉-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၂၀ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်အောင်
### မြောင်းမြ
### အသက် (၈၃)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်စိန်)၏ ဇနီး၊ မြောင်းမြမြို့ (ဦးထွန်းဖေ-ဒေါ်စောရွှေ)တို့၏သမီး၊ ဦးအောင်ကျော်-ဒေါ်ခင်ငြိမ်းတို့၏ ညီမ၊ ဒေါ်တင်အောင်-ဦးတင်အောင်၊ ရန်ကုန်မြို့နေ ဦးဆန်းအောင်-ဒေါ်မြင့်မြင့်ကြည်တို့၏ အစ်မ၊ (ဦးသိန်းစိုး-ဒေါ်ခင်ထွေး)၊ ဦးစိုးဝင်း-ဒေါ်မြင့်မြင့်ဌေး၊ (ဦးမျိုးမင်း)၊ ဦးတင်နိုင်ထွန်း-ဒေါ်ဝါဝါခိုင်၊ မမြင့်မြင့်ယဉ်-ကိုအောင်ချိုမြင့်၊ မဝါဝါပြုံး-ကိုအောင်မြတ်ဦးတို့၏ မိခင်၊ မောင်ဘုန်းပြည့်တိုး၊ မသံသာစု၊ မောင်ကျော်နဒီယံ၊ မောင်ကျော်ရှင်းသန့်၊ မမိုးသီရိမြတ်၊ မောင်ပြည့်စုံတိုးတို့၏ အဘွားသည် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြတ်သူ
### အသက် (၅၁)နှစ်
### စာရင်းကိုင်(၁)၊ ဆည်/ရေ ဦးစီးဌာန
### တည်ဆောက်ရေး(၉)၊ စက်မှုလုပ်ငန်းရုံး
### ရန်ကုန်မြို့

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (၄၉)၊ ဦးချစ်မောင်လမ်းနေ ဦးမြင့်သိန်း-ဒေါ်သန်းသန်းတို့၏ သား၊ (ဦးရော်နီ-ဒေါ်တင်လှိုင်)တို့၏ သားသမက်၊ ဦးအောင်သူ၊ ဦးမင်းသူ-ဒေါ်ကေသီထွန်း၊ ဒေါ်နွယ်နွယ်ဝင်း (ရုံးအုပ်၊ ဖြည့်တင်းရေးဌာနခွဲ၊ နေပြည်တော်)တို့၏ ညီ/မောင်၊ ဦးထွန်းထွန်းပြည့်-ဒေါ်မေနှင်းလှိုင်တို့၏ အစ်ကို၊ ဒေါ်စန်းစန်းရီ (ရုံးအုပ်၊ စက်မှုတိုင်း-၁၊ ဆည်/ရေ ဦးစီးဌာန၊ ရန်ကုန်မြို့)၏ ခင်ပွန်း၊ မဆုစန္ဒီထိုက် (ရိုးမဘဏ်-ရုံးချုပ်)၊ မဆုမြတ်မွန်တို့၏ ဖခင်၊ တူ/တူမ ခြောက်ယောက်တို့၏ ဦးလေးသည် ၁၅-၉-၂၀၂၀ ရက် နံနက် ၅:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြတ်သူ
### အသက် (၅၁)နှစ်
### စာရင်းကိုင်(၁)၊ ဆည်/ရေ ဦးစီးဌာန
### တည်ဆောက်ရေး(၉)၊ စက်မှုလုပ်ငန်းရုံး
### ရန်ကုန်မြို့

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အမှတ် (၄၁/၅၆၃)၊ ဆင်းသိင်္ဂီလမ်းနေ (ဦးရော်နီ-ဒေါ်တင်လှိုင်)တို့၏ သားသမက်၊ (ဦးမြငြိမ်း-ဒေါ်ကြည်ကြည်မာ)၊ ဦးအေးဝင်း-ဒေါ်တင်တင်ရီတို့၏ ညီ/မောင်၊ ဗိုလ်မှူးကြီးစိုးမိုးကျော် (အရှေ့တောင်တိုင်းစစ်ဌာနချုပ်)-ဒေါ်နန်းယဉ်ယဉ်ဦးတို့၏ အစ်ကို၊ ဒေါ်စန်းစန်းရီ (ရုံးအုပ်၊ စက်မှုတိုင်း-၁၊ ဆည်/ရေဦးစီးဌာန၊ ရန်ကုန်မြို့)၏ ခင်ပွန်း၊ မဆုစန္ဒီထိုက် (ရိုးမဘဏ်-ရုံးချုပ်)၊ မဆုမြတ်မွန်တို့၏ ဖခင်၊ တူ/တူမ ခြောက်ယောက်တို့၏ ဦးလေး ဦးမြတ်သူသည် ၁၅-၉-၂၀၂၀ ရက် နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# စက်တင်ဘာ ၁၆ ရက် ည ၈ နာရီအထိ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာ ၃၈၂၁ ဦးနှင့် သေဆုံးသူ ၄၀ ရှိပြီ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၆-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀) နာရီအထိ**

၁။ (၁၆-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအတွင်း COVID-19 ဓာတ်ခွဲ စစ်ဆေးချက်များအရ-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၀၁၇)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၈၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၄၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၈၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၇၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၇) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၁၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တီးတိန်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု နှင့်

စုစုပေါင်း (၁,၉၅၆) ခုအား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈၅) ဦး တွေ့ရှိရပါသည်။

၂။ (၁၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃,၈၂၁) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များအနက် စုစုပေါင်း (၉၀၈) ဦးအား ဆေးရုံမှဆင်းခွင့် ပြုခဲ့ပြီးဖြစ်ပါသည်။

၄။ COVID-19 ကုသရေးဌာန (ဒဂုံဆိပ်ကမ်း)တွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက်(၇၃)နှစ်အရွယ် ကျောက်ကပ်ရောဂါအခံရှိသူ အမျိုးသမီး (Case-2645)သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်းပျက်စီးခြင်းဖြင့် (၁၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၁၅) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၅။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၄၀)ဦး ရှိပြီဖြစ်ပါသည်။

၆။ (၁၅-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၆-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၈၀) ဦးရှိပါသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✻

# လှိုင်သာယာမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာနေ ပြည်သူများအား ကျန်းမာရေးစစ်ဆေး ဆောင်ရွက်ပေးခြင်းကို အမှတ်(၁၅) ရပ်ကွက်အတွင်းရှိ ပြည်သူများအား ယနေ့နံနက် ၁၀ နာရီတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ ညွှန်ကြားချက်ဖြင့် ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။



လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ရပ်ကွက်(၉)ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၅)အုပ်စုရှိရာ အမှတ်(၁၅) ရပ်ကွက်အတွင်းရှိ ပြည်သူများကို လမ်းအလိုက် တစ်အိမ်တက်ဆင်း ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အပြင်ထွက်လျှင် နှာခေါင်းစည်းဝတ်ဆင်ပြီးမှ ထွက်ရန်နှင့် အပြင်မှပြန်လာလျှင် လက်ကို စနစ်တကျဆေးကြောရန်၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ နေထိုင်ကြရန် အသိပညာပေးခြင်း လုပ်ငန်းများကို ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်း၍ ကျန်းမာရေး စစ်ဆေး ဆောင်ရွက်ပေးခြင်းကို အိမ်တိုင်ရာရောက် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ပြန်/ဆက်)**

# ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များပါရှိ

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ တို့၏ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇၊ ၁၈ တို့တွင် ဖော်ပြထားပါသည်။

# ဗမာပြည်သူ့ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ နှင့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၁၆

**ဗမာပြည်သူ့ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** နှင့် **ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၇ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို** နှင့် **MRTV Facebook Page** တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၈ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar** သတင်းစာ တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

**သတင်းစဉ်**

# လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ရန်ကုန်ကို လေးဂိုးပြတ်သွင်းပြီး ခုနစ်ပွဲဆက်အနိုင်ရ

ရန်ကုန် စက်တင်ဘာ ၁၆

**၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ရပြီး ချန်ပီယံဆုကာကွယ်ရန် မျှော်လင့်ချက် ဆက်လက်ရှင်သန်ခဲ့သည်။**



ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်စဉ်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်အသင်းကိုလေးဂိုးပြတ်အနိုင်ရခဲ့သည်။ ပြိုင်ပွဲပြန်လည်စတင်ချိန်တွင် တစ်ပွဲထက်တစ်ပွဲ ကစားပုံပိုကောင်းလာသည့် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းသည် နာမည်ကြီး ရန်ကုန်အသင်းကို လေးဂိုးပြတ်သွင်းပြီး ခုနစ်ပွဲဆက် အနိုင်ရခဲ့သည်။

**ရှုံးပွဲကြုံတွေ့ခဲ့**

ရှမ်းယူနိုက်တက် အသင်းသည် ယခုနိုင်ပွဲကြောင့် ဇယားထိပ်ဆုံးမှ ရှေ့ဝတီနှင့် ဟံသာဝတီကို လေးမှတ်အကွာဖြင့် ဆက်လက်ဖိအားပေးလျက်ရှိသည်။ ရန်ကုန်အသင်းမှာမူ ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ချန်ပီယံ

စာမျက်နှာ ၂၁ ကော်လံ ၃ သို့ ۞

## ကြေးမုံ ယနေ့ ဖတ်စရာ


**တစ်လအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အသင့်ဖြစ်မည်ဟု သမ္မတထရမ့် အခိုင်အမာဆို**
စာမျက်နှာ » ၁၂

**အမေရိကန်၌ ကလေးငယ် ၅၅၀၀၀၀ နီးပါး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ**
စာမျက်နှာ » ၁၃